# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၇)၊ အမှတ် (၀၀၄)


### လွှတ်မြောက်အောင်အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏ အနှောင်အဖွဲ့မှ လွှတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သောစိတ်ကို ထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွှတ်မြောက်အောင် အားထုတ်ရာ၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၇)

## ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်သည့် အစည်းအဝေးကျင်းပခဲ့

# မြန်မာနိုင်ငံတွင် "လူမျိုးသုဉ်းသတ်ဖြတ်မှု" နှင့် "လူမျိုးစုလိုက်သုတ်သင်ရှင်းလင်းမှု" မရှိကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်က တုံ့ပြန်ပြောကြားခဲ့




နေပြည်တော် အောက်တိုဘာ ၃

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများသာမက အခြားကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ တက်ရောက်နားထောင်နိုင်သည့် (open chamber) အစည်းအဝေးတစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးကို လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ပြင်သစ်၊ ဗြိတိန်၊ အမေရိကန်နိုင်ငံနှင့် အမြဲတမ်းအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများဖြစ်ကြသော အီဂျစ်၊ ကာဇက်စတန်၊ ဆီနီဂေါလ်နှင့် ဆွီဒင်တို့၏ အဆိုပြုချက်အရ ကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးသို့ လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၅)နိုင်ငံအပြင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ တိုက်ရိုက်သက်ဆိုင်ပတ်သက်နေသည့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကိုလည်း ပါဝင်ဆွေးနွေးရန် ဖိတ်ကြားခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# နေရပ်စွန့်ခွာတိမ်းရှောင်သွားကြသည့် ဘင်္ဂါလီများအား ပြန်လည်လက်ခံရာတွင် ARSA အကြမ်းဖက်သောင်းကျန်းသူများ ပါရှိမလာစေရေး စနစ်တကျစိစစ်

ရန်ကုန် အောက်တိုဘာ ၃

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ရခိုင်ပြည်နယ်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်မြို့နယ်များတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်အမှတ် (၁၁/၂၀၁၇)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

**အဆိုပါ ထုတ်ပြန်ချက်တွင်-**

ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့သည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကွင်းဆင်းကြည့်ရှုလေ့လာခဲ့ပါသည်။

ထိုသို့သွားရောက်ရာတွင် ဘင်္ဂါလီရွာ ၅ ရွာ၊ တိုင်းရင်းသားရွာ ၇ ရွာ၊ ဟိန္ဒူရွာ ၁ ရွာတို့သို့လည်းကောင်း၊ ဒုက္ခသည်စခန်းများအနေဖြင့် ဘင်္ဂါလီစခန်း ၁ခု၊ တိုင်းရင်းသားစခန်း ၇ ခု၊ ဟိန္ဒူစခန်း ၂ ခု၊ ဘုန်းတော်ကြီးကျောင်း ၆ ကျောင်းတို့သို့လည်းကောင်း သွားရောက်၍ ဘင်္ဂါလီ ၇၁ ဦး၊ တိုင်းရင်းသား ၃၃ ဦး၊ ဟိန္ဒူဘာသာဝင် ၁၃ ဦးတို့အား လွတ်လပ်စွာ တွေ့ဆုံမေးမြန်းခဲ့သည့်အပြင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

တွေ့ဆုံမေးမြန်းချက်များအရ ARSA အကြမ်းဖက်သမားများသည် နယ်မြေအတွင်းရှိ လူငယ်များအား စည်းရုံးခြင်း၊ ခြိမ်းခြောက်သိမ်းသွင်းခြင်း၊ အကြမ်းဖက်တိုက်ခိုက်နည်းများ သင်ကြားလေ့ကျင့်ပေးခြင်း၊ ၎င်းတို့ စည်းရုံးမှုကို လက်မခံသူများအား ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ အစိုးရသတင်းပေးဟု ယူဆသူများ၊ သတင်းမီဒီယာနှင့် တာဝန်ရှိသူများက လာရောက်မေးမြန်းသည့်အခါ ၎င်းတို့အား ဆန့်ကျင်ဖြေကြားခဲ့သူများအား သတ်ဖြတ်ခြင်း၊ တိုင်းရင်းသားလူနည်းစုများ နေထိုင်သည့် ကျေးရွာများသို့ သွားရောက်ခြိမ်းခြောက်ခြင်း၊ တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များအား အုပ်စုလိုက်သတ်ဖြတ်ခြင်း၊ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့စခန်းများ၊ နတလစခန်းများနှင့် တိုင်းရင်းသားကျေးရွာများအား အကြမ်းဖက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ခိုက်သည့်ဖြစ်စဉ်များ ရပ်ဆိုင်းသွားပြီးနောက်ပိုင်း ၂၈-၉-၂၀၁၇ ရက်နေ့တွင် အလယ်သံကျော်ကျေးရွာအနီး ပင်လယ်ကမ်းခြေ၌ တစ်ဖက်နိုင်ငံသို့ သွားရောက်ရန် စုဝေးစောင့်ဆိုင်းနေသည့် ဘင်္ဂါလီ ၁၀၀၀ ခန့် ရောက်ရှိနေကြောင်း သတင်းအရ ကော်မရှင်ကြည့်ရှုလေ့လာရေးအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ၎င်းတို့က တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသော အသိမိတ်ဆွေများက တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ ၎င်းတို့ဘက်တွင် စားသောက်နေထိုင်ရေးအဆင်ပြေသဖြင့် လာရောက်ရန် ခေါ်ယူမှုများရှိနေပြီး ၎င်းတို့အနေဖြင့်လည်း လက်ရှိနေရာတွင် လုံခြုံရေးနှင့် စားသောက်ရေး အခက်အခဲများ ကြုံတွေ့နေရခြင်းတို့ကြောင့် သွားရောက်လိုခြင်းဖြစ်ကြောင်း ပြောကြားပါသည်။ မိမိတို့ဘက်မှ လုံခြုံရေးနှင့် စားသောက်ရေးအခက်အခဲများကို ကူညီဖြေရှင်းပေးနေကြောင်းပြောကြားခဲ့သော်လည်း

*စာမျက်နှာ ၃ ကော်လံ ၄* ✳

## ယနေ့ မာတိကာ



### အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် အားကစားသမားများအား ဂုဏ်ပြု

စာမျက်နှာ-၃



### မောင်တောဒေသတွင် နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသောဒေသခံများအား ဆန်အိတ်များနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်

စာမျက်နှာ-၄



### ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါးနှိမ်နင်းမှုတွင် ဆင်းရဲသားအများစု သေဆုံးခဲ့သည်ဟု လေ့လာမှုစစ်တမ်းတစ်ခုက ဖော်ပြ

စာမျက်နှာ-၁၄


KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by EUROMONEY 2017

မြန်မာ့အလင်း

# စွန့်ထွင်ဦးစီးသူများ အားကောင်းမောင်းသန် ပေါ်ထွန်းလာရေး စီမံဖန်တီးပေး

မဖွံ့ဖြိုးသောနိုင်ငံတစ်နိုင်ငံ၏ ခေတ်နောက်ကျနေသော စီးပွားရေး အခြေအနေသည် နိမ့်ကျနေသော တည်ဆဲအနေအထားထဲတွင် ကရွတ်ကင်းလျှောက်သဖွယ် ပတ်ချာလည့်ရင်း ရုန်းထွက်မရနိုင်အောင် ဖြစ်နေတတ်ကြောင်း၊ ယင်းကဲ့သို့ အဆိုးသံသရာကို အခြေအနေသစ်၊ စိတ်ကူးအတွေးအခေါ်သစ်များဖြင့် စွန့်စားတီထွင် ဦးစီးလုပ်ဆောင်သူများက ဖန်တီးဖော်ဆောင်ပြတ်တောက်စေကာ အပြောင်းအလဲများ ဖြစ်ပေါ်စေပြီး ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်နိုင်စေကြောင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သီဝရီတစ်ရပ်က ဆိုသည်။

အထက်ဖော်ပြပါ သီဝရီအယူအဆသည် နိုင်ငံလုံးဆိုင်ရာ စီးပွားရေး နှင့် ယှဉ်၍ဆိုစေကာမူ သေးငယ်သည့် စီးပွားရေးကဏ္ဍအစိတ်အပိုင်းများ တွင်လည်း ဤနည်းနှင်နှင်ပင်ဖြစ်ပြီး သီဝရီမှားကြောင်း သာဓကများကို တွေ့မြင်နိုင်မည်ဖြစ်သည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း မြန်မာ နိုင်ငံ အလယ်ပိုင်းဒေသအချို့၏ စီးပွားရေးလုပ်ငန်းငယ်များတွင် ပါဝင် သော ထန်းလုပ်ငန်းကျဆင်းမှုဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ထန်းလျက် သုံးစွဲမှုလျော့နည်းလာခြင်းကြောင့် ထန်းလျက်ဖိုလုပ်ငန်းများ အလုပ် မဖြစ်တော့ဘဲ တဖြည်းဖြည်းပိတ်သိမ်းသွားခဲ့ရာ ထန်းတက်သမားများနှင့် ထန်းလျက်ဖိုလုပ်သားများမှာလည်း လုပ်ငန်းကို စွန့်ခွာသွားကြသလို ထန်းပင်များကိုပင် ခုတ်လှဲကာ သစ်ခွဲသားများအဖြစ် ရောင်းချမှုများ ရှိလာကြောင်း သတင်းများကို ဖတ်ရှုခဲ့ရသည်။ နောက်ပိုင်းတွင် လူငယ် (အမျိုးသမီး)တစ်ဦးက စိတ်ကူးကောင်းကောင်းဖြင့် တီထွင်ဆန်းသစ်ကာ မိရိုးဖလာစားသုံးခဲ့ကြသည့် ထန်းလျက်ကိုပြုပြင်၍ အရသာ၊ အရွယ် အစား၊ ထုပ်ပိုးပုံတို့မှအစ ဆွဲဆောင်မှုကောင်းကောင်းဖြင့် ဈေးကွက်တွင် နေရာရရှိစေခဲ့ကြောင်း သတင်းများကို ဖတ်ရှုခဲ့ရသည်။ စီးပွားရေး အကျိုး အမြတ်ရရှိစေသော တီထွင်ဆန်းသစ်မှုသည် အလားတူ ကုန်ထုတ်လုပ်ငန်း မျိုးကို ထပ်မံပေါ်ပေါက်လာစေမည်ဖြစ်ပြီး တစ်ဦးကဦးဆောင်ကာ အများ က နောက်မှလိုက်လုပ်သည့် ဖြစ်စဉ်အရ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်ဟု ဆိုသည်။

မိမိတို့နိုင်ငံ၏ လူဦးရေ ၅၃ သန်းကျော်အနက် ၇၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးအခြေပြု ကျေးလက်စီးပွားရေးအပေါ်တွင် အဓိက အားထားကြသူများဖြစ်သည်။ ကျေးလက်စိုက်ပျိုးရေး ထုတ်ကုန်သီးနှံများ မှာလည်း ကုန်ကြမ်းအဆင့် ရောင်းဝယ်မှုများတွင်သာ ရပ်တန့်နေပြီး မိမိတို့၏ထုတ်ကုန်သီးနှံများ ရောင်းချမှုအတွက် ပတ်ဝန်းကျင်နိုင်ငံအချို့မှ ဝယ်လက်ကိုသာ မျှော်နေကြရဆဲဖြစ်သည်ကို တွေ့ရသည်။ မိမိတို့ လက်ဝယ်ရှိ ကုန်ကြမ်းများကို စားသောက်ကုန်၊ လူသုံးကုန် စသော ကုန်ချောများအထိ ထုတ်လုပ်ရန် စိတ်ကူး၊ အတွေးအခေါ်၊ အရင်းအနှီး၊ နည်းပညာ စသည်တို့ အားကောင်းမောင်းသန် ဖွံ့ဖြိုးမလာသေးသည်ကို တွေ့ရသည်။ ယင်းသို့သော အခြေအနေမျိုးတွင် အစိုးရကဦးဆောင်ကာ အစီအစဉ်များ စနစ်တကျချမှတ်ပြီး စွန့်ထွင်ဦးစီးသူများ ပေါ်ထွန်းလာ အောင် ဖန်တီးပေးဖို့လိုကြောင်း သုတေသီများက အဆိုပြုထားသည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အစွမ်းကုန်ဖွံ့ဖြိုးရေးအတွက် ဥပဒေ များ ပြဋ္ဌာန်းပေးခြင်း၊ အကောက်ခွန်ဆိုင်ရာ မူဝါဒများ၊ ဘဏ္ဍာရေး ဆိုင်ရာမူဝါဒများ၊ ငွေကြေးနှင့် ရုပ်ဝတ္ထုပံ့ပိုးကူညီမှုများ ပြုလုပ်ပေးခြင်း၊ ဈေးကွက်များ ဖန်တီးပေးခြင်း၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင် ကာ အရင်းအနှီး၊ အတတ်ပညာ၊ နည်းပညာများ စီးဝင်လာစေရန် အခွင့် အလမ်းများပေးခြင်းတို့ဖြင့် တစ်ချိန်က အာရှကျားများဟု တင်စားခဲ့ ကြသည့် နိုင်ငံများအနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုများကို ရယူနိုင်ခဲ့ ကြပါကြောင်း။ ။

## မြန်မာ့ရုပ်မြင်သံကြား

၄-၁၀-၂၀၁၇(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၉း၄၀ - ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အိချောပို)
၁၁း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **ဇွတ်ကျား**
(ကျော်ရဲအောင်၊ မြင့်မြတ်၊ ရဲလေး၊ မိုးအောင်ရင်၊ ထက်အောင်ရှိန်း၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ ပတ်ထရစ်ရှာ၊ သန္တာဗိုလ်) ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)
၁၅း၀၀ - **ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှု အစီအစဉ်(ဘားအံမြို့) (တတိယပိုင်း)**

**ညပိုင်း**

၁၆း၄၅ - **နွဲ့စို့တူပျော် ရိုးရာမီးထွန်းပွဲတော်**
၁၇း၀၅ - ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (ပညာရေးဝန်ကြီးဌာန၏ဆောင်ရွက်ချက်များ)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ဂီတသမား၊ ဂီတစကား
**အလင်္ကာကျော်စွာမြို့မငြိမ်း၏ ခေတ်ရှေ့ပြေးတေး(၂)ပုဒ်**
- နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါချောင်အန်း** (အပိုင်း-၁၉)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအား သတ္တမအကြိမ် သိက္ခာထပ်မင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်၌ ကျင်းပရာ အလှူရှင် အဂ္ဂမဟာသီရိ သုဓမ္မ သိင်္ဂီ ဒေါ်အေးအေးခန့် မိသားစု က ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းကြစဉ် မျိုး(နေပြည်တော်)



# ကလေးမြို့၌ ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲ အသံစစ်ဆေးခြင်းကို အောက်တိုဘာ ၅ ရက်တွင် ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၃**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြား ရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival)ငြိမ်းချမ်းရေး သီချင်းဆိုပြိုင်ပွဲကို မြန်မာတစ်ဝန်း ပြုလုပ်လျက် ရှိသည်။

အဆိုပါ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲနှင့် ပတ်သက်၍ Level-I ပဏာမအသံစစ်ဆေးခြင်းကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုး မြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်၊ မန္တလေးမြို့နှင့် ဘားအံမြို့များ၌ ကျင်းပလျက်ရှိရာ ကလေးမြို့၌ အောက်တိုဘာ ၅ ရက်တွင် အသံ စစ်ဆေးခြင်း၊ အောက်တိုဘာ ၇ ရက်တွင် Stage Rehearsal ပြုလုပ်ခြင်း၊ အောက်တိုဘာ ၈ ရက်တွင် Level-I Live ယှဉ်ပြိုင်ခြင်းများကို ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ



**ဖြူး အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ရင်းတိုက်စိန်ကျေးရွာ ဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ၌ အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီခွဲက လျှပ်စစ်မီးဖွင့်ပွဲကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ညွန့်၊ တိုင်းဒေသကြီးအမှတ်(၂)လွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းနှင့် ကျော်လှကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင် နှင့် မြို့နယ်လျှပ်စစ်ရုံး ဒုတိယဦးစီးမှူး ဦးကျော်ဝင်းမော်တို့က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ထရန်စဖော်မာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အဆိုပါ လျှပ်စစ်မီးမှာ ကိုယ့်အားကိုယ်ကိုးဖြင့် ကျပ်ငွေသိန်း ၃၇၀ ခန့် အကုန်အကျခံကာ ကေဗွီထရန်စဖော်မာ ကီလိုဝပ် ၁၆၀ ကို ရင်းတိုက်စိန်ဘုန်း တော်ကြီးကျောင်းရှေ့တွင် တပ်ဆင်ခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

❖ *ကျောဖုံးမှ*

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ကမ္ဘောဒီးယား ဘောလုံးအဖွဲ့ချုပ်၏ တောင်းဆိုမှုကြောင့် ခြေစစ်ပွဲကျင်းပမည့်ရက်ကို ရှေ့တိုးခဲ့ခြင်း ဖြစ်သည်။

ယင်းအုပ်စုတွင် တရုတ်၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင် မည်ဖြစ်ပြီး မြန်မာအသင်းသည် အောက်တိုဘာ ၂၄ ရက်တွင် ဖိလစ်ပိုင်အသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ အောက်တိုဘာ ၂၈ ရက် တွင် တရုတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စု ၁၀ စုခွဲ၍ ကျင်းပ မည်ဖြစ်ပြီး ပထမနေရာရ ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယနေရာရ ငါးသင်းတို့ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းတွင် **နည်းပြချုပ်** - ဦးချစ်နိုင်၊ **လက်ထောက်နည်းပြ** - ဦးမင်းသူ၊ **ဂိုးနည်းပြ** - ဦးစိုင်းမောင်မောင်ဦး၊ **ဂိုး**-ထွန်းနန္ဒာဦး၊ ထက်ဝေယံစိုး၊ အောင်မြင့်မြတ်၊ ဟန်နိုင်စိုး၊ အာကာလင်းမြတ်၊ **နောက်တန်း** - သက်ပိုင်ထွေး၊ သန်းထိုက်ဇင်၊ စိုးမိုးကျော်၊ ကျော်ဖြိုးဝေ၊ စည်သူမိုးခန့်၊ သူရစံ၊ အောင်ဝဏ္ဏစိုး၊ နိုင်ကိုကို၊ ပြည့်ဖြိုးမောင်၊ **အလယ်တန်း** - လွင်မိုးအောင်၊ အံ့မော်ဦး၊ သက်ပိုင်ထူး၊ မင်းထူးအိမ်လင်း၊ နန်းထိုက်ဇော်၊ ဝဏ္ဏထွန်း၊ ထက်ဖြိုးဝေ၊ ဇော်မွန်အောင်၊ ဒွေးကိုကို၊ မြတ်ကောင်းခန့်၊ ဝေယံဦး၊ **ရှေ့တန်း** - ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်၊ ဟိန်းထက်အောင်တို့ ပါဝင်ကြသည်။

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၃-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၀၀/၇၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၅၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၅၀/၇၉၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ | ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ | ·၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၇ |
| တရုတ် | တစ်ယွမ် | ၂၀၄ | ·၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ | ·၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် အားကစားသမားများအား ဂုဏ်ပြု

**နေပြည်တော် အောက်တိုဘာ ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် အားကစားသမားများနှင့် နည်းပြအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သို့ ငွေပဒေသာပင် ငွေကျပ်သိန်း ၁၀၀၀၀ စိုက်ထူ လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အားကစားလုပ်ဆောင်ခြင်း၊ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်းသည် လူတစ်ဦးတစ်ယောက်ချင်းအတွက် အကျိုးသက်ရောက်မှုများစွာရှိသကဲ့သို့ မိမိ၏အဖွဲ့အစည်း၊ မိမိနိုင်ငံအတွက်လည်း လွန်စွာအကျိုးကျေးဇူးကြီးမားကြောင်း၊ အားကစားလုပ်ဆောင်ခြင်းအားဖြင့် မိမိအဖွဲ့အစည်းကို ချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် မျိုးချစ်စိတ်များ တိုးတက်ဖြစ်ပေါ်စေခြင်းကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အားကစားကဏ္ဍကို မြှင့်တင်အားပေးကြရန် လိုအပ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၉)ကြိမ်မြောက်အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ရေကူးမီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ (အလွတ်ကူး) တစ်ဦးချင်း အားကစားနည်း၌ ရွှေတံဆိပ်သုံးခုရရှိသည့် မောင်အောင်မြင့်မြတ် အားလည်းကောင်း၊ ရေကူး မီတာ ၅၀ (လိပ်ပြာ/ရင်ပေါင်တန်းကူး)၊ မီတာ ၂၀၀(လေးမျိုးကူး) တစ်ဦးချင်းအားကစားနည်း၌ ရွှေတံဆိပ်သုံးခုရရှိသည့် မောင်နိုင်စစ်အောင် အားလည်းကောင်း၊ ရေကူးမီတာ ၁၀၀ (ရင်ပေါင်တန်းကူး)၊ မီတာ ၂၀၀(လေးမျိုးကူး)၊ မီတာ ၅၀ (အလွတ်ကူး) တစ်ဦးချင်းအားကစားနည်း၌ ရွှေတံဆိပ် တစ်ခုနှင့် ငွေတံဆိပ် နှစ်ခုရရှိသည့် မောင်အောင်ဖုန်း အားလည်းကောင်း၊ ပြေးခုန်ပစ် (လုံးတံပစ်/သံပြားပစ်/သံလုံးပစ်) တစ်ဦးချင်း အားကစားနည်း၌ ရွှေတံဆိပ်ဆု တစ်ခုနှင့် ကြေးတံဆိပ် နှစ်ခုတို့ ရရှိခဲ့သည့် ဒုတိယတပ်ကြပ်တင်ညို အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းတို့က (၉) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော အားကစားသမားများနှင့် ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၅ ခုနှင့် ကြေးတံဆိပ် ၁၇ ခုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော အားကစားနည်းပြများကိုယ်စား ဦးမြခိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်အတွက် ငွေပဒေသာပင် စိုက်ထူခြင်းအဖြစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ငွေကျပ်သိန်း တစ်ထောင်၊ အနာဂတ်အလင်းတန်းဖောင်ဒေးရှင်းက ငွေကျပ်သိန်းသုံးထောင်၊ ရှေမြန်မာအာမခံ ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း သုံးထောင်၊ မြန်မာအကြံပေးကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း သုံးထောင်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့ဂုဏ်ဆောင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)

---

◆ ***ရှေ့ဖုံးမှ***

အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယို ဂူတားရပ်စ်က ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ဦးစွာပြောကြားရာတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုကို ရှုတ်ချကြောင်း၊ မြန်မာအစိုးရအနေဖြင့် တိုက်ပွဲများ ချက်ချင်းရပ်စဲရန်၊ လူသားချင်းစာနာမှု အကူအညီများ လွတ်လပ်စွာပေးအပ်နိုင်ရန်နှင့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသူများအနေဖြင့် ၎င်းတို့၏ ဆန္ဒအရ နေရပ်သို့ လုံခြုံဘေးကင်းစွာဖြင့် ပြန်နေထိုင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့သည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံအများစုက အထွေထွေအတွင်းရေးမှူးချုပ်၏ ပြောကြားချက်အပေါ် ထောက်ခံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံတွင် လူမျိုးသုဉ်းသတ်ဖြတ်မှုများရှိနေကြောင်း စွပ်စွဲပြောဆိုခဲ့သော်လည်း အချို့နိုင်ငံများက မြန်မာနိုင်ငံအပေါ် အပြုသဘောဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အထူးကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ပြန်လည်ပြောကြားရာတွင် အစိုးရအနေဖြင့် ပြည်ပသတင်းမီဒီယာများ၌ စွပ်စွဲပြောဆိုနေသကဲ့သို့ အင်အားအလွန်အကြူး သုံးစွဲတိုက်ခိုက်နေခြင်းမဟုတ်ဘဲ အကြမ်းဖက်အဖွဲ့အစည်းမှ တိုက်ခိုက်လာမှုကို တုံ့ပြန်ကာကွယ်နေခြင်းသာဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် ARSA အကြမ်းဖက်အဖွဲ့၏ စတင်တိုက်ခိုက်လာမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ တိုက်ပွဲများ စက်တင်ဘာ ၅ ရက်မှ စတင်ရပ်စဲသွားခဲ့ပြီးဖြစ်ကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ထိခိုက်ခဲ့သည့် လူ့အသိုက်အဝန်းအားလုံးအား လူသားချင်းစာနာမှု အကူအညီများ ပေးအပ်လျက်ရှိကြောင်း၊ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသူများအား ၎င်းတို့၏ ဆန္ဒအရ နေရပ်သို့ လုံခြုံဘေးကင်းစွာ ပြန်လာနိုင်စေရေးအတွက် ညှိနှိုင်းစိစစ်ဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံအဆင့်တွင် ထိတွေ့ဆွေးနွေးနေပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ရေတိုရေရှည် စီမံဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးအတွက် အချိန်ကြာမြင့်စွာ ကြိုးပမ်းခဲ့ရသည့် အစိုးရတစ်ရပ်အနေဖြင့် "အစုလိုက် အပြုံလိုက်သတ်ဖြတ်မှု"၊ "လူမျိုးစုလိုက် သုတ်သင်ရှင်းလင်းမှု"တို့ကို မည်သည့်အခါမျှ ကျူးလွန်ခြင်း/ခွင့်ပြုထားခြင်းရှိမည်မဟုတ်ဟု ရှင်းလင်းပြတ်သားစွာ တုံ့ပြန်ပြောကြားခဲ့သည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၏ မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ (၅)တွင် သီးခြားဖော်ပြထားပါသည်။

**(သတင်းစဉ်)**

---

✳ ***ရှေ့ဖုံးမှ***

၎င်းတို့အား စက်လှေများဖြင့် လာရောက်ခေါ်ဆောင်ရန် စီစဉ်ထားပြီးဖြစ်၍ မိမိတို့ဆန္ဒအလျောက် ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း ဖြေကြားကြပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ မထိပါးရေး၊ ထိုဒေသတွင် နေထိုင်သူများ၏ လူ့အခွင့်အရေးထိခိုက်နစ်နာမှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် လိုအပ်သည့် လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးတို့ကို အမြန်ပြန်လည်ထူထောင်ရေးနှင့် ယင်းဒေသတွင် ခရီးသွားလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်က စီမံချက်ချမှတ်၍ ဆောင်ရွက်သင့်ပါကြောင်းနှင့် ထိုဒေသလုံခြုံရေးအတွက် ရဲစခန်းများ၊ ရဲကင်းများ၊ လုံခြုံရေးစခန်းများကို လိုအပ်သလို တိုးချဲ့တည်ဆောက်ပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

နေရပ်စွန့်ခွာ ထွက်မပြေးဘဲ ငြိမ်းချမ်းစွာကျန်ရှိနေထိုင်သော ဘင်္ဂါလီများအား ၎င်းတို့၏ စားဝတ်နေရေးအခက်အခဲနှင့် ကျန်းမာရေး၊ လူမှုရေးအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် အမြန်ဆုံးစာရင်းကောက်ယူပြုစု၍ ဒေသအုပ်ချုပ်ရေးအစီအစဉ်ဖြင့် ယာယီထောက်ခံချက်များကို ထုတ်ပေးပြီးဒေသတွင်း လွတ်လပ်စွာ သွားလာရှာဖွေစားသောက်ခွင့်ပြုပေးခြင်းနှင့် ထိုဒေသတွင်နေထိုင်သူများအားလုံးအတွက် လတ်တလောလိုအပ်နေသည့် စားနပ်ရိက္ခာများနှင့် ဆေးဝါးများကို လိုအပ်သလို ထောက်ပံ့ကူညီပေးခြင်းတို့ ဆောင်ရွက်ပေးသင့်ပါသည်။

နေရပ်စွန့်ခွာတိမ်းရှောင်သွားကြသည့် ဘင်္ဂါလီများအား ပြန်လည်လက်ခံရာတွင် ရာဇဝတ်မှုကျူးလွန်ခဲ့သူများ၊ ARSA အကြမ်းဖက်သောင်းကျန်းသူများ ပါရှိမလာစေရေးစနစ်တကျ စိစစ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြန်လည်နေရာချထားရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်း ရေရှည်ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးကို အလေးအနက်ထားဆောင်ရွက်သင့်ပါကြောင်း ထုတ်ပြန်အပ်ပါသည်ဟူ၍ ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

---

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇူလိုင်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၃၆ ဒသမ ၀၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၉ ဒသမ ၅၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၅ ဒသမ ၅၉ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၈၈ ဒသမ ၉၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၈၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀၁ ဒသမ ၇၁ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇူလိုင်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၅၇ ဒသမ ၃၀ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၄၆ ဒသမ ၁၂ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၆၄ ဒသမ ၅၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၇ ဒသမ ၉၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၈၂ ဒသမ ၅၀ သန်းတင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၁၅၂ ဒသမ ၄၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၇ ဒသမ ၉၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၈၀ ဒသမ ၃၇ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၁၀၅၆၂ ဒသမ ၈၇ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၅၉၇ ဒသမ ၈၇ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**(သတင်းစဉ်)**

---




**သဲကုန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ဒေသခံပြည်သူများ စုပေါင်း၍ ရခိုင်ပြည်နယ်အတွင်းရှိ ခေတ္တနေရပ်စွန့်ခွာ တိုင်းရင်းသားများအတွက် လှူဒါန်းငွေကျပ် ၅၂၈၀၇၅၀၊ အဝတ်အစားမျိုးစုံနှင့် ဆန်များကို အောက်တိုဘာ ၃ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပေးအပ်လှူဒါန်းစဉ်**
(မြို့နယ် ပြန်/ဆက်)

---

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၃** - နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

# မောင်တောဒေသတွင် နေရပ်မစွန့်ခွာဘဲ နေထိုင်လျက်ရှိသောဒေသခံများအား ဆန်အိတ်များနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်

မောင်တော အောက်တိုဘာ ၃

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က မောင်တောဒေသရှိ နေရပ်မစွန့်ခွာဘဲ မိမိရပ်ရွာများတွင် နေထိုင်လျက်ရှိသော ဒေသခံများအား ဆန်အိတ်များနှင့် အလှူငွေများကို ယနေ့နံနက်ပိုင်းတွင် ထောက်ပံ့ပေးအပ်ကြသည်။** (ယာပုံ)



ရှေးဦးစွာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အလှူရှင်အဖွဲ့သည် ရွှေရင်အေး၊ ဝေသာလီ၊ ဗောဓိကုန်း၊ ရွှေဇဟိုလ်၊ ကိုင်းကြီး၊ မောရဝတီကျေးရွာများရှိ စုရပ်များသို့ သွားရောက်ကာ ကျေးရွာ ၂၇ ရွာအတွက် ဆန်အိတ် ၉၈၈ အိတ်နှင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ်တစ်သိန်းနှုန်း ထောက်ပံ့ပေးအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ဝန်ကြီးဌာနသို့ လှူဒါန်းသည့် အလှူငွေများထဲမှ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခံရသော်လည်း နေရပ်စွန့်ခွာခြင်းမရှိဘဲ မိမိနေရပ်တွင် နေထိုင်လျက်ရှိသော ဒေသခံများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ကျေးရွာပေါင်း ၂၇ ရွာမှ အိမ်ထောင်စု ၂၃၀၅ စုအတွက် ငွေကျပ် ၂၃၀၅၀၀၀၀ အား ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အလှူရှင်များသည် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ အုပ်ချုပ်ရေးအဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး အုပ်ချုပ်ရေးအဖွဲ့များအား အလှူငွေများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဒေသခံများ၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များက ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုသို့ သွားရောက်လှူဒါန်းရာတွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မင်း၊ ပြည်နယ် ဒုတိယပညာရေးမှူး ဦးမောင်ထွန်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သိရသည်။ **သန့်ဇင်ဝင်း၊ နိုင်လင်းကြည်**

# ယခုလအတွင်းသင်တန်းပေးမည့် မူလတန်းဆရာဖြစ်သင်တန်းများမှ ဆရာ ဆရာမ ၁၀၀ ကျော်အား မောင်တောနှင့် ဘူးသီးတောင်တို့တွင် ခန့်ထားပေးမည်

**မောင်တော အောက်တိုဘာ ၃**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဆရာ ဆရာမများ တိုးမြှင့်ခန့်ထားနိုင်ရေးအတွက် မူလတန်းဆရာဖြစ်သင်တန်းများကို မြောက်ဦးမြို့တွင် အောက်တိုဘာ ၄ ရက်နှင့် ကျောက်ဖြူမြို့၌ အောက်တိုဘာ ၉ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ယင်းသင်တန်းများမှ ဆရာ ဆရာမ ၁၀၀ ကျော်ကို မောင်တောနှင့် ဘူးသီးတောင်တို့တွင် ခန့်ထားပေးသွားမည်ဖြစ်ကြောင်း မောင်တောခရိုင်ပညာရေးမှူး ဦးအုန်းမြင့်က ပြောကြားသည်။



"အခု အောက်တိုဘာ ၄ ရက်နဲ့ အောက်တိုဘာ ၉ ရက်တို့ကစပြီး မြောက်ဦးနဲ့ ကျောက်ဖြူမှာ မူလတန်းဆရာဖြစ်သင်တန်းတွေ ပေးသွားမှာဖြစ်ပါတယ်။ အဲဒီသင်တန်းကနေ မောင်တောအတွက် ၅၇ ဦးနဲ့ ဘူးသီးတောင်အတွက် ၄၄ ဦး စုစုပေါင်း ဆရာ ဆရာမ ၁၀၀ ကျော် ခန့်ထားပေးသွားမှာ ဖြစ်ပါတယ်။ တချို့ရွာတွေမှာဆိုရင်လည်း အကူအဖြစ်နဲ့ ရွာကခန့်တဲ့ ဆရာတွေကိုလည်း ခန့်အပ်ပေးထားဖို့ အစီအစဉ်တွေလည်း ရှိပါတယ်။ ဒီနှစ်မှာလည်း အလယ်တန်းပြ ဆရာမတွေကို အစားထိုးလဲလှယ်ခန့်အပ်ပေးဖို့ စီစဉ်နေတုန်းမှာပဲ အခုလို အကြမ်းဖက်မှုဖြစ်စဉ် ပေါ်ပေါက်လာတာပါ"ဟု မောင်တောခရိုင်ပညာရေးမှူး ဦးအုန်းမြင့်က ပြောကြားသည်။

မောင်တောမြို့နယ်တွင် အထက်တန်းကျောင်း ၁၆ ကျောင်း၊ ဘူးသီးတောင်တွင် ၁၀ ကျောင်းရှိပြီး မောင်တောခရိုင်အတွင်း အခြေခံပညာကျောင်းပေါင်း ၄၀၄ ကျောင်းရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြားမြို့နယ်မှ မောင်တောဒေသတွင် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် အလယ်တန်းပြ ဆရာမများကို သက်ဆိုင်ရာမြို့နယ်များသို့ ပြန်လည်စေလွှတ်ကာ မောင်တောခရိုင်အတွင်းရှိ ဆရာများနှင့် ပြန်လည်အစားထိုးခန့်အပ်ခဲ့မှုသည် ၅၄၁ ဦးအထိ ရှိခဲ့ကြောင်းလည်း သိရသည်။

"ဆရာတွေ ခန့်ထားမှုအနေနဲ့ကတော့ စီ၊ ဒီ၊ အီးအဆင့်မှာရှိတဲ့ ကျောင်းတွေကိုသာ ဆရာတွေခန့်ထားတာပါ။ အေအဆင့်ဆိုတာက မြို့ပေါ်ကကျောင်း၊ ဘီအဆင့် ဆိုတာက ဒီနေ့သွား ဒီနေ့ပြန်လာလို့ရတဲ့ကျောင်း၊ စီဆိုတာကတော့ တစ်ပတ်မှတစ်ခါ ပြန်နိုင်တာမျိုး၊ ဒီဆိုတာကတော့ ညအိပ်ညနေနေပြီးတော့ တစ်လပြည့်မှပြန်လာလို့ရတဲ့ကျောင်းမျိုးဖြစ်ပြီး အီးအဆင့်ကတော့ စုရပ်မှာပဲသွားပြီး သင်ကြားရတဲ့ကျောင်းတွေကို ဆိုလိုခြင်းဖြစ်ပါတယ်"ဟု မောင်တောခရိုင်ပညာရေးမှူးက ရှင်းပြသည်။

"ARSA အစွန်းရောက်အကြမ်းဖက်တွေရဲ့ တိုက်ခိုက်မှုကြောင့် ဩဂုတ် ၂၅ ရက်က မောင်တောက ၁၈၂ ကျောင်း၊ ဘူးသီးတောင်က ၂၂၁ ကျောင်း ပိတ်ထားခဲ့ရပါတယ်။ စက်တင်ဘာ ၁၂ ရက်ကစပြီး ကျောင်းတွေပြန်ဖွင့်တဲ့အခါ မောင်တောက ၁၇ ကျောင်း၊ နံ့သာတောင်ပရဟိတကျောင်းနဲ့ဆိုရင် ၁၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဘူးသီးတောင်ကတော့ ကျောင်း ၂၀ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကျောင်းများကို ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး သုံးမျိုးသုံးစားဖြင့် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိမောင်တောတွင် ပထမ ဦးစားပေးအနေဖြင့် ၃၄ ကျောင်း၊ ဘူးသီးတောင်တွင် ကျောင်း ၂၀ သတ်မှတ်ထားကြောင်း၊ ပထမဦးစားပေးမှာ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒုတိယဦးစားပေးမှာ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီဖြစ်ပြီး တတိယဦးစားပေးမှာ နောက်ဆုံးအခြေအနေတွင် ဖွင့်လှစ်နိုင်မည့်ကျောင်း စသည်ဖြင့် ခွဲခြားထားကြောင်းလည်း သိရသည်။

**သတင်း-နိုင်လင်းကြည်**
**ဓာတ်ပုံ-သန့်ဇင်ဝင်း**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် မောင်တောဒေသရှိ လမ်း/တံတားများအား ဦးစားပေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်သွားမည်

**စစ်တွေ အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် မောင်တောဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် လမ်း/တံတားများအား ဦးစားပေး လုပ်ငန်းအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ပြောသည်။



ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ထိုသို့ပြောကြားခြင်းဖြစ်သည်။

"မောင်တောဒေသ ပြန်လည်ထူထောင်ရေးနဲ့ တည်ဆောက်ရေး လုပ်ငန်းတွေ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားပါမယ်။ ပြန်လည်ထူထောင်ရေးမှာ အဓိကကျတဲ့ လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေး ဆောင်ရွက်သွားပါမယ်။ ဌာနဆိုင်ရာတွေကလည်း မောင်တောဒေသ ပုံမှန်အခြေအနေ ပြန်လည်ဖြစ်ပေါ်လာဖို့အတွက် ပြည်နယ်အစိုးရအဖွဲ့နဲ့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်စေလိုပါတယ်"ဟု ၎င်းက ပြောသည်။

ဆွေးနွေးပွဲတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး ပြည်နယ်အတွင်းရေးမှူးနှင့် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်အတွင်း ဝက်ကျိန်းတံတား၊ ပဒကားဒေဝါနာလီတံတား(၁)၊ ပဒကားဒေဝါနာလီတံတား(၂)၊ လောင်းဘုတ်တံတား၊ လကျ်ာချောင်းတံတားနှင့် အာဇဘော်တံတားတို့အပြင် တောင်ပြို-ကြိမ်ချောင်းလမ်း၊ တောင်ပြို-ဂေါ်ဒုံခလမ်းတို့လည်း ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ပျက်စီးသွားသည့် လမ်း၊ တံတားများအား အကြမ်းဖက်မှုတိုက်ခိုက်မှုဖြစ်ပွား၍ ၁၀ ရက်အကြာတွင် ပြန်လည်ပြုပြင်နိုင်ခဲ့ကာ ယခုအခါ ပုံမှန်အတိုင်း မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

ထို့ပြင် ရာသီဥတုဒဏ်ကြောင့် ပျက်စီးနေသည့် လမ်းများကိုလည်း ရာသီမရွေးသွားလာနိုင်အောင် ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်လမ်းဦးစီးဌာနမှ သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

**ကျောဖုံးမှ**

ကျေးရွာငါးရွာတွင် အသိုက် ရှစ်သိုက်နှင့် ပန်းတနော်မြို့နယ်က ကျေးရွာလေးရွာတွင် အသိုက်ငါးသိုက် တို့ကို သုတေသနပြု မှတ်တမ်းတင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ထပ်မံ၍ ကြိုးကြာငှက်သိုက် သုတေသနများကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်ဟု ဆိုသည်။

ကြိုးကြာခေါင်းနီများသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာမှာလည်းမျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော မျိုးစိတ်ဖြစ်သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ၂၀၁၆ ခုနှစ်က အသိုက် ၃၇ သိုက်ကို သုတေသနပြုနိုင်ခဲ့ပြီး ယင်းဒေသတွင် အကောင်ရေ ၂၀၀ မှ ၄၀၀ ကြားကျန်ရှိသည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ အဆိုပါမြို့နယ်လေးခုရှိ ကျေးရွာ ၇၀ ကျော်တွင် ဇူလိုင်နှင့် ဩဂုတ်လကလည်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဟောပြောပွဲများကို ပြုလုပ်ထားပြီးဖြစ်သည်ဟု ဆိုသည်။

ထိုသို့ ကြိုးကြာခေါင်းနီငှက်သိုက်များတွေ့ရှိခြင်းမှာ ဒေသခံများ၏ ပူးပေါင်းပါဝင်မှုကြောင့် အများဆုံးတွေ့ရှိရခြင်းဖြစ်ပြီး သတင်းပေးသော ဒေသခံများကိုလည်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှထိုက်တန်သော ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ခဲ့သည်။

# နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မိမိတို့နှင့်အတူတကွ ပူးပေါင်းပါဝင်ကြရန်အရေးကြီး ယင်းအချက်သည် ရခိုင်ပြဿနာအား ဖြေရှင်းနိုင်မည့် တစ်ခုတည်းသောနည်းလမ်းဖြစ်

**ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်မှ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည့်မိန့်ခွန်း**

**( ၂၈- ၉-၂၀၁၇ )**

**သဘာပတိကြီးခင်ဗျား**

လုံခြုံရေးကောင်စီတွင် ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုကိစ္စများနှင့် လူသားချင်းစာနာထောက်ထားမှု ပြန်လည်ကောင်းမွန်ရန် ဆောင်ရွက်နေသည့် အခြေအနေတို့ကို ရှင်းပြခွင့်ရသည့်အတွက် ကျေးဇူးတင်ပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ ပြောကြားချက်များကို မိမိအနေဖြင့် ဂရုတစိုက်နားထောင်ခဲ့ပါသည်။

ပြောကြားချက်များကို ခြုံငုံသုံးသပ်ကြည့်ပါက ရခိုင်ပြည်နယ်အတွင်း အလွန်ဆိုးရွားနေသည့် ကိစ္စတစ်ရပ်ဖြစ်ပေါ်နေသည်ဟူ၍ ထင်ယောင်ထင်မှား ဖြစ်ပေါ်နေကြကြောင်း တွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကြောက်မက်ဖွယ် ထိုးစစ်ဆင်မှုတစ်ရပ် ဆောင်ရွက်နေကြောင်း၊ အပြစ်မဲ့လူများအား မပြောပြနိုင်လောက်အောင်ဆိုးရွားသည့် ရာဇဝတ်မှုများ ကျူးလွန်နေကြောင်း သတင်းမီဒီယာများ၌ ထင်မြင်ယူဆချက်များကို ဖော်ပြနေမှုကြောင့် နိုင်ငံတကာ အသိုက်အဝန်း၏ စိုးရိမ်ပူပန်မှုများ ပိုမိုမြင့်မားစေခဲ့ပါသည်။ ကနဦးအမြင်အရ သာမန်လေ့လာသူတစ်ဦးအတွက် ယင်းသို့ သဘောထားယူဆချက်မှာ အဓိပ္ပာယ်ရှိသယောင်ရှိသော်လည်း မြန်မာနိုင်ငံ သမိုင်းကြောင်းကို သိနားလည်ပြီး အကြမ်းဖက်သမားများ၏ ဝါဒဖြန့်ချိရေးလုပ်ငန်းနည်းဗျူဟာကို သိရှိသော ကျွမ်းကျင်လေ့လာသူများအနေဖြင့်မူ အဆိုပါသဘောထားအချက်အလက်များကို အမှန်ပကတိအတိုင်း သိမြင်နိုင်မည်ဖြစ်ပါသည်။ ယင်းမှာသက်သေအထောက်အထားမရှိဘဲ စိတ်ခံစားမှုဖြင့် သမာသမတ်မရှိ လိုရာဆွဲတွေး ပြောကြားမှုသာ ဖြစ်ပါသည်။

သို့သော် နိုင်ငံတကာအသိုက်အဝန်း၏ စိုးရိမ်မှုကို မိမိတို့အနေဖြင့် သိနားလည်ပါသည်။ အလေးထားပါသည်။

**သဘာပတိကြီးခင်ဗျား**

လက်ရှိမြေပြင်အခြေအနေအပြင် အကြမ်းဖက်မှုများ ရပ်ဆိုင်းရေး၊ အကြမ်းဖက်မှုဒဏ်ခံရသည့် အပြစ်မဲ့ပြည်သူများအားလုံးကို ကူညီရေး၊ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို တည်တံ့သည့် နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးတို့အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်နေလျက်ရှိသည်ကို ရှင်းလင်းပြောကြားလိုပါသည်။

**ပထမဦးစွာ -** မိမိတို့အနေဖြင့် အလေးပေးဖြေရှင်းပေးရန်လိုအပ်နေသည့် အရေးတကြီး ပြဿနာတစ်ရပ် ဖြစ်ပွားနေခြင်းကို လက်ခံအသိအမှတ်ပြုကြောင်း ပြောကြားလိုပါသည်။ သို့ရာတွင် မကြာမီက ဖြစ်ပွားသည့် အကြမ်းဖက်မှုသည် ARSA အမည်ခံအကြမ်းဖက်အုပ်စု၏ လုပ်ရပ်ကြောင့်ဖြစ်ပွားရသည် ဟူသောအချက်ကို ကျွန်ုပ်တို့အားလုံး လက်ခံရလိမ့်မည် ဖြစ်ပါသည်။

မိမိတို့အနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထွက်ပြေးကြရသော လူ့အသိုက်အဝန်းများအနေဖြင့် ၎င်းတို့၏နေအိမ်များသို့ ပြန်လာနိုင်ခွင့်ရှိရေးတို့အတွက် တည်တံ့မည့် ဖြေရှင်းမှုတစ်ရပ် ရရှိရေးဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါသည်။

ရခိုင်၊ မူဆလင်၊ ဒိုင်းနက်၊ မြို၊ သက်၊ မရာမာကြီးနှင့် ဟိန္ဒူတို့အပါအဝင် ထိခိုက်ခံခဲ့ကြရသည့် လူ့အသိုက်အဝန်းအားလုံး၏ဒုက္ခများကို မိမိတို့ အထူးစာနာသနားပါသည်။ ၎င်းတို့အားလုံးသည် အကြမ်းဖက်လုပ်ရပ်များနှင့် အကြမ်းဖက်ဝါဒ၏ သားကောင်များသာ ဖြစ်ပါသည်။

အကြမ်းဖက်ဝါဒသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အထူးခြိမ်းခြောက်သည့် အန္တရာယ်တစ်ရပ်ဖြစ်သည်။ လူ့ယဉ်ကျေးမှုထွန်းကားသည့် မိမိတို့ကမ္ဘာတွင် အဆိုပါအကြမ်းဖက်ဝါဒကို လက်သင့်ခံ၍မရပေ။ ထို့ကြောင့် အကြမ်းဖက်ဝါဒမှန်သမျှအား မည်သည့်ပုံသဏ္ဌာန် အသွင်အပြင်ဖြင့်ဖြစ်စေ လက်မခံနိုင်ကြောင်း မိမိ၏ ပြောကြားချက်ကို အားလုံးသဘောတူကြလိမ့်မည်ဟု ယူဆပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA အကြမ်းဖက်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကို မြန်မာအစိုးရအနေဖြင့် ပြင်းထန်စွာရှုတ်ချပါသည်။ မြန်မာနိုင်ငံရှိ အမြင့်ဆုံးအစ္စလာမ်အဖွဲ့ အစည်းဖြစ်သည့် All Myanmar Islamic Religious Organization နှင့် Interfaith Dialogue Group of Myanmar တို့က အစိုးရနှင့် စည်းလုံးမှုပြသခဲ့ကြပြီး၊ ARSA အကြမ်းဖက်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်ကို ရှုတ်ချကြောင်း ထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ပါသည်။ ထုတ်ပြန်ချက်တွင် လူ့အသက်အိုးအိမ်ဆုံးရှုံးမှုကို ဖြစ်ပွားစေသည့် အကြမ်းဖက်မှုမျိုးကို မည်သည့်ဘာသာကမျှ လက်ခံနိုင်မည်မဟုတ်ကြောင်း၊ ထို့အပြင် အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ပြဿနာကို ဖြေရှင်းရန်ကြိုးပမ်းနေမှုနှင့် နိုင်ငံတစ်ဝန်းအမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှုတို့ကို ယင်းအဖွဲ့များက ထောက်ခံအားပေးကြောင်း ဖော်ပြထားပါသည်။

အကြမ်းဖက်တိုက်ခိုက်မှု ရှုတ်ချကြောင်း ပြောကြားသွားကြသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်နိုင်ငံများကို ကြိုဆိုပါသည်။

အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးဆောင်ရွက်နေမှုကြောင့် အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ သဟဇာတရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်ရေး ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားမှုကို ထိခိုက်စေလိမ့်မည် မဟုတ်ပါ။ ပုံမှန်အခြေအနေ ပြန်လည်ဖြစ်ပေါ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ စက်တင်ဘာလ ၅ ရက်မှ စတင်၍ လက်နက်ကိုင်တိုက်ခိုက်မှုများနှင့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ မရှိတော့ကြောင်း ပြောကြားလိုပါသည်။

**ဒုတိယအချက်အနေဖြင့် -** မြန်မာနိုင်ငံတွင် လူမျိုးစုလိုက်သုတ်သင်ရှင်းလင်းမှုနှင့် လူမျိုးသုဉ်း သတ်ဖြတ်မှုတို့မရှိကြောင်းကို အလေးထားပြောကြားလိုပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တိုင်းရင်းသားလူမျိုးစုအများဆုံးဖြစ်သည့် နိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်ပြီး တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည်။ တိုင်းရင်းသားလူမျိုးတစ်မျိုးစီတွင် ထူးခြားသည့် ယဉ်ကျေးမှုအနေအထားများရှိပြီး ကိုးကွယ်ရာဘာသာများဖြစ်သည့် ဗုဒ္ဓဘာသာ၊ အစ္စလာမ်၊ ခရစ်ယာန်နှင့် ဟိန္ဒူဘာသာ စသည်ဖြင့် ဘာသာရေးအုပ်စုများအနေဖြင့် သမိုင်းတစ်လျှောက် သဟဇာတရှိစွာဖြင့် နေထိုင်လျက်ရှိကြပါသည်။

ယနေ့ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်သည့် အခြေအနေမှာ အကြမ်းဖက်သမားများ၏ လုပ်ရပ်များမှ စတင်ခြင်းကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပြီး ဘာသာရေးကို အခြေခံခြင်း မဟုတ်ပါကြောင်း ပြောကြားလိုပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် မူဆလင်များမှာ လူနည်းစုမဟုတ်သည်ကို သိရှိထားရန် လိုအပ်ပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ တစ်ခုလုံးရှိလူဦးရေ စုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းသည် မူဆလင်များ ဖြစ်ပါသည်။ လူသိနည်းသည့် အချက်တစ်ချက်မှာ အဆိုပါဒေသတွင်ရှိနေသည့် မူဆလင်အများစုအနေဖြင့် ၎င်းတို့၏ အိမ်များကို စွန့်ပစ်ထွက်ခွာသွားခြင်း မရှိကြောင်းနှင့် လူအများ အစုလိုက်အပြုံလိုက် ပြောင်းရွှေ့ထွက်ခွာမှုဖြစ်ပေါ်နေချိန်မှာပင် ၅၀ ရာခိုင်နှုန်းခန့်သော မူဆလင်များမှာ ၎င်းတို့၏ကျေးရွာများတွင် အထိအခိုက်မရှိ နေထိုင်နေကြဆဲဖြစ်ကြောင်း ဆိုသည့်အချက်ဖြစ်ပါသည်။

လာမည့် တနင်္လာနေ့တွင် မြန်မာနိုင်ငံရှိ သံတမန်များနှင့် သတင်းမီဒီယာများအနေဖြင့် အဆိုပါဒေသသို့ သွားရောက်မည်ဖြစ်ပြီး မြေပြင်အခြေအနေမှန်ကို ကိုယ်တိုင်တွေ့မြင်နိုင်ခွင့်ရရှိကြမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုလည်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားထားပါသည်။ မြန်မာနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရန်အတွက် အတွင်းရေးမှူးချုပ်၏ ခရီးစဉ်အား ကြိုဆိုကြောင်း ပြောကြားလိုပါသည်။

**လွတ်လပ်မှုနှင့် လူ့အခွင့်အရေးတို့အတွက် အစဉ်တစိုက်အစွမ်းကုန် ကြိုးပမ်းလာခဲ့ကြသည့် မြန်မာခေါင်းဆောင်များအနေဖြင့် လူမျိုးစုလိုက်သုတ်သင်ရှင်းလင်းမှုနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုဆိုင်ရာမူဝါဒကို မည်သည့်အခါမျှ ကျင့်သုံးမည်မဟုတ်ကြောင်းနှင့် အစိုးရအနေဖြင့် ယင်းသို့မဖြစ်ပွားရန် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်တားဆီးမည်**

လူမျိုးစုလိုက် သုတ်သင်ရှင်းလင်းမှုနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုဖြစ်ပွားနေသည်ဟူသည့် ပြောကြားမှုများသည် အလွန်ကြီးလေးသော စွပ်စွဲချက်များဖြစ်ပြီး ပေါ့ပေါ့တန်တန် မပြောကြားသင့်ပါ။ ထို့ကြောင့် မိမိတို့အားလုံးသည် ခံစားချက်များဖြင့် ပကတိအမြင်ကို ဖုံးလွှမ်းစေပြီး ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့်ကိစ္စများသည် ဥပဒေရှုထောင့်နှင့် တရားစီရင်ရေးရှုထောင့်တို့ဖြင့် လေ့လာခြင်းမရှိဘဲ လူမျိုးစုလိုက် သုတ်သင်ရှင်းလင်းမှုများဖြစ်သည်ဟူ၍ အပေါ်ယံ သုံးသပ်ကြမည်ဆိုပါက အထူးဝမ်းနည်းဖွယ်ပင်ဖြစ်ပါသည်။

လွတ်လပ်မှုနှင့် လူ့အခွင့်အရေးတို့အတွက် အစဉ်တစိုက်အစွမ်းကုန် ကြိုးပမ်းလာခဲ့ကြသည့် မြန်မာခေါင်းဆောင်များအနေဖြင့် လူမျိုးစုလိုက် သုတ်သင်ရှင်းလင်းမှုနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုဆိုင်ရာ မူဝါဒကို မည်သည့်အခါမျှ ကျင့်သုံးမည်မဟုတ်ကြောင်းနှင့် အစိုးရအနေဖြင့် ယင်းသို့မဖြစ်ပွားရန် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်တားဆီးမည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ နေပြည်တော်၌ စက်တင်ဘာလ ၁၉ ရက်နေ့တွင် သံတမန်များအား မိန့်ခွန်းပြောကြားခဲ့စဉ်က ပြတ်သားရှင်းလင်းစွာ ပြောကြားခဲ့သည့်အတိုင်း မိမိတို့အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အကြမ်းဖက်မှုများအားလုံးကို ပြင်းထန်စွာ ရှုတ်ချပါသည်။ ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မိမိတို့အနေဖြင့် ကတိကဝတ်ပြုကာ အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများပြုလုပ်ရာတွင် တပ်ဖွဲ့များ လိုက်နာကျင့်ကြံရမည့် လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန်နှင့် မရည်ရွယ်ဘဲ ထိခိုက်မှုများ မဖြစ်စေရန်အတွက်လည်းကောင်း၊ အပြစ်မဲ့ပြည်သူများအား ထိခိုက်မှုမရှိစေရန်အတွက်လည်းကောင်း၊ အထူးသတိထား ဆောင်ရွက်သွားရန် ညွှန်ကြားထားခဲ့ပြီး ဖြစ်ပါသည်။

**တတိယအနေဖြင့် -** ပြောကြားလိုသည့်အချက်မှာ လူသားချင်းစာနာထောက်ထားမှုအခြေအနေနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရအနေဖြင့် ကနဦးတာဝန်ရှိသည်ကို မိမိတို့ကောင်းစွာနားလည်သိရှိကြောင်း၊ ထို့ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ခွဲခြားမှုမရှိဘဲ ပံ့ပိုးပေးနေကြောင်း၊ အရေးတကြီး လိုအပ်နေသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လျင်မြန်စွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ကြက်ခြေနီလှုပ်ရှားမှုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရပ်တည်ချက်မူများနှင့်အညီ ပံ့ပိုးပေးနေကြောင်း ဖြစ်ပါ သည်။

ထို့အပြင် ပြောင်းရွှေ့ထွက်ပြေးလာသူများအား လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများပေးနိုင်ရန် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့၏ ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Center) နှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

**စတုတ္ထအချက်အနေဖြင့် -** လူထောင်နှင့်ချီ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားကြသည့် သတင်းများအပေါ် မိမိတို့စိုးရိမ်ပူပန်ပါကြောင်း၊ အစုလိုက်အပြုံလိုက် ထွက်ပြေးကြခြင်း၏အကြောင်းရင်းကို မိမိတို့အနေဖြင့် လေ့လာဆန်းစစ်ရန်လိုပါကြောင်း၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြသူများနှင့်လည်းကောင်း၊ ထွက်မပြေးဘဲ ၎င်းတို့၏ ကျေးရွာများတွင် နေမြဲအတိုင်း နေထိုင်လျက်ရှိကြသူများနှင့် လည်းကောင်း မိမိတို့ ပြောဆိုဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားလိုပါသည်။

မကြာသေးမီက မူဆလင်များ ရာနှင့်ချီ၍ ၎င်းတို့၏နေအိမ်များကိုစွန့်ခွာပြီး နယ်စပ်ဘက်သို့ ဦးတည်ထွက်ခွာလာခဲ့ကြရာ ၎င်းတို့၏ နေအိမ်များသို့ ပြန်ကြရန် ဒေသဆိုင်ရာအာဏာပိုင်များက ၎င်းတို့အား ဖျောင်းဖျခဲ့ကြပါသည်။ ရွာသားများအနေဖြင့် လူသားချင်းစာနာမှုအကူအညီများ ရေရှည်ရရှိနိုင်မှုအပေါ် စိုးရိမ်ပူပန်ခြင်း၊ ၎င်းတို့အုပ်စုသည် လူနည်းစု ဖြစ်လာမည်ကို ကြောက်ရွံ့ခြင်းစသည့်စိုးရိမ်ပူပန်မှုများကြောင့် နေအိမ်စွန့်ခွာခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ရွာသားများအား တယ်လီဖုန်းဖြင့်ဆက်သွယ်၍ ခြောက်လှန့်မှုများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေကြသည့် ၎င်းတို့မိတ်ဆွေများက ၎င်းတို့နှင့်လာရောက်ပူးပေါင်းရန် ဖျောင်းဖျမှုများရှိနေကြောင်း ကြားသိခဲ့ရပါသည်။ ထို့ပြင် ဟိန္ဒူဘာသာဝင်များ အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ရပြီး ၎င်းတို့၏ ရုပ်အလောင်းများအား မြှုပ်နှံထားခဲ့ခြင်းကို ဖော်ထုတ်ခဲ့ပြီးနောက်ပိုင်း ARSA အဖွဲ့က လက်တုံ့ပြန်လာမည်ကို ရွာသားများအနေဖြင့် ကြောက်ရွံ့နေကြဆဲ ဖြစ်ပါသည်။

ရွာသားများအား အကူအညီများ ပေးအပ်သွားရေးနှင့် ၎င်းတို့၏ လုံခြုံရေးအတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အာဏာပိုင်များက အာမခံပြောကြားထားပြီး ဖြစ်ပါသည်။ သို့သော်လည်း ရွာသားအချို့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဖြတ်ကျော်သွားရောက်ရေးကိုသာ ရွေးချယ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးခဲ့ကြသည့် ဒုက္ခသည်များအား ပြန်လည်ခေါ်ယူရေးနှင့်ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ ပြောဆိုနေကြပါသည်။ မည်သည့်အချိန်တွင်မဆို စိစစ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအနေဖြင့် ပြင်ဆင်ထားကြောင်းကို ဤနေရာမှတစ်ဆင့် အသိပေး ပြောကြားလိုပါသည်။ မိမိတို့ အိမ်နီးချင်းနှစ်နိုင်ငံအနေဖြင့် ၁၉၉၃ ခုနှစ်က ယင်းကဲ့သို့သော ပြန်လည်ခေါ်ယူသည့် (repatriation) အတွေ့အကြုံ ရှိခဲ့ဖူးပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံဘက်မှ စတင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်မှု တိုးမြှင့်ရန် လုပ်ဆောင်လျက်ရှိပါသည်။ မိမိအနေဖြင့် လွန်ခဲ့သည့် ရက်သတ္တပတ်က နယူးယောက်မြို့တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား စိုးရိမ်ပူပန်မှုများကို အပြန်အလှန်ဆွေးနွေးရန်နှင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများ ရှာဖွေရန်အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် ယခုရက်သတ္တပတ်အတွင်း ဒါကာသို့ သွားရောက်မည်ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးကိုလည်း မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားထားပါသည်။ ၎င်းအဆင်ပြေသည့် မည်သည့်အချိန်တွင်မဆို လာရောက်ရန် ဖိတ်ခေါ်ထားပြီး နယ်စပ်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါသည်။

ပြန်လည်ခေါ်ယူရေးကိစ္စရပ်အား ဆွေးနွေးရန် မိမိတို့တွင် စိတ်ဆန္ဒရှိမှုသည် “လူမျိုးစုလိုက် သုတ်သင်ရှင်းလင်းခြင်း” မူဝါဒ မိမိတို့တွင် ရှိသည်ဟူသော စွပ်စွဲချက်မှားယွင်းကြောင်း ဖော်ပြနေသည့် သက်သေဖြစ်ပါသည်။

မြန်မာအစိုးရသစ်အနေဖြင့် ရခိုင်ပြည်နယ်ရှိ ခက်ခဲသော အခြေအနေကို လက်ဆင့်ကမ်းဆက်ခံခဲ့ရပြီး အခြားသောသူများ၏ ဆောင်ရွက်မှုများနှင့်ပတ်သက်သည့် အကျိုးဆက်များကိုလည်း ဖြေရှင်းခဲ့ရပါသည်။

လက်ရှိပဋိပက္ခသည် ARSA အဖွဲ့မှ ကျူးလွန်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။ ယင်းပြဿနာအား ဖြေရှင်းရန်အတွက် အစိုးရအနေဖြင့် ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖွဲ့စည်းခြင်းအပါအဝင် လုပ်ဆောင်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ကိုဖီအာနန် အကြံပေးကော်မရှင်၏ အကြံပြုတင်ပြချက်များသည် ရှင်းလင်းသည့် ရှေ့ဆက်ဆောင်ရွက်နိုင်မည့် လမ်းပြမြေပုံတစ်ရပ်ဖြစ်ပါသည်။

ယင်းအကြံပြုတင်ပြချက်များအား အကောင်အထည်ဖော်ရေးအတွက် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ အစည်းအဝေး နှစ်ကြိမ် ကျင်းပပြုလုပ်ပြီး ဖြစ်ပါသည်။ မိမိတို့အနေဖြင့် အဆိုပါကော်မတီအား အချိန်နှင့် လုပ်ငန်းလုပ်ဆောင်နိုင်ခွင့် ပေးအပ်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီသက်တမ်း နုနယ်သေးသည့် ယခုကဲ့သို့ အရေးကြီးသည့် အချိန်ကာလတွင် ဒီမိုကရေစီ ခိုင်မာစွာ အမြစ်တွယ်နိုင်စေရန်နှင့် ရခိုင်ပြည်နယ်နှင့် မြန်မာ တစ်နိုင်ငံလုံးတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိမိတို့၏ တာဝန်ဝတ္တရားများကို အောင်မြင်အောင် ဆောင်ရွက်နိုင်စေရန်အလို့ငှာ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မိမိတို့နှင့်အတူတကွ ပူးပေါင်းပါဝင်ကြရန် အရေးကြီးပါသည်။ ယင်းအချက်သည် ရခိုင်ပြဿနာအား ဖြေရှင်းနိုင်မည့် တစ်ခုတည်းသောနည်းလမ်း ဖြစ်ပါသည်။

လုံခြုံရေးကောင်စီအနေဖြင့် အခြေအနေကို ဖြေရှင်းပေးခြင်းမျိုးမဟုတ်ဘဲ ကြီးထွားစေမည့် ဆောင်ရွက်မှုမျိုးကို ရှောင်ရှားရမည်ဖြစ်ပါသည်။

ကျေးဇူးတင်ပါသည်။

# ပန်းများကိုပွင့်စေသူ

ခင်ဆွေမြင့် (မြန်မာစာ)

"သစ်ရိပ်မှာလျှင်၊ ချမ်းသာသည်ထက်
စုံမက်မြတ်နိုး၊ ဆွေမျိုးမိဘ
အရိပ်ရသော်၊ အေးမြသည်ပင်
ထို့ထက်လျှင်လည်း
ပဲ့ပြင်ဆရာ၊ အရိပ်မှာကား
ချမ်းသာပွား၏"

ဟူ၍ ဆရာ၏ဂုဏ်ရည်ကို လောကနီတိပျို့တွင် ဖွဲ့ဆိုထားပါသည်။ ၂၁ ရာစုယနေ့ခေတ်ကိုပညာခေတ်ဟုဆိုကြပါသည်။ ခေတ်၏ ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာကြီးတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုများသည် ပညာရပ်များ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အခြေပြုသွားလိမ့်မည်ဟုယူဆကြပါသည်။

ယနေ့ခေတ်တွင်နည်းပညာတိုးတက်မှု၏စွမ်းရည်ကြောင့် ပင်ခေတ်မီပညာရပ်အမျိုးမျိုး၊ ဗဟုသုတအမျိုးမျိုးကို ကွန်ပျူတာရှေ့မှာထိုင်ပြီး မိမိကိုယ်တိုင် internet အတွင်း ဖတ်နိုင်မှတ်နိုင်၊ သင်ကြားနိုင်ပညာသင်ယူနိုင်ပြီဖြစ်ပါသည်။

ခေတ်မီပစ္စည်းများကိုသုံးစွဲပြီးခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နိုင်ရန်မှာအနိမ့်ဆုံးအခြေခံအကျဆုံးအဖြစ် စာရေးတတ်၊ စာဖတ်တတ်ရမည်ဖြစ်ပါသည်။ သိပ္ပံနှင့်နည်းပညာရပ်များ အဘယ်မျှပင်ဖွံ့ဖြိုးတိုးတက်သည်ဆိုစေကာမူ ကျွန်မတို့သည် အခြေခံအကျဆုံးသော စာရေးတတ်၊ ဖတ်တတ်ရန်အတွက်ကိုမူ computer အားကိုး၍မရပါ။ လူတိုင်းလူတိုင်းသည် ကံ့ကူလက်လှည့်ငယ်ဆရာများကိုသာအားကိုးပြီး စာရေးတတ်စာဖတ်တတ်လာကြခြင်းဖြစ်ပါသည်။ ဆရာဆရာမများ၏ အသင်အပြကိုမခံယူရဘဲစာတတ်၊ ပညာတတ်ဖြစ်လာသူဟူ၍မရှိပါချေ။ မိမိတို့၏ ပညာသင်ဘဝခရီးကို ဆရာဆရာမများ၏ သင်ကြားမှု၊ လမ်းညွှန်မှုဖြင့်သာအစမှအဆုံးတိုင်အောင် လျှောက်လှမ်းခဲ့ကြရသူချည်း ဖြစ်ပါသည်။

မူကြိုတန်း၊ သူငယ်တန်းမှစ၍ပင် ဝလုံးကလေးဝိုင်းဝိုင်းရေးတတ်အောင်၊ ကကြီးခကွေးမှန်မှန်ရေးတတ်အောင် ဆရာဆရာမများက သင်ကြားပေးခဲ့ကြပါသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာသင်ဘဝများတွင် လည်းကောင်း၊ အဆင့်မြင့် တက္ကသိုလ်ပညာသင်ဘဝများတွင် လည်းကောင်း၊ ဆရာဆရာမများ၏ သင်ကြားလမ်းညွှန်မှုဖြင့် စာတတ်၊ ပေတတ်၊ ပညာတတ်များဖြစ်လာခဲ့ကြရပါသည်။ ဆရာများက ပေးသော ပညာဂုဏ်ရည်ဖြင့် လူလားမြောက်ခဲ့ကြရပါသည်။ ဆရာများကပေးသော ပညာဂုဏ်ရောင်ဖြင့် တင့်တောင့်တင့်တယ်ရှိခဲ့ကြရပါသည်။

သို့ကြောင့်လည်းလူဘောင်တွင် "ဆရာ"ကိုအလေးအမြတ်ထားကြသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင်မူရတနာသုံးပါးနှင့်တစ်ဂိုဏ်းတည်းထားရှိပြီးအနန္တောအနန္တ-အတိုင်းမသိကျေးဇူးရှိသူငါးပါးတွင် ထည့်သွင်းပူဇော်ထားပါသည်။ "ဆရာ" ဟူသောဝေါဟာရသည်ပင် "အာစရိ" ဟူသော သက္ကတစကားလုံးကို အသွင်ပြောင်းသုံးစွဲထားခြင်း ဖြစ်ပါသည်။ "ပညာသင်ကြားပေးသူ၊သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်ပညာလုပ်ငန်းတစ်ရပ်ရပ်တွင်ကျွမ်းကျင်သူ" ဟု အနက်ရှိပါသည်။

ဗုဒ္ဓဘုရားရှင်က သိင်္ဂါလောဝါဒသုတ္တန်တွင် သိင်္ဂါလသတို့သားအားဆရာ၏တာဝန် ဝတ္တရားငါးပါးကိုဟောကြားခဲ့ပါသည်။

"အတတ်လည်းသင်၊ ပဲ့ပြင်နိစ္စ
သိပ္ပမချန်၊ ဘေးရန်ဆီးကာ
သင့်ရာအပ်ပို့၊ ဆရာတို့
ကျင့်ဖို့ဝတ်ငါးဖြာ"

နှင့်အညီ ဆရာများသည် တပည့်များအားပညာလည်း သင်ပေးရသည်။ အမြဲမပြတ်လည်းသွန်သင်ဆုံးမကြရပါသည်။ စာသင်ရင်း၊ ပညာသင်ရင်းလောကဝတ်၊ လူ့ကျင့်ဝတ်များကိုလည်းသင်ပေးကြရသည်။ တစ်နည်းအားဖြင့် တပည့်များအားပညာထက်မြက်သူ၊ ကိုယ်ကျင့်တရားကောင်းမွန်သူ၊ ရည်မွန်ယဉ်ကျေးသူ၊ ကိုယ်နှုတ်နှလုံးလိမ္မာဖြူစင်သူ၊ စိတ်ဓာတ်အဆင့်အတန်းမြင့်သူများဖြစ်လာအောင် ထုဆစ်ပုံသွင်းပေးကြရပါသည်။

အမှန်တကယ် ပညာတတ်သောပညာတတ်များမရှိဘဲ၊ စိတ်ကောင်းစေတနာကောင်းကိုယ်ကျင့်တရားကောင်းသော လူတော်လူကောင်းများမရှိဘဲ၊ ထက်ထက်မြက်မြက် ထိထိမိမိဝီရိယရှိရှိအလုပ်လုပ်သူများမရှိဘဲ၊ နိုင်ငံတစ်နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်၍ မရရှိနိုင်ပါချေ။ သို့ကြောင့် ပညာတတ်သူ၊ စိတ်စေတနာကောင်းသူ၊ ကိုယ်ကျင့်တရားကောင်းသူ၊ ထက်မြက်သူ၊ ဝီရိယရှိသူများထွက်ပေါ်လာအောင် မွေးဖွားနိုင်သောဆရာများ၏ အခန်းကဏ္ဍသည် လောကလူ့ဘောင်အတွက် အလွန်အရေးကြီးအရေးပါလှပါသည်။

ကျွန်မတို့သည်လည်း ကျွန်မတို့၏ ဆရာဆရာမများ ဂုဏ်ကျေးဇူးကြောင့် လူ့လောကတွင် မျက်နှာပွင့်လန်းကြရခြင်းဖြစ်ပါသည်။ ဘဝများလန်းဆန်းကြရခြင်းဖြစ်ပါသည်။ ကျွန်မတို့ ပညာသင်ဘဝက ကျွန်မတို့၏ဆရာကြီးဆရာမကြီးများသည် ပညာအရာ၊ စေတနာအရာ၊ စိတ်ဓာတ်အရာ၊ ကိုယ်ကျင့်တရားအရာတွင် စံထားအပ်သူများဖြစ်ကြပါသည်။ သို့ကြောင့်လည်း ၎င်းဆရာကြီးဆရာမကြီးများ၏ ဂုဏ်ရည်ကို အောက်မေ့၍ မဆုံးကြည်ညို၍မပြီးပူဇော်၍ မဝနိုင်အောင် ဖြစ်ကြရပါသည်။ ထိုကြောင့်ပင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်အသီးသီးကျောင်းအသီးသီးတွင် မိမိတို့အားပညာလည်းသင် သွန်သင်ဆုံးမခြင်းလည်းပြုခဲ့ကြသောဆရာကြီးဆရာမကြီးများ၏ ဂုဏ်ရည်ကိုပူဇော်သည့် အာစရိယပူဇော်ပွဲများကိုခြိမ့်ခြိမ့်သဲသဲကျင်းပနေကြခြင်းဖြစ်ပါသည်။



ကျွန်မသည် တက္ကသိုလ်ဝင်တန်းအောင်သည်အထိ ခရစ်ယာန်သာသနာပြုကျောင်းတွင် ပညာသင်ခဲ့ရပါသည်။ ခရစ်ယာန်ဘာသာဝင် ဆရာကြီးဆရာမကြီးများသည် ကျွန်မတို့ကို နိုက်ကလပ်တက်အောင်၊ ပါတီတက်တတ်အောင်၊ အင်္ဂလိပ်သီချင်းကိုပဲဆိုတတ်အောင်၊ အလှအပအသစ်အဆန်းတွေကိုမက်မောအောင် လုံးဝလမ်းမညွှန်ခဲ့ကြပါ။ စာကြိုးစားအောင်၊ ယဉ်ကျေးလိမ္မာအောင်၊ မိန်းကလေးပီသအောင်၊ ရိုးရိုးသားသားဝတ်စားတတ်အောင်၊ ယောကျ်ားလေးတွေနှင့် မရောအောင်၊ ရည်းစားမထားအောင်၊ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မျက်နှာထားတင်းတင်းဖြင့် ထိန်းသိမ်းအုပ်ချုပ်ခဲ့ပါသည်။ ဗိုင်းကောင်းကျောက်ဖိနေခဲ့ကြရသောကြောင့် ကျွန်မတို့တစ်တွေသည် ဘဝလမ်းကိုဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ခဲ့ကြပါသည်။

၀တန်း၊ ၉တန်း၊ ၁၀တန်းတွင် ကျွန်မတို့ကိုမြန်မာစာသင်ခဲ့သောတီချယ်ဒေါ်မာသည် စစ်ကြိုခေတ်ကမြန်မာစာ ၁၀ တန်းအထိသာ သင်ခဲ့ရသူဖြစ်ပါသည်။ သို့သော် ၁၀တန်းမြန်မာစာကိုပိုင်ပိုင်နိုင်နိုင် သင်ပေးနိုင်ခဲ့သူဖြစ်ပါသည်။ ဘာသာရပ်ကိုပိုင်နိုင်ခြင်း၊ မျက်နှာမလိုက်ခြင်း၊ စည်းကမ်းကြီးခြင်း၊ ဣန္ဒြေကြီးခြင်းစသောဂုဏ်ရည်များကြောင့် နာမည်ကြီးရုံနှင့်ပင်ကျောင်းသားနှစ်ထောင်ခန့်ရှိသောကျောင်းမှ ကျောင်းသူကျောင်းသားများ ဖိမ့်ဖိမ့်တုန်ရသူဖြစ်ပါသည်။ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံသင်သောဆရာဆရာမများထက် အင်္ဂလိပ်စာမတတ် မြန်မာစာပဲတတ်သောဆရာမကြီးကို ပိုကြောက်ခဲ့ကြပါသည်။ တီချယ်ဒေါ်မာ၏ ကျေးဇူးကြောင့် ကျွန်မတို့သည် ၈ တန်းကျောင်းသူဘဝကပင် မြန်မာကဗျာစပ်နည်းကို ကျေကျေညက်ညက်သင်ခဲ့ကြရသည်။ မြန်မာကဗျာအမျိုးမျိုးကို စပ်နည်းမှန်မှန်ဖြင့် စပ်တတ်ခဲ့ကြသည်။ မြန်မာကဗျာများ၏ အလှနှင့်ရသကို ခံစားတတ်ခဲ့ကြပါသည်။ မြန်မာစာဆရာမဖြစ်လာမည့် ကျွန်မအတွက် အဖိုးမဖြတ်နိုင်သောပညာအမွေများဖြစ်ပါသည်။ တီချယ်ဒေါ်မာသင်ပေးခဲ့သော "အငင်မတတ်လျှင် ပန်းလျက်နှင့်မရ၊ အဆင်မတတ်လျှင် ဆန်းလျက်နှင့် မလှ၊ လက်ဖက်ကောင်းစားချင်လျှင် ပလောင်တောင်တက်နေ့ရမည်" စသောဆိုရိုးစကားများ၊ စကားပုံများသည်လည်း ကျွန်မအတွက် ယနေ့တိုင် လုပ်ငန်းလမ်းညွှန်များ ဖြစ်ခဲ့ပါသည်။ အသက် ၉၃ နှစ်ရှိပြီဖြစ်သောတီချယ်ဒေါ်မာဆီ ကျွန်မရောက်သွားသောအခါ အရောင်လက်ဆဲဖြစ်သောမျက်လုံးများဖြင့် ကျွန်မကိုကြည့်ပြီး၊ ကျွန်မလက်ကိုဆုပ်ကိုင်ကာ "မြန်မာစာကိုချစ်တဲ့ ခင်ဆွေမြင့်မဟုတ်လား" ဟု နှုတ်ဆက်ပါသည်။ ယခုမူ ကျွန်မတို့ဘဝတွင် ဘယ်သောအခါမျှ မေ့နိုင်မည်မဟုတ်သောအာစရိယဂုဏ်ရည်ဖြင့် ပြည့်ဝလှသည့် တီချယ်ဒေါ်မာသည် ခရစ်တော်တွင် အိပ်ပျော်ခဲ့ပြီဖြစ်ပါသည်။

မော်လမြိုင် မော်တင်လိန်းဂျဒ်ဆင် ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲတစ်ခုတွင် ကျွန်မတို့လေးတန်းကျောင်းသူဘဝက မြန်မာစာဆရာမဖြစ်သောတီချယ်ဒေါ်ဖက်ဖူးနှင့် တွေ့ဆုံခဲ့ပါသည်။ လေးတန်းကလေးများကို နေ့တိုင်းအိမ်စာပေး၊ အိမ်စာစာအုပ်များကိုနေ့တိုင်းအိမ်သယ်ပြီး စာစစ်သောဖြူဖြူနွဲ့နွဲ့ သွယ်သွယ်လျလျဆရာမ၏စေတနာနှင့် ဝီရိယကို ကျွန်မဆရာမဖြစ်ပြီးအတော်ကြီးကြာခါမှ စဉ်းစားမိခဲ့ပါသည်။ ဆရာမကြီးဒေါ်ဖက်ဖူး၏ ကျေးဇူးကြောင့် ကျွန်မတို့သည် လေးတန်းကျောင်းသူဘဝကပင်လျှင် ကွက်လပ်လည်းဖြည့်တတ်သည်။ မေးခွန်းလည်းဖြေတတ်သည်။ သတ်ပုံကိုလည်းမှန်မှန်ကန်ကန်ရေးတတ်ခဲ့သည်။ စာစီစာကုံးကိုလည်း စနစ်တကျ ရေးတတ်ခဲ့ပါသည်။ မြန်မာစာဖြင့် ဘဝကိုဖြတ်သန်းနေသော ကျွန်မသည် ဆရာမကြီးအသက်ရှည်ပါစေကြောင်း မကြာခဏဆုတောင်းပေးခဲ့မိပါသည်။ အခုတော့ ဆရာမကြီးလည်းကွယ်လွန်ခဲ့ပါပြီ။

ကျွန်မတက္ကသိုလ်သို့ရောက်သောအခါ တက္ကသိုလ်ဆရာကြီး၊ ဆရာမကြီးများ၏ တက္ကသိုလ် ပညာအမွေပေးဝေသည်ကို ခံယူခဲ့ရပါသည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဆရာမကြီးဒေါ်ခင်စောသည် ကျွန်မတို့အား ပုဂံကျောက်စာများ သင်ပေးခဲ့ပါသည်။ ကျောက်စာတစ်ချပ်ချင်းကိုစကားလုံးသုံးစွဲပုံ၊ ဝါကျဖွဲ့စည်းပုံ၊ အလင်္ကာဖန်တီးပုံမှအစသာသနာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးစသောရှုထောင့်အထွေထွေမှ စေ့စေ့စပ်စပ်ပို့ချပါသည်။ ဆရာမကြီးသည် စာပေချစ်စိတ်၊ ယဉ်ကျေးမှုချစ်စိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိရမည်ဟူသော စကားမျိုးကိုတစ်ခွန်းမျှ တည့်တည့်ကြီးမပြောပါဘဲကျောက်စာပို့ချချက်တစ်ချပ်ပြီးဆုံးသည်နှင့်ပင် တန်ဖိုးမဖြတ်နိုင်သည့် အထက်ပါစိတ်ဓာတ်များသည် ကျွန်မတို့အားလုံး၏ရင်ထဲတွင် အမြစ်တွယ်စွဲငြိသွားပါတော့သည်။

ပညာပြည့်ဝခြင်း၊ ဂုဏ်သိက္ခာပြည့်ဝခြင်း၊ တရားပြည့်ဝခြင်းများနှင့်ပြည့်စုံသောဤသို့သော ဆရာမကြီးများသည် မြန်မာအမျိုးသမီးကြီးများ ဖြစ်ကြပါသည်။ ဂုဏ်သိက္ခာကို အသပြာနှင့် မလဲကြသူများ၊ ဂုဏ်သိက္ခာကိုရိက္ခာနှင့်မလဲကြသူများဖြစ်ကြပါသည်။ ကျွန်မတို့သည် ဤသို့သော ဆရာမကြီးများကိုလက်အုပ်ချီမိုး၍ရှိခိုးပူဇော်ရခြင်း၊ ကန်တော့လက်ဆောင်ပစ္စည်းများ ပေးပို့ရခြင်းကိုပင်လျှင် မဝနိုင်အောင်ဖြစ်ခဲ့ရပါသည်။

ဆရာဆရာမများသည် အနာဂတ်ကိုဖန်တီးသူ၊ ပန်းများကိုပွင့်စေသူ၊ ပန်းရနံ့များကို မွှေးစေသူများဖြစ်ကြပါသည်။ ကျွန်မတို့မြန်မာနိုင်ငံ၏ ပညာရေးလောကတွင် ဆရာအရေအတွက်ထက် ဆရာမများ၏ အရေအတွက်သည် အဆများစွာ များပြားပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ပညာရေးကို တာဝန်ယူနေသူများမှာ မြန်မာအမျိုးသမီးများဖြစ်သည်ဟု ပင်ဆိုနိုင်လောက်ပါသည်။ တစ်နည်းဆိုရလျှင် အနာဂတ်မြန်မာပြည်သူတို့၏ ပညာပြည့်ဝ နှလုံးလှမှုအနာဂတ်မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများသည် ဆရာမများဖြစ်ကြသောမြန်မာအမျိုးသမီးများ၏လက်ဝယ်တွင် ရှိသည်ဟုလည်းပြောနိုင်လောက်ပါသည်။

သို့ဖြစ်ပါသောကြောင့်ကျွန်မတို့၏နိုင်ငံတော်၌ပညာတတ်မရှိပါလျှင်၊လူတော်လူကောင်းမထွက်ပါလျှင်၊ ပန်းကောင်းမပွင့်ပါလျှင်၊ ပန်းများမမွှေးပါလျှင် ဆရာမဖြစ်သောမြန်မာအမျိုးသမီးများ၏ တာဝန်ကပိုကြီးနေပါလိမ့်မည်။

မြန်မာအမျိုး သမီးဆရာမများအတွက် အလွန်ကြီးမားသော၊ အလွန်ဝန်လေးသော တာဝန်ဖြစ်ပါသည်။ ဤတာဝန်သည် အနာဂတ်မြန်မာနိုင်ငံနှင့် အနာဂတ်မြန်မာ့ပညာရေးအတွက် မကျေပွန်လျှင်လုံးဝမဖြစ်သောတာဝန်လည်းဖြစ်ပါသည်။

ပညာသင်ပေးရခြင်းသည် ဆရာဆရာမများ၏ အခြေခံအကျဆုံးသောအဓိကတာဝန်ဖြစ်သောကြောင့် ဆရာဆရာမများသည် မိမိတို့ကိုယ်တိုင်ပညာရည်ပြည့်ဝနေရန်အထူးလိုအပ်လှပါသည်။ ပညာဟူသည် စာမေးပွဲအောင်ထားရုံ၊ ဘွဲ့ရထားရုံဖြင့် ပြည့်စုံသည်မဟုတ်။ စဉ်ဆက်မပြတ် ဆည်းပူးနေရသော အရာဖြစ်ပါသည်။ ယနေ့ခေတ်သည် "life long learning တစ်သက်တာပညာရေး" ခေတ်ဖြစ်ပါသည်။

ဆရာဆရာမများသည် ဘာသာရပ်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာများကို မှန်မှန်ကန်ကန်၊ ကျွမ်းကျွမ်းကျင်ကျင်၊ ပြည့်ပြည့်စုံစုံတတ်ကျွမ်းနေရန်အတွက် အခါမလပ်ပညာ ဆည်းပူးနေကြရန် အထူးလိုအပ်လှပါသည်။ ဆရာသည် စာသင်ရုံနှင့်မပြီး။ တပည့်များအား လိမ္မာယဉ်ကျေးအောင်၊ကိုယ်ကျင့်တရားကောင်းမွန် အောင်၊ ဘဝခရီးကိုဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင် အောင်၊ ဆုံးမသွန်သင်ပေးရမည့် တာဝန်လည်းရှိပါသည်။ ဤတာဝန်ကိုအောင်မြင်အောင် ထမ်းဆောင်နိုင်ရန်အတွက်

"ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့"

ဟူ၍ ပြော၍မရပါ။

"ရှေ့ဆောင်နွားလား၊ ဖြောင့်ဖြောင့်သွားက၊ နောက်နွားစဉ်စိုက်၊

ဖြောင့်ဖြောင့်လိုက်၏။ ရှေ့ဆောင်နွားလား၊ ကောက်ကောက်သွားက၊

နောက်နွားစဉ်စိုက်၊ ကောက်ကောက်လိုက်၏"

ဟူသောစကားနှင့်အညီပင် ဆရာဆရာမများကိုယ်တိုင်က နမူနာကောင်းပြနိုင်သူများ ဖြစ်ရပါမည်။ ဝတ်စားနေထိုင်သွားလာပြောဆိုမှုများတွင်စံပြဖြစ်နေရပါမည်။ ကိုယ်ကျင့်တရားဖြောင့်မတ်ဖြူစင်သူ၊ မိမိလူ့အဖွဲ့အစည်းကတန်ဖိုးထားသောလူမှုကျင့်ဝတ်များကိုစောင့်ထိန်းသူများဖြစ်ရပါမည်။ လူဆိုသည်မှာ မှားတတ်ကြပါသည်။ ဆရာဆရာမများမှာမူ မမှားရအောင် အမှားမရှိအောင် နေရမည့်သူများဖြစ်ပါသည်။

တပည့်များက စံထားရသူများဖြစ်သောကြောင့် ပညာပြည့်ဝစိတ်ထားလှရုံမျှမကဂုဏ်သိက္ခာဖြင့် တင့်တယ်သူများဖြစ်ကြရပါမည်။ ဆရာဆရာမများသည်အတန်းထဲတွင် စာကိုသေသေ ချာချာမသင်။ စိတ်ကောင်းနှလုံးကောင်း၊ ကိုယ်ကျင့်တရားကောင်း၊ နမူနာကောင်းကိုမပြ။ တပည့်များနှင့် သူငယ်ချင်းလိုပေါင်းလိုပေါင်း။ တပည့်များနှင့်အပြိုင် အလေအဖျင်းစကားများပြောလိုပြော။ တပည့်များကို အထက်စီးက ဆက်ဆံလိုဆက်ဆံ။ ကျောင်းသားကို သာမကကျောင်းသားမိဘများကိုပါ တပည့်လိုသဘောထားလိုထားခြင်းစသည့်များသည် ဆရာ၏ဂုဏ်ရည်ကို ညှိုးနွမ်းစေသောအပြုအမူများ ဖြစ်ပါသည်။ တပည့်များ၏ ပညာနှင့်အလိမ္မာကိုလည်း ထိခိုက်နစ်နာစေပါသည်။

ကျောင်းသားကျောင်းသူများသည် အမြဲတမ်းကျောင်းသားဖြစ်နေမည်မဟုတ်ပါ။ အမြဲတမ်းတပည့်ဖြစ်နေမည်မဟုတ်ပါ။ အမြဲတမ်းကလေးဖြစ်နေမည်မဟုတ်ပါ။ **ယနေ့လူငယ်သည် နောင်ဝယ်လူကြီးဖြစ်လာကြပါမည်။**

ထိုအခါ ပညာသင် ဘဝ၌ ကြုံခဲ့ရသောဤသို့သောဆရာဆရာမမျိုးများကို မည်သို့မျှကြည်ညိုလေးစားနိုင်ကြမည်မဟုတ်ပါ။ စာမေးပွဲတစ်ခါ အောင်ပြီးတိုင်း၊ အတန်းတစ်တန်းတက်ပြီးတိုင်း၊ အတန်း ဟောင်းမှ စာသင်ဆရာဆရာမများကို အတိတ်တွင် ထားခဲ့ကြပါလိမ့်မည်။

ရှေးမြန်မာကြီးများသည် ဆရာဟူသည် သွန်သင်လမ်းညွှန်ရန်ပင်မလိုသောပြီးပြည့်စုံသူများ ဖြစ်သည်ဟုမှတ်ယူခဲ့ကြဟန်ရှိပါသည်။ ရှေးဆုံးမစာများစွာတွင် ပညာ၏တန်ဖိုး၊ ပညာရှာနည်း၊ ပညာသင်နည်းနှင့် တပည့်များကိုသွန်သင်လမ်းညွှန်သည့်စာများကိုသာ တွေ့ရှိရပါသည်။

"မိုကောင်းဆရာ၊ ဆုံးမခါ၊ စိတ်မှာစွဲမှတ်နာရမည်"၊ "ဆရာတို့အား၊ ကျူးလွန်မှား၊ သင်ကြားပညာပျောက်တတ်သည်" စသည်ဖြင့် ဆရာ့စကား နားထောင်ရန်၊ ဆရာ့အားပြစ်မှားခြင်းမပြုရန်အတွက်ပင် ခြောက်လှန့်ထိန်းကွပ်ခဲ့ကြသည်။ *စာမျက်နှာ ၇ သို့*

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအားတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul R. Seger အား ယနေ့နံနက်ပိုင်းတွင် ဘုရင့်နောင်ရိပ်သာညှော်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရှင်းလင်းဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော်သံအမတ်ကြီးက ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားရာနေရာများသို့ အောက်တိုဘာ ၂ ရက်တွင် နိုင်ငံခြားသံအမတ်ကြီးများနှင့်အတူ သွားရောက်လေ့လာခဲ့သည့် ခရီးစဉ်နှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**(သတင်းစဉ်)**





# စစ်တွေမြို့ စက်ရုံစုရပ်ကွက် ဘုရားလေးဆူဘုန်းတော်ကြီးကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ တိုင်းရင်းသားများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၃**

စစ်တွေမြို့ စက်ရုံစုရပ်ကွက် ဘုရားလေးဆူ ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေး စခန်းရှိ ဒိုင်းနက်၊ မြိုနှင့် ရခိုင်တိုင်းရင်း သားများအား ပြည်နယ်တိုင်းရင်းဆေး ပညာဦးစီးဌာနမှ ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

စစ်တွေမြို့ ယာယီကယ်ဆယ်ရေး စခန်းများရှိ တိုင်းရင်းသားများအား မိမိတို့ တတ်ကျွမ်းသည့် တိုင်းရင်းဆေးပညာဖြင့် ဆေးကုသမှုပေးခြင်း ဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနရုံးချုပ်မှလည်း နယ်လှည့်ကွင်းဆင်း ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သောဆေးဝါးများ ထောက်ပံ့ပေးပါကြောင်း၊ ယခုကယ်ဆယ်ရေးစခန်း၌ အများဆုံး ကုသပေးခဲ့ရသော ရောဂါများမှာ သွေးတိုး၊ လေငန်း၊ အစာမကြေ၊ ခေါင်းမူး၊ ခါးနာ၊ ဒူးနာ၊ ရင်ကျပ်၊ အနာပေါက်၊ အဆစ်နာခြင်း၊ ချောင်းဆိုးခြင်းနှင့် အရေပြားရောဂါများကို ကုသပေးခဲ့ကြောင်း ပြည်နယ်ဦးစီးမှူး ဒေါ်သိန်းသိန်းဦးက ပြောသည်။

ယနေ့တွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ စစ်တွေမြို့ စက်ရုံစုရပ်ကွက် ဘုရားလေးဆူ ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းရှိ ဒေသခံတိုင်းရင်းသား ၈၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်မှ ရခိုင်ပြည်နယ်ကူညီထောက်ပံ့ရေးအဖွဲ့သို့ ငွေကျပ်သိန်း ၃၀၀ လှူဒါန်း

**စစ်တွေ အောက်တိုဘာ ၃**

မောင်တောဒေသရှိ တိုင်းရင်းသားများ အတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာ ရှေးရှု မြန်မာမှုအစီအစဉ်မှ ရခိုင်ပြည်နယ် ကူညီထောက်ပံ့ရေးအဖွဲ့ (နာရေးကူညီမှု အသင်း-စစ်တွေ)သို့ ယနေ့နံနက် ၉ နာရီ တွင် စစ်တွေမြို့ ရွှေသဇင်ဟိုတယ်ခန်းမ၌ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

လှူဒါန်းပွဲ၌ မြန်မာဘရူဝါရီလီမိတက် ၏ ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်မှ Chief Operating Officer ဖြစ်သူ ဦးကျော်ကြားက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရခိုင်ပြည်နယ် ကူညီထောက်ပံ့ရေးအဖွဲ့မှ တာဝန်ရှိသူများထံ ငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းသည်။

မြန်မာဘရူဝါရီလီမိတက် အနေဖြင့် မိတ်ဖက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ထမ်းမိသားစုများ ပူးပေါင်း၍ ကရုဏာ ရှေးရှုမြန်မာမှု အစီအစဉ်ဖြင့် စက်တင်ဘာ ၂၃ ရက်တွင် ပထမအကြိမ်အဖြစ် ယာယီ နေရပ်စွန့်ခွာ တိုင်းရင်းသားများအတွက် ဆန်အိတ် ၁၀၀ နှင့် ဆီပိဿာ ၁၀၀ ကို လှူဒါန်းခဲ့ပြီး ယခုဒုတိယအကြိမ်အဖြစ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်သိန်း ၃၀၀ ကို လှူဒါန်းခြင်း ဖြစ်သည်။

ထို့နောက် ရခိုင်ပြည်နယ် ကူညီ ထောက်ပံ့ရေးအဖွဲ့ နာယက ဦးမောင်ထွန်းကျော်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

"နာရေးကူညီမှုအသင်း (စစ်တွေ) တစ်ခုတည်းနဲ့ ပြည်နယ်အတွင်း ဘေးအန္တရာယ်တွေ ကျရောက်တဲ့အချိန် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ မနိုင်နင်းတဲ့အတွက် စစ်တွေမြို့က ပြည်သူတွေနဲ့ ပူးပေါင်းပြီး ရခိုင်ပြည်နယ် ကူညီထောက်ပံ့ရေးအဖွဲ့ဆိုပြီး ဖွဲ့စည်းခဲ့ပါတယ်။ ယနေ့အထိ လက်ခံရရှိထားတဲ့ အလှူငွေတွေနဲ့ မောင်တောဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေထဲက စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကို အဓိကထား ကူညီပေးသွားမှာပါ" ဟု အသင်းဥက္ကဋ္ဌ ဦးသန်းရွှေက ပြောသည်။

**တင်ထွန်း(ပြန်/ဆက်)**



**✻ ကျောဖုံးမှ**

မြန်မာ့မီးရထားသည် သီတင်းကျွတ်ကာလ ရုံးပိတ်ရက်များတွင် လက်ရှိပြေးဆွဲပေးနေသော ရထားများအပြင် အထူးရထားများကို သီတင်းကျွတ်မတိုင်ခင်နှင့် သီတင်းကျွတ်ကာလအပြီးတွင် အဓိကပြေးဆွဲပေးမည်ဖြစ်သည်။ လက်ရှိပုံမှန်ပြေးဆွဲပေးနေသော ရထားများမှာ အဓိက ရန်ကုန်-မန္တလေးလမ်းကြောင်းတွင် အစုန်-အဆန် ခြောက်စင်း၊ စာပို့ အစုန်-အဆန် နှစ်စင်း စုစုပေါင်း ရှစ်စင်းပြေးဆွဲပေးလျက်ရှိသည်။ အဆိုပါ ရန်ကုန်- နေပြည်တော်လမ်းကြောင်းတွင်လည်း အမြန်ရထား အစုန်-အဆန် လေးစင်းဖြင့် ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့မီးရထားမှ သီတင်းကျွတ်ကာလ အထူးရထားတိုးချဲ့ပြေးဆွဲမှုကို အောက်တိုဘာ ၃ ရက်တွင် နေပြည်တော်- ရန်ကုန် စတင်ပြေးဆွဲခဲ့ပြီး ယင်းအထူးရထား၌ ရိုးရိုးတန်း ခုနစ်တွဲ၊ အထက်တန်း လေးတွဲ၊ အထက်တန်းအိပ်စင်နှစ်တွဲနှင့် ဘရိတ်တွဲ တစ်တွဲ စုစုပေါင်း ၁၄ တွဲပါရှိပြီး ည ၇ နာရီခွဲတွင် နေပြည်တော်ဘူတာကြီးမှ စတင်ထွက်ခွာသည်။ အဆိုပါ အထူးရထားသည် ရန်ကုန်ဘူတာကြီးသို့ နောက်တစ်နေ့ နံနက် ၄ နာရီ ၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ ယင်းနောက် အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်-မန္တလေးလမ်းပိုင်း၌ အထူးရထားပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးမှ ညနေ ၄ နာရီတွင် ထွက်ခွာမည်ဖြစ်ကာ နောက်တစ်နေ့ နံနက် ၆ နာရီတွင် မန္တလေးသို့ ဆိုက်ရောက်မည်ဖြစ်သည်။ ယင်းအထူးရထားတွင် ရိုးရိုးတန်းခုနစ်တွဲ၊ အထက်တန်း လေးတွဲ၊ အိပ်စင်နှစ်တွဲနှင့် ဘရိတ်တွဲတစ်တွဲ ပါရှိမည်ဖြစ်ပြီး တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်နှင့် သာစည်ဘူတာတို့၌ ရပ်နားမည် ဖြစ်ကြောင်း သိရသည်။

မန္တလေး-ရန်ကုန် အစုန်အထူးရထားကို အောက်တိုဘာ ၇ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်၍ ရန်ကုန်ဘူတာကြီးသို့ နံနက် ၆နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ ယင်းအစုန် အထူးရထားတွင်လည်း တွဲဆိုင်း ၁၄ ဆိုင်းပါဝင်မည်ဖြစ်ပြီး တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်ဘူတာများတွင် ရပ်နားမည်ဖြစ်သည်။ နိုဝင်ဘာ ၈ ရက်တွင် ရန်ကုန်- နေပြည်တော်- မန္တလေး ခရီးစဉ်လမ်းပိုင်း ပြေးဆွဲပေးမည့် အထူးရထားမှာ ရန်ကုန်မှ ညနေ ၈ နာရီခွဲတွင် ထွက်ခွာမည်ဖြစ်ပြီး နေပြည်တော်ဘူတာသို့ နံနက် ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ယင်းမှတစ်ဆင့် မန္တလေးသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ရာ နံနက် ၁၁ နာရီတွင် မန္တလေးဘူတာကြီးသို့ ဆိုက်ရောက်မည် ဖြစ်သည်။ ယင်းအထူးရထားသည် ရန်ကုန်နှင့် နေပြည်တော်လမ်းပိုင်း၌ ပုံမှန်အတိုင်း ရပ်နားသွားမည်ဖြစ်ပြီး နေပြည်တော်နှင့် မန္တလေးလမ်းပိုင်းတွင် တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ သဲတော၊ မြစ်သားနှင့် ကျောက်ဆည် ဘူတာများ၌ ရပ်နားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း မြန်မာ့မီးရထားအနေဖြင့် ပုံမှန်ရထားများကိုလည်း ပုံမှန်အချိန်တိုင်း ပြေးဆွဲပေးလျက်ရှိပြီး တွဲဆိုင်းများကို တိုးချဲ့ချိတ်ဆွဲပေးထားသကဲ့သို့ အထူးရထားလေးစင်းကိုလည်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။ တိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားဈေးနှုန်းများကိုလည်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ပုံမှန်ပြေးဆွဲပေးလျက်ရှိသော ရထားများနည်းတူ ရိုးရိုးတန်းငွေကျပ် ၄၆၅၀ နှင့် အထက်တန်းငွေကျပ် ၉၃၀၀ နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

***စာမျက်နှာ ၆ မှ***

ဆရာများအတွက်မူ ဘုရားရှင်ဟောကြားသည့် ဆရာ့ဝတ္တရား ငါးပါးကိုသာ ဖော်ပြကြပြီး ဆရာကို သွန်သင်ဆုံးမသော ဆုံးမစာဟူ၍ ထင်ထင်ရှားရှား မတွေ့ရှိရပါချေ။ တစ်နည်းအားဖြင့် ရှေးဆရာများသည် လမ်းညွှန်စကားမှာကြားရန် မလိုအောင်ပင် ဆရာ့ဂုဏ်ရည် ပြည့်မီသူများလည်း ဖြစ်ခဲ့ကြပေလိမ့်မည်။ အာစရိယပူဇော်ပွဲများသည် ကျေးဇူးကြီးမားသော၊ တန်ဖိုးကြီးမားသော၊ ဂုဏ်ကျက်သရေရှိသော ဆရာကြီး ဆရာမကြီးများကို ပူဇော်ကြသောပွဲများဖြစ်ပါသည်။

ကျွန်မတို့ခေတ် ကျွန်မတို့ဆရာ ဆရာမများ အငြိမ်းစားယူပြီး အသက်အရွယ်ကြီးလာချိန်တွင်လည်း ပညာနှင့် ကျေးဇူးတရားကို အလေးအမြတ်ထားသော မြန်မာလူမျိုးများအနေဖြင့် အာစရိယပူဇော်ပွဲများ ကျင်းပပြုလုပ်ကြဦးမည်ဖြစ်ပါသည်။

ဤအခါ ကျွန်မတို့၏ တပည့်များသည် မြန်မာ့အစဉ်အလာအရ အာစရိယပူဇော်ပွဲ ပြုလုပ်ရခြင်းသာဖြစ်ပြီး ကန်တော့ခံဆရာ ဆရာမများအား ရင်ထဲစိတ်ထဲကမကြည်ညိုဘဲ လက်အုပ်ချီနေကြခြင်းဖြစ်နေမည်ကို ကျွန်မစိုးရိမ်ထိတ်လန့်မိပါသည်။

အာစရိယပူဇော်ပွဲများတွင် ငယ်သူငယ်ချင်းတွေ ပြန်ဆုံချင်ခြင်းသည်သာ အဓိကဖြစ်ပြီး ဆရာ ဆရာမများအား ပူဇော်ကန်တော့ခြင်းသည် သာမညဖြစ်သွားလေမည်လားဟု တွေးတောမိပါသည်။ အဓိကနေရာ၊ ပဓာနနေရာမှ သာမညနေရာသို့ ဆရာ ဆရာမများ ရောက်ရှိသွားနိုင်ခြင်းသည် တပည့်များအား ပညာနှင့် အလိမ္မာကိုမပေးနိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။

ဆရာ၏လေးစားကြည်ညိုဖွယ်ဂုဏ်ရည်များ လျော့ပါးခဲ့သောကြောင့်ပင် ဖြစ်ပါသည်။ ကိုယ်ကျင့်တရားအရာ၊ စိတ်ဓာတ်အရာ၊ လူမှုကျင့်ဝတ်အရာများတွင် စံထားလောက်သူများ မဖြစ်ခဲ့သောကြောင့်သာ ဖြစ်ပါသည်။

ထို့ထက်ပို၍ အရေးကြီးသည်မှာ ပညာနှင့်အလိမ္မာကို ပြည့်ဝကောင်းမွန်စွာ မရရှိခဲ့သောသူများက တာဝန်ယူရသည့် နိုင်ငံတော်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးစသော အဘက်ဘက်မှ စိုးရိမ်ကြောင့်ကြဖွယ်ရာများ ဖြစ်လာနိုင်ခြင်း၊ ရှိလာနိုင်ခြင်းပင် ဖြစ်ပါသည်။

ဤသို့သော အဖြစ်မျိုးများနှင့် တွေ့ကြုံရသောအခါ တာဝန်ရှိသူများထဲတွင် အများစုဖြစ်သောဆရာ ဆရာမများ ပါဝင်နေမည်မှာ သေချာလှပါသည်။ ထို့ကြောင့် တာဝန်ကြီးမားလှသော ဆရာ ဆရာမများသည် ပညာပြည့်ဝသည့်၊ စေတနာပြည့်ဝသည့်၊ ကိုယ်ကျင့်တရားလှပသည့်၊ အတွေးအခေါ် မှန်ကန်လေးနက်သည့်၊ ရင့်ကျက်တည်ကြည်သည့် ဆရာ့ဂုဏ်ရည်နှင့် ပြည့်စုံသူများဖြစ်အောင် ကြိုးစားအားထုတ်သင့်လှပါသည်။ ဆရာ ဆရာမများ၏ ဂုဏ်ကျက်သရေဖြင့် ပညာ၏ဆီမီးတန်ဆောင်၊ နိုင်ငံတော်၏ ဂုဏ်ရည်ဂုဏ်ရောင်များ ထွန်းပြောင်ဝင်းပစေသင့်ပါသည်ဟု ထင်မြင်ယူဆမိပါကြောင်း တင်ပြလိုက်ရပါသည်။

**"အသိအလိမ္မာ**
**မြတ်ပညာတည့်**
**နှံ့သာထုံမွှမ်း**
**လှသောပန်းများ**
**ပွင့်လန်းဝေဆာကြပါစေ။ စေတနာရေချမ်းဖျန်းပက်ဝေ။**
**အာစရိယဂုဏ်ရည်လွှမ်းဖြာဝေ။ ။"**

# ကျိုက်ဝိုင်းစေတီတော်တွင် ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်း သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် ဆီမီး ၁၁၀၀၀ သီတင်းကျွတ်လဆန်း ၁၄ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ သုံးရက်သုံးညတိုင် ထွန်းညှိပူဇော်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နေ့ရက်များတွင် နံနက်ပိုင်းမှစ၍ ဘုရားရင်ပြင်တော်ပေါ်တွင် ဖြူးကျောင်းဆရာတော်က သီလပေးတရား၊ အလုံကျောင်းဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရား ဓာတ်တော်များ၊ အဂ္ဂသာဝက ရဟန္တာဓာတ်တော်များအား အရှေ့ဘက်အာရုံခံတန်ဆောင်း၌ အနီးကပ် ဖူးမြော်ကြည်ညိုနိုင်ရန်အတွက်လည်း ပင့်ဆောင်ထားမည်ဖြစ်သည်။ ဘုရားဖူးလာ ပြည်သူအပေါင်းကို စတုဒိသာများဖြင့် ကျွေးမွေးညှော်ခံလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# ပြည်သူတွေအနေနဲ့ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် တရားဝင်ဖြစ်သလား၊ အများပိုင်ကုမ္ပဏီဖြစ်သလား၊ ဗဟိုဘဏ်က ခွင့်ပြုထားသလား အချက်အလက်တွေ သေချာပြီဆိုမှ ရင်းနှီးမြှုပ်နှံစေချင်

**သတင်းမှတ်စု-ရှင်မင်း၊ မွှေးကြူ၊ ဓာတ်ပုံ- အေးသန်း**

**ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် ချေးငွေလုပ်ငန်းများကို တရားမဝင်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်အုန်းတို့သည် အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ စကားဝိုင်းဆွေးနွေးပွဲပုံစံဖြင့် တွေ့ဆုံဆွေးနွေးခဲ့ကြရာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဖော်ပြလိုက်ပါသည်။**

**ဒုတိယဝန်ကြီး။** ။ ကျွန်တော်တို့ ဒီနေ့ ဆွေးနွေးတင်ပြမယ့်အကြောင်းအရာကတော့ တရားဝင်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်မရှိဘဲနဲ့ ငွေကြေးဆိုင်ရာလုပ်ငန်းတွေကို လုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေကြောင့် အများပြည်သူတွေရဲ့ ငွေကြေးတွေ ဆုံးရှုံးနစ်နာတာတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီနေ့ ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းအတွက် ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ငွေကြေးအရင်းအနှီးတွေ လိုအပ်နေတဲ့သူတွေ ရှိပါတယ်။ တချို့ကျတော့ ငွေကြေးပိုင်ဆိုင်မှုရှိပေမယ့် တိုးပွားအောင် မလုပ်တတ်ဘဲ ပိုနေတဲ့သူတွေရှိပါတယ်။ ဒီလိုအပ်နေတဲ့သူနဲ့ ပိုနေတဲ့သူကြားမှာ ပေါင်းကူးချိတ်ဆက်ပေးတာကတော့ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ ဘဏ်တွေလည်း ပါဝင်သလို ဘဏ်မဟုတ်တဲ့ အဖွဲ့အစည်းတွေလည်းပါပါတယ်။ ဒီအဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့တွေဆီမှ တရားဝင်ခွင့်ပြုတဲ့ လုပ်ငန်းလိုင်စင်ရရှိပြီးမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ရှိပါတယ်။

ဒီလိုတရားမဝင် လုပ်ကိုင်ခွင့်မရှိဘဲ လုပ်ဆောင်နေသူတွေကို အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ် ၂၀၀၃ ခုနှစ် ပတ်ဝန်းကျင်ကလည်း ရောမြေအကျိုးဆောင်လုပ်ငန်း၊ သစ္စာပန်းခင်း၊ မြန်မာကျန်ယွမ် စတဲ့ အဖွဲ့အစည်းတွေက အတိုးနှုန်းတွေ မက်လုံးပေးပြီးတော့ ဆောင်ရွက်ခဲ့တဲ့အတွက် နစ်နာဆုံးရှုံးခဲ့ရသူတွေ ရှိပါတယ်။ ဒီအပေါ်မှာ အရေးယူဆောင်ရွက်ခဲ့တာလည်း ရှိပါတယ်။ ဒါ့ကြောင့် ဒီနေ့မှာ ပြည်သူတွေကို သိရှိစေလိုတဲ့ အချက်အလက်တွေကို အတူတကွ ဆွေးနွေးပေးကြမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးအနေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနဲ့ မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ ဘဏ်အဖွဲ့အစည်းနဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေရဲ့ အကြောင်းကို ရှင်းပြပေးပါ။

**ဒုတိယဥက္ကဋ္ဌ။** ။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနဲ့တိုက်ရိုက်သက်ဆိုင်တဲ့ ဥပဒေသုံးခုရှိပါတယ်။ ပထမဆုံးတစ်ခုက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပါ။ ဒီဥပဒေက ဗဟိုဘဏ်နဲ့သာ သက်ဆိုင်တဲ့အတွက် ဒီနေ့မဆွေးနွေးတော့ပါဘူး။ ကျန်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနဲ့ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေဖြစ်ပါတယ်။ ဒီဥပဒေနှစ်ခုက ပြည်သူနဲ့ တိုက်ရိုက်ပတ်သက်နေပြီးတော့ ဝန်ဆောင်မှုတွေ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၈ မှာ ဘဏ်လုပ်ငန်း ထူထောင်လုပ်ကိုင်မယ်ဆိုရင် ဘယ်လိုအချက်တွေကို ဆောင်ရွက်ရမယ်ဆိုတာကို ဖော်ပြထားပါတယ်။ ဒီလိုအချက်တွေနဲ့ လျှောက်ထားလာရင် ဘဏ်လိုင်စင်ကို ထုတ်ပေးပါတယ်။ ပုဒ်မ ၂၁ မှာ ဘဏ်မဟုတ်တဲ့ အဖွဲ့အစည်းများအတွက် လုပ်ငန်းဆောင်ရွက်လိုရင် ဆောင်ရွက်ရမယ့် အချက်တွေကို ဖော်ပြထားပါတယ်။ ဒီအချက်တွေနဲ့ ကိုက်ညီအောင် လျှောက်ထားရင် လိုင်စင်ထုတ်ပေးပါတယ်။ ဒါ့ကြောင့် လိုင်စင်နှစ်မျိုးထုတ်ပေးနေပါတယ်။



**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ပုဒ်မ ၂၃ မှာ ဘဏ်မဟုတ်တဲ့ အဖွဲ့အစည်းတွေက လုပ်ငန်းဆောင်ရွက်နိုင်တဲ့ လုပ်ငန်းခုနစ်ခုဖော်ပြထားတယ်။ ဒါပေမယ့် ၆ နဲ့ ၇ မှာ ဖော်ပြထားတဲ့ လုပ်ငန်းတွေက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်တဲ့ လုပ်ငန်းတွေဖြစ်တဲ့အတွက် ၁ ကနေ ၅ အထိ ဖော်ပြထားပါတယ်။

ပုဒ်မ ၅၂ မှာကျတော့ ဘဏ်လုပ်ငန်းတွေက ဘာလုပ်ငန်းတွေကို ဆောင်ရွက်ရမယ်ဆိုတာကို အတိအကျ ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေအရ ပုဒ်မ ၁၆၃ မှာ အပ်ငွေလက်ခံတဲ့ လုပ်ငန်းတွေကို ဗဟိုဘဏ်က ထုတ်ပေးထားတဲ့ လိုင်စင်မရှိဘဲ ဘယ်သူမှ မဆောင်ရွက်ရဘူးဆိုတဲ့ ကန့်သတ်တားမြစ်ချက်ရှိပါတယ်။

တကယ်လို့ လုပ်ဆောင်ခဲ့ရင် ထောင်ဒဏ် နှစ်နှစ်ကနေ ငါးနှစ်အထိချမှတ်နိုင်တယ်။ နောက်ပြီး ငွေဒဏ်က သန်းငါးရာအထိချမှတ်နိုင်တယ်။ ဒီပြစ်ဒဏ်နှစ်ခုကို တစ်တွဲတည်းချမှတ်ရမယ်ဆိုတဲ့ ပြစ်ဒဏ်သတ်မှတ်ချက်မျိုးရှိပါတယ်။

နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေမှာ လိုင်စင်နှစ်မျိုးထုတ်ပေးပါတယ်။ ပထမတစ်ခုက နိုင်ငံခြားသုံးငွေ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်ဖြစ်ပါတယ်။ နောက်လိုင်စင်တစ်ခုက ငွေကြေးလဲလှယ်ရောင်းဝယ်ရေးလုပ်ငန်းလိုင်စင်ဖြစ်ပါတယ်။ ဒီလိုင်စင်မရှိဘဲ လုပ်ငန်းလုပ်ကိုင်မယ်ဆိုရင် ဥပဒေ ပုဒ်မ ၄၂ အရ နှစ်နှစ်ထက်မပိုတဲ့ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ချမှတ်နိုင်တယ်ဆိုတဲ့ ပြစ်ဒဏ်မျိုးရှိပါတယ်။ ငွေဒဏ်မှာ ပမာဏကို တရားရုံးရဲ့ သတ်မှတ်ချက်အတိုင်း ပေးဆောင်ရမှာဖြစ်ပါတယ်။ တိတိကျကျ သတ်မှတ်ထားတာမျိုး မရှိပါဘူး။ နှစ်မျိုးလုံးလည်း ပြစ်ဒဏ်ချမှတ်နိုင်ပါတယ်။

**ဒုတိယဝန်ကြီး။** ။ ကျေးဇူးတင်ပါတယ် တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာ ကုမ္ပဏီမှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်ထားတယ်။ ဒါပေမယ့် ဗဟိုဘဏ်လိုင်စင်၊ SEC လိုင်စင်တွေယူထားခြင်းမရှိဘဲ ရှယ်ယာတွေထုတ်ရောင်းတယ်၊ ရှယ်ယာတွေလက်ခံတယ်။ ပြီးတော့ အတိုးနှုန်းတွေကို ဘဏ်ထက်ပိုပြီး ဆောင်ရွက်နေတာမျိုးတွေရှိပါတယ်။ အဲဒီလို ကုမ္ပဏီတွေကိုတွေ့ရင် ဘယ်လိုအရေးယူ ဆောင်ရွက်မယ်ဆိုတာ ရှင်းပြပေးပါ။

**ဒုတိယဥက္ကဋ္ဌ။** ။ ဒါနဲ့ပတ်သက်ပြီး ကြားသိနေရပါတယ်။ ထိထိရောက်ရောက် အရေးယူရမယ့် အခြေအနေကိုလည်း ရောက်နေပါပြီ။ အရေးယူရမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေကြောင့် ပြည်သူတွေကို တိုက်ရိုက်ထိခိုက်နေတာဖြစ်ပါတယ်။ ပညာပေးလုပ်ငန်းနဲ့ ဒီလို အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့က အရေးပါလာပါတယ်။ များသောအားဖြင့် ပြည်သူတွေက ဥပဒေအရ ခွင့်ပြုထားတဲ့အချက်တွေကို ရိုးရိုးရှင်းရှင်းနားလည်နိုင်အောင် ကျွန်တော်တို့က ဖြန့်ဝေပေးဖို့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဗဟိုဘဏ်ရဲ့ website မှာ လုပ်ငန်းတစ်ခု ခွင့်ပြုပြီးတိုင်း တင်ထားပေးပါတယ်။ အများ ပြည်သူတွေအနေနဲ့ website က လူတိုင်းလက်လှမ်းမမီနိုင်တဲ့အတွက် အများပြည်သူဖတ်လေ့ရှိတဲ့ သတင်းစာတွေ၊ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေမှာ ကြေညာသွားမယ်ဆိုရင် ကာကွယ်တဲ့အပိုင်း ရနိုင်ပါတယ်။

ဒါပေမယ့် အလုံးစုံကာကွယ်မှုတော့ မဖြစ်နိုင်ပါဘူး။ လိမ်လည်မှုတွေကတော့ ရှိနေမှာပါပဲ။ ဒါကို ဘယ်လိုဖြေရှင်းရမယ်ဆိုတဲ့ နည်းလမ်းကလည်း ရှိပြီးသားပါ။ ဒါပေမယ့် ပိုပြီးကောင်းတဲ့ နည်းလမ်းတွေကို စဉ်းစားဆောင်ရွက်နေပါတယ်။ ဒီအတွက် မကြာခင်မှာ Regulators တွေ၊ Law Enforcement တွေပါဝင်တဲ့ Action Task Force ဖွဲ့စည်းပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။

တရားမဝင်တဲ့ လုပ်ငန်းတွေကို ထိထိရောက်ရောက် အရေးယူမယ်။ အခြားတစ်ဖက်ကလည်း ပြည်သူတွေကို အသိပညာပေးရင် အများကြီးကာကွယ်မှုရမယ်လို့ ထင်ပါတယ်။



**မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း**

**ဒုတိယဝန်ကြီး။** ။ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ပြည်သူတွေ ပညာပေးတဲ့နေရာမှာ ဘဏ်အဖွဲ့အစည်းတွေရဲ့လုပ်ငန်းတွေကိုက ပြည်သူတွေ ထိတွေ့မှုရှိပါတယ်။ ဘဏ်မဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ကျတော့ အသိပညာနည်းတယ်လို့ထင်ပါတယ်။ ဒါ့ကြောင့် ဘဏ်ထက် ဘဏ်မဟုတ်တဲ့ အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ပညာပေးမှုတွေကို ပိုပြီးဆောင်ရွက်စေလိုပါတယ်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်အုန်းကို မေးမြန်းချင်ပါတယ်။ ဟိုတလောက ရှမ်းပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးမှာ ရှယ်ယာတွေ လက်ခံ၊ အတိုးတွေ အများကြီးပေးမယ်ဆိုပြီး လိမ်ညာသွားတဲ့အတွက် ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့တယ်လို့ သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး သတင်းစာမှာ ထုတ်ပြန်ချက်ကိုလည်း ဖတ်ရပါတယ်။ ဒါကြောင့် ဒါမျိုးတွေ ထပ်မဖြစ်ရအောင် လိုအပ်တာတွေကို ဆွေးနွေးပေးစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ်။** ။ Security Exchange Commission လို့ခေါ်တဲ့ SECM က ငွေချေး သက်သေခံလက်မှတ် အစုရှယ်ယာတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်တယ်။ ငွေချေးသက်သေခံလက်မှတ်လဲလှယ် ရောင်းဝယ်ရေးဥပဒေကို ပြဋ္ဌာန်းထားပါတယ်။ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတစ်ခုက ငွေချေးသက်သေခံလက်မှတ်တွေကို ထုတ်ရောင်းမယ်ဆိုရင် SECM ကို တင်ရပါတယ်။ ဒါကို စိစစ်တယ်။ စိစစ်ပြီး အတည်ပြုချက်ယူပြီးမှ အစုရှယ်ယာတွေကို ရောင်းချရပါတယ်။ ရောင်းချမယ်ဆိုရင်လည်း အသင်းအဖွဲ့စည်းမျဉ်းတွေကို တင်ပြပြီးတော့ အများသိရှိအောင် ထုတ်ပြန်ရပါတယ်။ SCL ဆိုတဲ့ကုမ္ပဏီက အများပိုင်ကုမ္ပဏီလည်း မဟုတ်ဘူး၊ ပုဂ္ဂလိကကုမ္ပဏီဖြစ်ပြီးတော့ အစုရှယ်ယာတွေကို ထုတ်ဝေရောင်းချတယ်။ ဒါတင်မဟုတ်ဘဲ အတိုးနှုန်းများများပေးမယ်ဆိုပြီး ရောင်းချတာဖြစ်တဲ့အတွက် SE Law နဲ့ရော၊ ငွေရေးကြေးရေး ဥပဒေနဲ့ပါ အရေးယူလို့ ရပါတယ်။ SCL ကုမ္ပဏီကကျတော့ နိုင်ငံခြားမှာ လိုင်စင်ရထားတဲ့ ကုမ္ပဏီဖြစ်နေတယ်။ နိုင်ငံခြားက လိုင်စင်ရထားပေမယ့် ဥပဒေအရ SECM ရဲ့ ခွင့်ပြုချက်ရမှသာ ဆောင်ရွက်ခွင့်ရတဲ့အတွက် အများပြည်သူကို ဇွန် ၁ ရက်မှာ သတင်းစာကနေ အသိပေးခဲ့ပါတယ်။ ပြီးတော့ ဇွန် ၂၇ ရက်မှာ SCL ကုမ္ပဏီကို ညွှန်ပြီးတော့ အများသိစေရန်ဆိုပြီး သတင်းစာကနေ ထပ်ပြီးအသိပေးခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး တိုင်ကြားစာတွေနဲ့ တိုင်ကြားမှုတွေလည်း ရှိပါတယ်။ ဆက်လက်အရေးယူဆောင်ရွက်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို ပေးပို့ခဲ့ပါတယ်။

**ဒုတိယဝန်ကြီး။** ။ ကျွန်တော်တို့လည်း ကြားသိခဲ့ရပါတယ်။ တချို့ဒေသတွေမှာ ငွေကိုထည့်ရင်းနှီးတယ်။ ငွေနည်းနည်းပါးပါး ပြန်ရတယ်၊ ပြီးတော့ ကုမ္ပဏီက ပျောက်သွားတယ်ဆိုပြီး တိုင်ကြားစာတွေအရ သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဆွေးနွေးပေးစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ်။** ။ SCL ကုမ္ပဏီနဲ့ ပတ်သက်ပြီး ပြည်ဘက်က တိုင်ကြားမှုတွေ ရှိပါတယ်။ မွန်ပြည်နယ်ဘက်ကလည်း တစ်ခါဆုံးရှုံးတယ်၊ ဒီအပေါ်မှာ ပြန်ရမယ်ဆိုပြီး ဖုန်းနဲ့ပြောလို့ ထပ်ထည့်လိုက်တဲ့အတွက် နှစ်ခါဆုံးရှုံးခဲ့တယ်ဆိုပြီး တိုင်ကြားတာရှိပါတယ်။ ကျွန်မတို့အနေနဲ့ တိုင်ကြားတဲ့အခါ ဆက်လက်အရေးယူဖို့ ဆောင်ရွက်နေတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးမှုတွေ ဆောင်ရွက်နေပါတယ်။

**ဒုတိယဝန်ကြီး။** ။ ဥပဒေနဲ့မညီတဲ့ အဖွဲ့အစည်းတွေအပေါ်မှာ ယုံကြည်ပြီး ရင်းနှီးမြှုပ်နှံမှုမပြုအောင် ဘယ်လိုအချက်အလက်တွေရှိမှ ယုံကြည်သင့်တယ်ဆိုတာ ဆွေးနွေးပေးပါ။



**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်အုန်း**

**ညွှန်ကြားရေးမှူးချုပ်။** ။ ပြည်သူတွေအနေနဲ့ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် တရားဝင် ဖြစ်သလားဆိုတာ သိရှိရမှာဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီဖြစ်သလားဆိုတဲ့အချက်ကိုလည်း သိရမယ်။ ဗဟိုဘဏ်ကရော ခွင့်ပြုထားရဲ့လားဆိုတာတွေ သိရှိရပါမယ်။ ကုမ္ပဏီရဲ့ ရှေ့အလားအလာကိုလည်း ရင်းနှီးမြှုပ်နှံရာမှာ သိရမှာဖြစ်ပါတယ်။ အစု ရှယ်ယာတွေ ရောင်းတဲ့အခါ အလားအလာညွှန်တမ်းကို SECM က ခွင့်ပြုထားသလားဆိုတာကို သိရှိရပါမယ်။ ဒီလိုမျိုးအချက်အလက်တွေ သေချာပြီဆိုမှ ရင်းနှီးမြှုပ်နှံစေချင်ပါတယ်။

**ဒုတိယဝန်ကြီး။** ။ ဒုတိယဥက္ကဋ္ဌကြီးက ငွေကြေးကဏ္ဍမှာ အတွေ့အကြုံအများကြီး ရှိပါတယ်။ ဒါ့ကြောင့် အခုဖြစ်ခဲ့တဲ့ အခြေအနေအပေါ်မှာ ဒုတိယဥက္ကဋ္ဌရဲ့ အမြင်နဲ့ သုံးသပ်ပြောကြားပေးပါ။

**ဒုတိယဥက္ကဋ္ဌ။** ။ လောဘကြီးတဲ့သူတွေ လိမ်လည်ခံရတာများပါတယ်။ ဒါ့ကြောင့် လိမ်လည်မခံရအောင် သေချာစဉ်းစားသင့်ပါတယ်။ အကျိုးအမြတ်က အများကြီးပေးနေပြီဆိုကတည်းက လက်တွေ့မကျဘူးဆိုတာ သိဖို့လိုအပ်ပါတယ်။

**ဒုတိယဝန်ကြီး။** ။ အခုလို ဆွေးနွေးပေးကြတဲ့အတွက် ဒုတိယဥက္ကဋ္ဌနဲ့ ညွှန်ကြားရေးမှူးချုပ်တို့ကို ကျေးဇူးတင်ရှိပါတယ်။ ။

# အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများနှင့် ဟိန္ဒူဘာသာမိသားစုဝင်များအတွက် ဆုတောင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများနှင့် ဟိန္ဒူဘာသာ မိသားစုဝင်များအတွက် ဆုတောင်းပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၂၇လမ်း၊ ၇၉×၈၀လမ်းကြားရှိ ရှရီသနန္တနဘုရား ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။**(အောက်ပုံ)**

အခမ်းအနားတွင် တက်ရောက်လာကြသူများက ဟိန္ဒူဘာသာရေး အစဉ်အလာအရ ဓမ္မဂါထာတော် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး ပန်ဒစ်မီသရေလ်မှ ဟိန္ဒူဘာသာဖြင့် လည်းကောင်း၊ ပရ်ဘူးလ် ရာမာစန္ဒြာဒရ်က မြန်မာဘာသာဖြင့် လည်းကောင်း အသီးသီး ဆုတောင်းမေတ္တာပို့သကာ တက်ရောက်လာကြသူများက တစ်မိနစ်ငြိမ်သက်စွာ ဆုမွန်ကောင်းတောင်း၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် အထက်မြန်မာပြည်မန္တလေးအဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးNအပါဦး(ခ) ဦးခင်မောင်လွင်က အခမ်းအနား ပြုလုပ်ရခြင်းနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ရှုတ်ချကြောင်း ဟိန္ဒူဘာသာဝင်များ၏ သဘောထားကြေညာချက်ကို ရှင်းလင်းဖတ်ကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းသစ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးခရိုင် ဥက္ကဋ္ဌ ဦးကံ (ခ) ဦးခင်မောင်မြင့်တို့က အမှာစကားအသီးသီး ပြောကြား၍ ဟိန္ဒူဘာသာရေးအဖွဲ့များနှင့် ဟိန္ဒူဘာသာဝင်များ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၁၆၆၇၄၇၀၀ ကို တာဝန်ရှိသူများကပေးအပ်လှူဒါန်းကြပြီး ဟိန္ဒူလူမှုကူညီရေးအသင်း အတွင်းရေးမှူး ဦးကျော်ဝင်းက ကျေးဇူးတင်စကား ပြောကြားကာ ဦးNအပါဦး (ခ) ဦးခင်မောင်လွင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ဧည့်သည်တော်များကို အမှတ်တရ လက်ဆောင်များပေးအပ်၍ ဟိန္ဒူဘာသာရေးအစဉ်အလာအရ ဆုတောင်းဂါထာ ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး တက်ရောက်လာကြသူများကို ဟိန္ဒူရိုးရာစားသောက်ဖွယ်ရာများဖြင့် ဧည့်ခံသည်။ ယနေ့လှူဒါန်းရရှိသည့် အလှူငွေများကို အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်မြို့မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**






## KBZ Bank Women's League ပြိုင်ပွဲတွင် မြဝတီအသင်း အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးမှုဖြင့် ကျင်းပသည့် ၂၀၁၆-၂၀၁၇ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၀) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ မြဝတီအသင်းက အား/ကာ သိပ္ပံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အမှတ်ပေးဇယားထိပ်ဆုံးမှ မြဝတီအသင်းသည် အမှားအယွင်းမရှိ နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်ပြီး ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ရှုံးပွဲမရှိဘဲ ထိပ်ဆုံးမှဦးဆောင်နေသည့် မြဝတီအသင်းသည် ဒုတိယနေရာမှ သစ္စာအားမာန်နှင့် တတိယနေရာမှ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုကို အခွင့်ကောင်းယူကာ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ရှစ်ပွဲကစားရမှတ် ၂၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက် ဦးဆောင်လျက်ရှိသည်။ ဒုတိယနေ့ကို အောက်တိုဘာ ၄ ရက် (ယနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် အားကစား/ကာယပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## HIV ရောဂါကာကွယ်တားဆီးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများအား လေ့လာရန်နှင့် မူဝါဒချမှတ်သူများအား ဆွေးနွေးရန် ဗီယက်နမ်သို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၃**

Alliance Myanmar အဖွဲ့က ဦးဆောင်၍ ဗီယက်နမ်နိုင်ငံ (SCDI) Center for Supporting Community Development Initiatives အဖွဲ့၏ ကူညီမှုဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့သည် HIV ရောဂါဆိုင်ရာ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းများအား လေ့လာရန်နှင့် မူဝါဒချမှတ်သူများအား တွေ့ဆုံဆွေးနွေးရန်အတွက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္ဓိုင်းမြို့သို့ အောက်တိုဘာ ၂ ရက် ညနေပိုင်းတွင် ရန်ကုန်ပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နိုင်ငံပိုင်အဆောက်အအုံနှင့် မြေကွက်များကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် တိုင်းဒေသကြီးလွှတ်တော်သို့ အဆိုတင်သွင်း

**ရန်ကုန် အောက်တိုဘာ ၃**

နိုင်ငံပိုင်အဆောက်အအုံနှင့် မြေကွက်များကို နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံနှင့် မြေကွက်များအား နည်းလမ်းအမျိုးမျိုးဖြင့် ရယူထားကြပြီး ယနေ့အထိ လုပ်ငန်းလုပ်ကိုင်အကောင်အထည်ဖော်ဆောင်ခြင်းမရှိသော စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိသည့် နိုင်ငံပိုင်အဆောက်အအုံနှင့် မြေကွက်များအား နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးက "ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ခေတ်အဆက်ဆက်က နိုင်ငံပိုင်အဆောက်အအုံနဲ့ မြေကွက်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ပတ်သက်ရာ ပတ်သက်ကြောင်းများကို မတန်တဆဈေးများနဲ့ ရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်း၊ အထူးဂရန်ထုတ်ပေးခြင်း၊ အကြောင်းအမျိုးမျိုးပြသိမ်းယူခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် လျှောက်ထားရယူခြင်းများနှင့် ရယူပိုင်ဆိုင်ထားကြသည်မှာ ကုန်သလောက်ပင် ရှိပြီဖြစ်ပါတယ်။ ထိုသို့ ရယူထားကြသူများဟာ မတန်တဆဈေးများနှင့် ရယူထားကြကာ အချို့မှာ အဆမတန် စီးပွားဖြစ်ထွန်းနေပြီး အချို့မှာ တစ်ဆင့်ပြန်လည်ရောင်းချခြင်းမျိုးနဲ့ အကျိုးအမြတ်များစွာ ရရှိနေကြပြီပဲဖြစ်ပါတယ်။

"အချို့မှာ နှစ်ရှည်လများ ဘာလုပ်ငန်းမျှ မလုပ်ကိုင်ဘဲ မူလအတိုင်းပဲရှိနေသေးတာကိုလည်း တွေ့မြင်နေရပါတယ်။ မည်သို့ပင်ဖြစ်စေလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ မြေကွက်တွေ၊ အဆောက်အအုံတွေဟာ အနည်းနဲ့အများဆိုသလို နိုင်ငံတော်အတွက် အခွန်အခတွေ၊ အခြားသော ဝင်ငွေတွေရရှိပြီး နိုင်ငံသူနိုင်ငံသားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတချို့ကို ရရှိစေခဲ့တာပဲဖြစ်ပါတယ်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တွေမှာ နိုင်ငံပိုင်အဆောက်အအုံနှင့် မြေကွက်များ၊ စက်မှုဇုန်မြေတွေ၊ လယ်မြေများ၊ စီမံကိန်းမြေများအား နည်းလမ်းအမျိုးမျိုးနဲ့ ရယူထားကြပြီး အကောင်အထည်ဖော်လုပ်ကိုင်ခြင်းမရှိတဲ့ မြေနေရာတွေ၊ အဆောက်အအုံများကလည်း များစွာရှိနေသေးတာပဲ ဖြစ်ပါတယ်။ ထိုသို့ လုပ်ငန်းအကောင်အထည်ဖော်ခြင်းမရှိတဲ့အတွက်ကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများစွာကိုလည်း ဖြစ်ပေါ်စေပါတယ်။

"နိုင်ငံပိုင်မြေကွက်တွေ အဆောက်အအုံတွေကို ရယူစဉ်ကလည်း ဈေးနှုန်းမှန်မဟုတ်ဘဲ လျော့နည်းလွန်းတဲ့ဈေးတွေနဲ့ မတရားလက်သိပ်ထိုး ရယူထားခဲ့တာဖြစ်ပြီး လုပ်ငန်းတွေကို လုပ်ကိုင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိတဲ့အတွက်ကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်အခများနဲ့ အခြားဝင်ငွေ အရပ်ရပ်များလည်း နစ်နာဆုံးရှုံးခဲ့ရပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ပေါက်မှုမရှိဘဲ ဆုံးရှုံးနေတဲ့အတွက်ကြောင့် နိုင်ငံသူ နိုင်ငံသားများအတွက်လည်းများစွာ နစ်နာနေခဲ့ရတာဖြစ်ပါတယ်။

"ယခုအချိန်ဟာဆိုလို့ရှိရင် နိုင်ငံတော်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံသူ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရေးကို အလေးထားဆောင်ရွက်နေရတဲ့အချိန်အခါ ဖြစ်နေတဲ့အတွက်ကြောင့် အဆိုပါနေရာတွေမှာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပါက နိုင်ငံ၏ဝင်ငွေတွေလည်း များစွာရရှိလာမည်ဖြစ်ပြီး နိုင်ငံသူ နိုင်ငံသားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ များစွာပေါ်ပေါက်ရရှိလာမှာ ဖြစ်ပါတယ်။

"သို့ဖြစ်ပါသောကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိတဲ့ နိုင်ငံပိုင်အဆောက်အအုံနဲ့ မြေကွက်တွေကို နည်းလမ်းအမျိုးမျိုးနဲ့ ရယူထားပြီး ယနေ့အထိလုပ်ငန်းလုပ်ကိုင် အကောင်အထည်ဖော်ဆောင်ခြင်း မရှိသေးသော နိုင်ငံပိုင်အဆောက်အအုံနဲ့ မြေကွက်တွေအား ပြန်လည်စိစစ်ပြီး စည်းမျဉ်းစည်းကမ်းကိုက်ညီမှုမရှိသော နိုင်ငံပိုင်အဆောက်အအုံတွေနဲ့ မြေကွက်တွေအား နိုင်ငံပိုင်အဖြစ် ပြန်လည်သိမ်းဆည်းရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းကြောင်း" ပြောကြားခဲ့သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁) မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက အဆိုနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးရာတွင် "ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးမှာရှိနေတဲ့ နိုင်ငံပိုင်အဆောက်အအုံတွေနဲ့ မြေကွက်တွေဟာ ဘယ်နေရာကိုပဲကြည့်ကြည့် ပြည်သူတွေရဲ့ ပိုင်ဆိုင်မှု၊ နိုင်ငံတော်ရဲ့ ပိုင်ဆိုင်မှုဆိုတာ မရှိသလောက် တွေ့မြင်ကြရမှာဖြစ်ပါတယ်။ အရာအားလုံးဟာလည်း ငွေရှင်ကြေးရှင်များရဲ့ လက်တွင်းသို့ ကျရောက်သွားခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံပိုင်အဆောက်အအုံတွေ၊ မြေတွေသာမက လယ်သမားတွေရဲ့ လယ်မြေတွေကိုပါ နည်းအမျိုးမျိုးနဲ့ ပိုင်ဆိုင်ရယူထားပြီး ပြောင်းလဲသုံးစွဲခဲ့ကြတဲ့အတွက် လယ်ယာမြေတွေ ပျောက်ဆုံးပြီး လယ်ယာထုတ်ကုန်လုပ်ငန်းတွေပါ လျော့နည်းလာခဲ့တာဟာ စိုးရိမ်စရာတွေလည်း တွေ့မြင်ရပါတယ်။

"တချို့စက်မှုဇုန်တွေမှာဆိုရင်လည်း မြေကွက်တွေကိုရယူထားပြီး လုပ်ငန်းအကောင်အထည်မဖော်ဆောင်သေးတဲ့ မြေကွက်တွေကိုလည်း များစွာတွေ့မြင်နေရပါတယ်။ အဆိုရှင် ဖော်ပြခဲ့တဲ့အတိုင်း အဲ့ဒီနေရာတွေဟာ လုပ်ငန်းတွေကို အကောင်အထည်ဖော်ခဲ့မယ်ဆိုရင် နိုင်ငံတော်အတွက် အခွန်အခတွေ၊ ဝင်ငွေတွေများစွာရရှိပြီး ပြည်သူတွေအတွက်ပါ အလုပ်အကိုင်တွေ များစွာရရှိကြမှာဖြစ်ပါတယ်။ အခုတော့ နိုင်ငံတော် ငွေတွေကော အလုပ်အကိုင်အခွင့်အလမ်းတွေပါ များစွာဆုံးရှုံးခဲ့ရတာဖြစ်တဲ့အတွက် အဲဒီနေရာတွေကို နိုင်ငံတော်က ပြန်လည်ရယူပြီး လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုတွေဖန်တီးပေးပါက နိုင်ငံတော်အတွက်ကော ပြည်သူတွေအတွက်ပါ အလွန်တရာအကျိုးဖြစ်ထွန်းလာမှာ ဖြစ်တဲ့အတွက် အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း" ဆွေးနွေးခဲ့သည်။

ဆက်လက်၍ အဆိုနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအဖွဲ့အစည်းဝင် ဖြစ်သည့် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က အဆိုကို ဆွေးနွေးရန် သဘောတူလက်ခံပါကြောင်း ပြောကြားခဲ့သည်။ ထို့နောက် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ယင်းအဆိုကိုဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)**

# ထူးခြားမှု အဖုံဖုံ ဂုဏ်တော်အမျိုးမျိုးပြည့်စုံသည့် ဝါကျွတ်ကာလ အဘိဓမ္မာတရား

ဝိသဇ္ဇက (ပဲခူး)

မြန်မာရာသီပွဲတော်ဆယ့်နှစ်လတွင် သီတင်းကျွတ်ပွဲတော်သည် ထူးခြားလေးနက်သော ကုသိုလ်ပြုသည့် ပွဲတော်ဖြစ်သည်။ ဘုရား၊ တရား၊ သံဃာတော်အရှင်မြတ်များကို ကိုးကွယ်ယုံကြည်သည့် အစဉ်အလာမှာလည်း ရှင်အရဟံ၏ အဆုံးအမတော်ဖြင့် ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင်ကပင် ကိန်းအောင်းခဲ့သောယဉ်ကျေးမှုဖြစ်သည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသည့် နိုင်ငံဖြစ်သည့်အလျောက် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့များနှင့် လွှမ်းခြုံထားသည်။ လူငယ်လူရွယ်များက သက်ကြီးရွယ်အို၊ ဘိုးဘွားမိဘ၊ ဆရာသမားတို့အား လက်စုံမိုး၍ ကန်တော့လာကြသည့်အစဉ်အလာ ကျင့်သုံးလိုက်နာကြခြင်းမှာ အပြစ်ကို ကုစားသော၊ အပြစ်ကို ပပျောက်စေနိုင်သော တစ်နည်းပင် ဖြစ်၏။

"သီတင်းကျွတ်ပြီ၊ တူရာသီ၊ အဿဝဏီ၊ ရှိန်ဝါရွှန်း၊ ကြာမျိုးလည်းစုံ၊ မီးမြင်းမိုရ် ဗဟိုအခြာထွန်း" ဟူသော ကင်းဝန်မင်းကြီး၏ သံပေါက်နှင့်အညီ တူရာသီ သီတင်းကျွတ်လသည် အဿဝဏီနက္ခတ်နှင့် စန်းယှဉ်၏။ မိုးမကုန်သေးသော်လည်း နေရောင်ခြည်ဖြာစပြုလာပြီဖြစ်သည့် သီတင်းကျွတ်လ၏ သာယာတော့မည့် အရုဏ်ဦးအချိန်သည် မိုးရာသီလည်းမပီ၊ ဆောင်းရာသီလည်း မမည်သော သရဒဥတုပင်ဖြစ်သည်။ ဆေးမညီသော ပန်းချီကားတစ်ချပ်ပမာ တစ်မျိုးတစ်ဖုံ သာယာနေသောလဖြစ်၏။ မဟာအတုလမင်းကြီးက "ကန်မင်းငယ်နန္ဒာ၊ လျှံဝင်းငယ်ဖြာသည်၊ ပွင့်ရွှေကြာမြိုင်မြိုင်နှင့်၊ ကြိုင်ကြိုင်သင်းတဲ့လကိုလေး" ဆိုသကဲ့သို့ ကြာငါးမည်ကြိုင်သင်းလျက်၊ တင့်တယ်ဝင့်ဝါကာ ရေကန်သာကြာတိုင်း မွှေးနေလေသည်။ တောင်သူလယ်သမားတို့၏ စိမ်းစိုသော မြသားကမ္ဗလာကောက်ပင်တို့ကလည်း သန့်စွမ်းလျက်ရှိချေသည်။ သီတင်းကျွတ်လသည် မိုးရာသီကုန်လုနီးချိန်ဖြစ်သည်။ အနောက်တောင်မုတ်သုံလေ တစ်ပြည်လုံးမှ ဆုတ်ခွာစပြုတော့မည့်အားလျော်စွာ အားနည်းသော မိုးကြွင်းမိုးကျန်များသာ ရွာလေ့ရှိသည်။ ခြေခင်း၊ လက်ခင်းသာစပြုချိန် ပွင့်လင်းရာသီ၏ အကြိုကာလဟု ဆိုရမည်။

မဟာသက္ကရာဇ် ၁၀၉ ခု ဝါဆိုလပြည့်နေ့တွင် မြတ်ဘုရားရှင်သည် သန္တုတိသမယ်တော်မိနတ်သားအား အဘိဓမ္မာတရားတော်ကို ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်ရန် တာဝတိံသာနတ်ပြည်သို့ ကြွချီတော်မူသည်။ မြတ်ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ သတ္တမဝါကပ်တော်မူ၍ မယ်တော်မိနတ်သားအမှူးပြုသော စကြဝဠာတို့များစွာမှ လာရောက်ကြသော နတ်၊ ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသည်။

မြတ်ဘုရားရှင်၏ တရားဓမ္မအသံတော်သည် ပကတိသောစကား၊ အလွန်တင့်တယ်သောစကားဖြစ်သည်။ မဟာပညာမွန်ဉာဏ်ရည်ချွန်သည့် လူ၊ နတ်၊ ဗြဟ္မာတို့ ကြံစည်အံ့သြပြောဟော၍ မကုန်နိုင်သော စကားထက်တို့နှင့် ပြည့်စုံတော်မူ၍ ကြံစည်အံ့သြဖွယ်ဖြစ်၏။ အစိန္တေယျဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်ဘုရားရှင်၏ တရားတော်မြတ်သည် အနှစ်သာရပြည့်ဝသော တရားတော်ဖြစ်သည်။ ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ အစရှိသော အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူခဲ့သော မြတ်ဘုရားရှင်၏ အသံတော်သည် "ဝိသဋ္ဌမဉ္ဇုဝိညေယျံ" စသော အသံတော်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံနေသည်။ အထွေးအရှုပ်လွတ်ကင်းသော အသံတော်ဖြစ်နေသည်။ နားဝင်ချိုမြိန်နှစ်သက်မဆုံး၊ သာယာမဆုံးနိုင်သော အသံတော်ဖြစ်၍လည်း ကြားနာရသူ နတ်၊ လူ၊ ဗြဟ္မာ တို့၏အာရုံမှာ စွဲငြိစေပြီး ပီတိလျှမ်းစေသော အသံတော်ဖြစ်ကာ တရားနာသူပရိသတ်၏ အပသို့ မထွက်ပါဘဲ တည်ရှိနေသော အသံတော်ဖြစ်ပေ၏။

လူ့ပြည်မှ အချိန်ကာလ နှစ်တစ်ရာသည် တာဝတိံသာနတ်ပြည်မှ အချိန်ကာလတစ်ရက်နှင့် ညီမျှသည်။ မြတ်စွာဘုရားရှင်၏ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသော ဝါတွင်းကာလသုံးလဟူသည် နတ်၊ ဗြဟ္မာများအတွက် အနည်းငယ်သော အချိန်မျှသာဖြစ်သည်။ လူသားစင်စစ်မှ ဘုရားဖြစ်လာသော မြတ်ဘုရားရှင်အနေဖြင့် လူ့ပြည်၏ သဘာဝအတိုင်း သုံးလမျှကြာမြင့်သည့် ကာလပင်ဖြစ်သည်။ မြတ်ဘုရားရှင်သည် မိမိနှင့်ထပ်တူမျှတူညီသော ကိုယ်ပွားနိမ္မိတရုပ်ပွားတော်ကို ဖန်ဆင်း၍ ဤမျှအတိုင်းအတာရှိသော တရားတော်ကို ငါ၏ကိုယ်စား ဟောကြားရစ်စေသားဟု အဓိဋ္ဌာန်ပြုတော်မူသည်။

မြတ်ဘုရားရှင်သည် အနောတတ်ရေအိုင်သို့ ဆင်းသက်၍ ကိုယ်လက်သန့်စင်ခြင်း၊ ရေချိုးခြင်းပြုတော်မူပြီး မြောက်ကျွန်းသို့ ဆွမ်းခံထွက်၍ အနောတတ်ရေအိုင်ဆိပ်ကမ်းသာတွင် ဆွမ်းဘုဉ်းပေးတော်မူသည်။ ထိုမှ စန္ဒကူးနံ့သာတောသို့ ကြွရောက်တော်မူ၍ ဟောကြားတော်မူပြီးသော အဘိဓမ္မာတရားတော်များကို အကျဉ်းချုပ်၍ ရှင်သာရိပုတ္တရာအား ဟောတော်မူသည်။ ရှင်သာရိပုတ္တရာ မထေရ်မြတ်က မိမိ၏ တပည့်ရဟန်းငါးရာကို မကျဉ်းမကျယ် ပြန်လည်ဟောကြားခဲ့လေသည်။

အဘိဓမ္မာတရားတော်ဟောကြားခြင်းသည် ထိုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခြင်းသို့ရောက်ရှိသည်။ မျက်မှောက်ခေတ်၌ အဘိဓမ္မာတရားကိုရွတ်ဖတ်ခြင်း၊ လေ့လာခြင်း၊ အမေးအဖြေပြုခြင်း၊ စာပြန်ပွဲကျင်းပခြင်း စသည်တို့ကို ရှေးကထက် တစ်မှုထူးခြား၍ ဆောင်ရွက်လျက်ရှိနေကြသည်။



ဓာတ်ပုံ -တင်စိုး(မြန်မာ့အလင်း)

သီတင်းကျွတ်ပွဲတော်များတွင် ရှေးခေတ်က စာဆိုတော် မယ်ခွေ၏ အဲချင်းအရ "ရွှေဆင်လှူတဲ့ မီးပူဇော်ပွဲ" လည်း ရှိကြောင်း သိရသည်။ လောကဗျူဟာကျမ်းခေါ် အင်ဂုံစာတမ်း၌ ယင်းရွှေဆင်လှူပွဲအကြောင်းကို ဖော်ပြထားသည်မှာ "သီတင်းကျွတ်လဆန်း ၈ ရက်နေ့တွင် စစ်ကိုင်း ရာဇာမဏိစူဠာဘုရားကို ပူဇော်ရန် ရွှေဆင်ရုပ်လေးစီးကို ပြုလုပ်ရသည်။ လဆန်း ၈ ရက်နေ့ ညမှစ၍ လပြည့်နေ့နံနက်တိုင်အောင် ရွှေဆင်တော်နှင့်တကွ ဘုရားဆီမီးထွန်းညှိပူဇော်သည်။ အခြားသောတန်ခိုးကြီးဘုရားများ၌လည်း ဆီမီးပူဇော်ပွဲများကို ကျင်းပကြသည်" ဟု သိရသည်။ ဤဓလေ့သည် သက္ကရာဇ် ၉၉၀ ပြည့်နှစ်တွင် နန်းတက်သော သာလွန်မင်းတရားကြီး လက်ထက်တော်မှ စတင်ပေါ်ပေါက်သည်ဟု ဆိုသည်။ မြင်းမိုရ်ပွဲနှင့် ရွှေဆင်လှူပွဲသည် သီတင်းကျွတ်လအတွင်း အခြားသော ပူဇော်ပွဲတော်ဆိုင်ရာရက်များတွင် ကျင်းပခဲ့ကြဟန်ရှိသည်။

ရဟန်းသံဃာများသည် ဝါတွင်းသုံးလပတ်လုံး ကျောင်းအရာမ်မှ မခွာဘဲ ရဟန်းကျင့်ဝတ်သီလကို ဆောက်တည်သည်။ ယင်းအစဉ်အလာကိုမှီး၍ လူတို့ကလည်း ဝါတွင်းသုံးလ၌ ထိမ်းမြားမင်္ဂလာပြုခြင်းကို ရှောင်ကြဉ်၍ သီတင်းဝါလကျွတ်သောအခါ၌မူကား ပုထုဇဉ်တို့၏ ဓလေ့အတိုင်း အိမ်ရာထောင်ခြင်းကိုပြုကြ၍ သီတင်းကျွတ်လျှင် မင်္ဂလာပွဲများ ကျင်းပလေ့ရှိကြသည်။

မြတ်စွာဘုရား တာဝတိံတာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ဆင်းသက်လာခြင်းကို ပူဇော်သောအားဖြင့် သင်္ကဿနဂိုရ်၊ သာဝတ္ထိ၊ ဝေသာလီ၊ ရာဇဂြိုဟ်၊ ဗာရာဏသီစသည့် ပြည်သူပြည်သားများက မီးရှူးမီးပန်းများ၊ ဆီမီးများ ထွန်းညှိ၍လည်းကောင်း၊ ပန်းရေချမ်းများ ကပ်လှူ၍လည်းကောင်း ပူဇော်ခြင်းကို အတုယူ၍ မြန်မာတို့က သီတင်းကျွတ် မီးထွန်းပွဲတော်ကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့ကြသည်။ မြတ်ဘုရားရှင်၏ အဘိဓမ္မာတရားတော်ဟောကြားခြင်း ပြီးမြောက်သည့်နေ့ဖြစ်၍ သီတင်းကျွတ်လပြည့်နေ့သည် မြတ်ဘုရားရှင်က အဘိဓမ္မာတရားတော်ကို နတ်ပြည်၌ နတ်၊ ဗြဟ္မာအပေါင်းတို့အား အကျယ်နည်းဖြင့် ဟောကြားပြီးဆုံးသည့် နေ့ဖြစ်သည်။ စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား အကျဉ်းနည်းဖြင့် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်ကာ တစ်ဖန် အရှင်သာရိပုတ္တရာက လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် ဟောကြားပြီးဆုံးသည့် နေ့ဖြစ်ခြင်းတို့ကို ရည်ညွှန်း၍ "အဘိဓမ္မာအခါတော်နေ့" အဖြစ် ကျင်းပလာကြသည်။

အဘိဓမ္မာတရားတော်တွင်----

(၁) ကုသိုလ်၊ အကုသိုလ် စသောတရားတို့ကို အကျဉ်းချုပ်အားဖြင့် ပြဆိုဟောကြားတော်မူသော "ဓမ္မသင်္ဂဏီကျမ်း"
(၂) ခန္ဓာ စသောတရားတို့ကို သုတ္တန်းနည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေပြုကာ အကျယ်တဝင့် ဝေဖန်ဟောကြားသော "ဝိဘင်းကျမ်း"
(၃) ဓာတ်အမျိုးမျိုးကိုဟောကြားသော "ဓာတုကထာကျမ်း"
(၄) ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ် အမည်တပ်၍ ဟောကြားသော "ပုဂ္ဂလပညတ်ကျမ်း"
(၅) အယူဝါဒနှင့်ဆိုင်သော စကားတို့၏တည်ရာဖြစ်၍ အဘိဓမ္မာအနှစ်သာရတို့နှင့် ပြည့်စုံသော "ကထာဝတ္ထုကျမ်း"
(၆) အနုလုံနှင့် ပဋိလုံပုစ္ဆာနှင့် ဝိသဇ္ဇနာ သန္နိဋ္ဌာန်နှင့် သံသယအစုံစုံပြု၍ ဟောကြားသော "ယမိုက်ကျမ်း"
(၇) အကြောင်းအမျိုးမျိုးနှင့် ကုသိုလ်စသောတရားတို့ကို ၂၄ပစ္စည်းတို့ဖြင့် ဝေဖန်ဟောကြားပြီး သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သည့် "ပဋ္ဌာန်းကျမ်း" ဟူ၍ ခုနစ်ကျမ်း ရှိပါသည်။

**အဘိဓမ္မာတရားတော်၏အနှစ်**

(၁) မြတ်ဘုရားရှင်က သန္တုသိတမည်သော မယ်တော်မိနတ်သားအား ကျေးဇူးဆပ်သည့်အနေဖြင့် ဟောကြားတော်မူသောတရားဖြစ်ခြင်း။
(၂) တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူသော တရားဖြစ်ခြင်း။
(၃) မြတ်ဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခြင်း။
(၄) ပကတိမြတ်ဘုရားရှင်နှင့် နိမ္မိတဘုရားရှင်တို့ တစ်လှည့်စီ ဟောကြားတော်မူခြင်းဟူသည့် ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံပေသည်။ ထို့အပြင် အဘိဓမ္မာတရားတော်သည် ပါဠိ၏နက်နဲခြင်း၊ အဓိပ္ပာယ်၏ နက်နဲခြင်း၊ ဟောကြားပုံ အစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏ နက်နဲခြင်းဟူသော ဂမ္ဘီရလေးမျိုးနှင့်လည်း ပြည့်စုံပါပေ၏။

**အဘိဓမ္မာတရားတော်ကို ရွတ်ပွားပူဇော်သင်ကြားနာယူရခြင်း အကျိုး-**

- လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းတော်များကဲ့သို့ နာမရူပ ပရိစ္ဆေဒဉာဏ်ရင့်သန်စေခြင်း
- မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန်လမ်းကြောင်း အထောက်အပံ့ကောင်း ရနိုင်ခြင်း
- ဘေးဥပဒ်အန္တရာယ်ကင်းဝေးစေခြင်း
- ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံစေခြင်းစသည့် အကျိုးတရားများ ရရှိနိုင်ကြပေသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတော်များအနေဖြင့် ဘုရားရှင်၏ ဝိနည်းဒေသနာတော်အရ ပဝါရဏာပွဲတော် ကျင်းပကြသည်။ ပဝါရဏာဟူသည် ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း အဓိပ္ပာယ်ရသည်။ "သံဃာတော်တို့အား တပည့်တော်သည် သံဃာကိုဖိတ်ကြားပါ၏။ အပြစ်ကို မြင်၍သော်လည်းကောင်း၊ ကြား၍သော်လည်းကောင်း၊ သံသယရှိ၍သော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုရှု၍ ကုစားပါမည်" ဟု သုံးကြိမ်တိုင်တိုင် သံဃာအား ဖိတ်ကြားတိုက်တွန်းရ၏။

ထို့နောက် ထေရ်စဉ်ဝါလိုက် သံဃာတော်တို့အား သုံးကြိမ်စီ ရိုသေစွာဖိတ်ကြားကြရ၏။ ဖိတ်ကြားပြီးတိုင်း ကျန်သံဃာများက သာဓုသုံးကြိမ်ခေါ်ကြရ၏။ သံဃာအားလုံး ဖိတ်ကြားပြီးသည့်အခါ တစ်ခါတစ်ရံ အကြီးဆုံး သံဃနာယက မထေရ်ကြီးက သံဃာများအား ဩဝါဒစကားမိန့်ကြားတော်မူလေ့ရှိပေသည်။ ဤသို့ ရဟန်းသံဃာတော်များ အချင်းချင်း အပြန်အလှန် ဖိတ်ကြားတိုက်တွန်းသောပွဲကို ပဝါရဏာပွဲဟု ခေါ်သည်။

ဗုဒ္ဓသာသနာ့ဘောင်ရှိ ရဟန်းငယ်များကလည်း ရဟန်းကြီး၊ ဆရာတော်ကြီးများကို ရှိခိုးကန်တော့ကြသည်။ မိမိတို့တွင် အပြစ်ကြီး၊ အပြစ်ငယ်ရှိပါကလည်း ခွင့်လွှတ်ပါရန် တောင်းပန်ကြသည်။ ဆရာတော်ကြီးများထံမှ ဩဝါဒကို ခံယူကြသည်။ ကျောင်းတိုက်တစ်ခု၌ ဝါကပ်သောသံဃာ သို့မဟုတ် ပဝါရဏာဂိုဏ်းဖွဲ့သော နီးစပ်ရာကျောင်းတိုက်များမှ သံဃာများသည် သိမ်တစ်ခုတွင် အညီအညွတ်စုရုံးကာ မထေရ်ကြီးကစ၍ အငယ်ဆုံးရဟန်းအထိ တစ်ပါးချင်းစီ ပဝါရဏာပါဠိကို ရွတ်ဆိုကာ ပဝါရဏာပြုကြရသည်။ တပည့်တော်ကို သနားသောအားဖြင့် ပြောဆိုဆုံးမကြပါဘုရား။ တပည့်တော်မှာ အပြစ်ရှိခဲ့လျှင် ကုစားပါမည်၊ ပြုပြင်ပါမည်ဘုရားဟု အဓိပ္ပာယ်သက်ရောက်သော ပါဠိကိုရွတ်ဆိုကာ ပဝါရဏာပြုကြရခြင်းသည် ဘုရားရှင်က သံဃာကို အလွန်အားကိုးတော်မူသည့် ပြဋ္ဌာန်းချက်ဖြစ်၏။ သံဃာထုအတွင်း စည်းလုံးညီညွတ်ရေး၊ ယုံကြည်မှုတည်ဆောက်ရေးကို ရှေးရှု၍ မိန့်ဆိုပညတ်တော်မူခြင်းဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့သည် နတ်ပြည်၌ နတ်၊ ဗြဟ္မာတို့အား အဘိဓမ္မာဒေသနာ အကျယ်ဟောကြားခြင်းပြီးဆုံးသောနေ့ဖြစ်ခြင်း၊ စန္ဒကူးနံ့သာတော၌ အရှင်သာရိပုတ္တရာက တပည့်ငါးရာတို့အား အဘိဓမ္မာဒေသနာတော်ကို မကျဉ်းမကျယ် ဟောကြားပြီးဆုံးသောနေ့ဖြစ်ခြင်း၊ ရဟန်းတော်များ ဝါမှထသောနေ့၊ ပဝါရဏာပြုကြသောနေ့ဖြစ်ခြင်း၊ မြတ်ဘုရားရှင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလ ဟောကြားခြင်း ပြီးမြောက်သောနေ့ဖြစ်ခြင်း၊ နတ်၊ ဗြဟ္မာအပေါင်းခြံရံလျက် တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့ဖြစ်ခြင်း၊ ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံလူတို့ မြတ်စွာဘုရားအား ကြည်ဖြူကော်ရော် ပူဇော်သောနေ့နှင့် လောကဝိဝရဏ တန်ခိုးတော်ကြောင့် စကြဝဠာတစ်ဝန်းလုံးကို တိုးလျှိုပေါက်မြင်ကြရသောနေ့စသော ဂုဏ်ထူးဝိသေသတို့ဖြင့် အထူးတလည်ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်၏။

ဤသို့ထူးခြားမှုအဖုံဖုံ ဂုဏ်တော်အမျိုးမျိုးတို့ဖြင့် ပြည့်စုံလှသည့် ဤသီတင်းကျွတ်လပြည့်နေ့၌ မြတ်ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်ကြွမြန်းလာပုံ၊ လူတို့ကလည်း ဆီမီးများ ပူဇော်ထွန်းညှိကြိုဆိုရည်မှန်းကာ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော် သင်ကြားနာယူကြပုံများအား ထောက်ရှုလျက် မြန်မာမှုအစဉ်အလာအရ ရွယ်အိုသက်ကြီး ဘိုးဘွားမိဘ ဆရာသမားတို့အား ပူဇော်ကန်တော့ကြခြင်းဖြင့် ဘေးဥပဒ်အန္တရာယ်များကင်းဝေးပြီး ကျက်သရေမင်္ဂလာ အဖြာဖြာတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသတည်း။ ။

# ပျဉ်းမနားမြို့ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ ယခင်နှစ်များနှင့်မတူ စည်ကားစွာကျင်းပမည်

**ပျဉ်းမနား အောက်တိုဘာ ၃**

(၉၉)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲကြီးကို အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ယခင်နှစ်များနှင့်မတူ စည်ကားသိုက်မြိုက်စွာ မိုးလင်းပေါက် ကျင်းပသွားမည်ဖြစ်သည်။

ပျဉ်းမနားနှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကြီးသည် ပျဉ်းမနားမြို့၏ အထင်ကရပွဲတော်ကြီးတစ်ခုဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့နယ်အတွင်းသို့ လှည့်လည်အပူဇော်ခံကာ ညှော့်ခံတေးဂီတကားများဖြင့် မြို့တွင်းသို့ လှည့်လည်ဖျော်ဖြေတင်ဆက်ကြရာ အလွန်စည်ကားသော ပွဲတော်ကြီးတစ်ခုဖြစ်သည်။

ယခုနှစ်၌ လှည့်လည်ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် **ရွာကောက်ရပ်ကွက် ဖျော်ဖြေရေးယာဉ်**တွင် ဖြူဖြူကျော်သိန်း၊ စည်သူလွင်၊ ဘန်နီဖြိုး၊ လာဇရု၊ LD ကျော်၊ စုထက်လှိုင်၊ ချစ်ဇွဲသာ၊ မင်းဇော်၊ ရွှေစင်၊ နိုင်းနိုင်း၊ **မြို့ဦးဖျော်ဖြေရေးယာဉ်**တွင် ချမ်းချမ်း၊ ကောင်းပြည့်၊ ဇေယျာအောင်၊ ဂျဲလေး၊ မိုးအိမ်ဂျယ်၊ နန်းမြတ်သန္တာကို၊ မေမဒီဇော်၊ ချိမ့်စန္ဒီလတ်၊ **တပ်တွင်းဖျော်ဖြေရေးယာဉ်**တွင် ရင်ဂို၊ M ဇော်ရိမ်၊ လူလေး၊ ပြည့်ဖြိုး၊ လိမ္မော်သီး၊ Grace ၊ ဆူးလေး၊ ဂူဂူး၊ **နံတော်စဉ်ဖျော်ဖြေရေးယာဉ်**တွင် ဗျူဟာ၊ မင်းရတုပိုင်၊ ရဲနောင်၊ နန္ဒရော၊ ခိုင်မြဲ၊ ထွန်းရတီ၊ ဂေဂေး၊ မိုင်းမိုင်ဆိုင်း၊ အေးမီစျာန်၊ **ပဋ္ဌာန်းဖျော်ဖြေရေးယာဉ်**တွင် A နွန်၊ စိုင်းလေး ၊ D ထက် D ဟန်၊ ညီကမ္ဘာ၊ ဇွဲခန့်၊ စံပယ်ဖြူသိန်း၊ ဆုလှိုင်မျိုးသိန်း၊ ကာရံချို၊ သဒ္ဒါချို၊ **ရန်အောင်(၁)ဖျော်ဖြေရေးယာဉ်**တွင် သာဒီးလူ၊ သူတော်စွာ၊ အောင်ကိုကို၊ မေရီ၊ နှင်းဝတ်ရည်၊ လဗိုင်းနန်နေ၁်၊ ချောငယ်၊ V Hay Ko ၊ ရွှေချည်စုနိုင်၊ **ရန်အောင်(၂)ဖျော်ဖြေရေးယာဉ်**တွင် အောင်ဖြိုး၊ ချမ်းငြိမ်း၊ မောင်မောင်၊ ပူစူး၊ ကိုးကိုးမန်သာ၊ ပိုပို၊ နိုရင်း၊ နတီထိုက်၊ တောင်သာဖျော်ဖြေရေးယာဉ်တွင် ရိန်မိုး၊ ဝိုင်းလေး၊ ညလင်းထယ်၊ အာဒဲ၊ ဂျနီဗီ၊ လမင်းဖြူ၊ ပန်းတသျှံ စသည့်တေးသံရှင်/ အဆိုတော်များ တင်ဆက်ဖျော်ဖြေသွားမည်ဖြစ်သည်။

ပွဲတော်ရက်အတွင်း သွားလာကြည့်ရှုသော ပြည်သူများ လုံခြုံမှုရှိစေရန်အတွက် မြို့နယ်အတွင်း လုံခြုံရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်မှုအနေဖြင့် လူစည်ကားရာနေရာများ၊ ဖျော်ဖြေရေးယာဉ်ရပ်နားဖျော်ဖြေမည့် ပွိုင့်နေရာများ၌ လုံခြုံရေး CCTV ကင်မရာများကို ပျဉ်းမနားမြို့ Linn ဖုန်းနှင့် ဖုန်းအပိုပစ္စည်းများ အရောင်းဆိုင်ကြီးက ပါဝင်ကူညီပံ့ပိုးပေးထားကာ ပျဉ်းမနားမြို့ Laser ဖုန်းနှင့် ဖုန်းအပိုပစ္စည်းများ အရောင်းဆိုင်ကြီးကလည်း ဖျော်ဖြေရေးမော်တော်ယာဉ်များ ပေါ်၌ CCTV လုံခြုံရေးကင်မရာများ တပ်ဆင်ပါဝင်ကူညီပံ့ပိုးပေးထားကြောင်းသိရသည်။ ထို့ပြင် သက်ဆိုင်ရာတာဝန်ရှိသူများကလည်း လုံခြုံရေးအတွက် မြို့နယ်အတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒေသခံတစ်ဦးဖြစ်သူ ဦးမျိုးနိုင်(ပျဉ်းမနား)က "ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးကို ဒေသခံပြည်သူတွေအနေနဲ့ မိမိမြို့တော်ရဲ့ ပွဲတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးကို တစ်ထောင့်တစ်နေရာက ပါဝင်ကူညီဆောင်ရွက်သင့်တယ်။ လူငယ်တွေအနေနဲ့ကလည်း ပွဲတော်ကြီးအတွင်း အုပ်စုဖွဲ့ ခိုက်ရန်ဖြစ်ခြင်း၊ မင်းမဲ့စရိုက်ဆန်ဆန် အော်ဟစ်ဆဲဆိုရိုင်းပျခြင်း၊ ဆိုင်ကယ်များ အသံကျယ်လောင်စွာ စီးနှင်းခြင်းများမပြုလုပ်ကြဘဲ ပျော်ရွှင်စရာကောင်းတဲ့ ပွဲတော်ကြီးအဖြစ် အောင်မြင်ပြီးမြောက်အောင် မိမိတို့ဒေသဂုဏ်ကို ထိန်းသိမ်း၍ ပါဝင်ကူညီသင့်ပါတယ်" ဟု ပြောကြားသည်။

ထို့အပြင် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့နယ်အတွင်း ဒေသစာရီကြွချီ အပူဇော်ခံဖို့အတွက် ဝတ်အသင်း ၂၈ သင်းမှ ဘုရားကားများလည်း တပ်တွင်းဓမ္မာရုံမှ ဗိုလ်ချုပ်လမ်းအတိုင်း ရွှေချီ(၉)လမ်းအထိ၊ ရွှေချီ(၉)လမ်းအတိုင်း ပဋ္ဌာန်းဓမ္မာရုံမှ ပဲလှော်လမ်းအထိ၊ ပဲလှော်လမ်းအတိုင်း နံတော်စဉ်ဓမ္မာရုံမှ ရွှေချီ(၆)လမ်းတံတားအထိ၊ ရွှေချီ(၆) လမ်းတံတားမှ ဗိုလ်အောင်ကျော်လမ်းအတိုင်း အုန်းတောကွေ့အထိ၊ အုန်းတောဂွေ့မှ ရန်-မန်းလမ်းဟောင်းအတိုင်း ရွာကောက်ဓမ္မာရုံအထိ လည်းကောင်း။

ရွာကောက်ဓမ္မာရုံမှ ရန်-မန်းလမ်းဟောင်းအတိုင်း (၈၅) တံတားအထိ၊ (၈၅)တံတားမှ ဗိုလ်တာရာလမ်းအတိုင်း၊ ဗိုလ်ချုပ်ကြေးရုပ်ရှေ့အထိ၊ ဗိုလ်ချုပ် ကြေးရုပ်ရှေ့မှ ရှမ်းကန်ပတ်လမ်းအတိုင်း ဘုရားကိုးဆူရှေ့ ယင်းမှ ရန်အောင်(၂)ဓမ္မာရုံအထိ၊ ရန်အောင်(၂)ဓမ္မာရုံမှ တပေါင်းကွင်းလမ်းအတိုင်း ဘိုးဘွားရိပ်သာလမ်းဆုံအထိ၊ ဘိုးဘွားရိပ်သာလမ်းမှ မင်္ဂလာ (၂) လမ်းအတိုင်း မြို့ဦးဓမ္မာရုံအထိ၊ မြို့ဦးဓမ္မာရုံမှ ရွှေချီ(၂)လမ်းအတိုင်း အုန်းတောဓမ္မာရုံအထိ ၊ အုန်းတောဓမ္မာရုံမှ ရွှေချီ(၄) လမ်းအတိုင်း၊ ဗိုလ်ချုပ်လမ်းတပ်တွင်းဓမ္မာရုံအထိ လည်းကောင်း လှည့်လည် ကြွချီပူဇော်ခံမည်ဖြစ်သည်။

ဗုဒ္ဓရုပ်ပွားတော်ဘုရားကားများအား ပင့်ဆောင်မှု၊ ဗုဒ္ဓအဆောင်အယောင် ဆန်းသစ်ပြုပြင်တတ်မှု၊ လျှပ်စစ်မီးကို တင့်တယ် သပ္ပာယ်စွာပူဇော်မှု၊ စ/လယ်/ဆုံး ပါဝင်မှုတို့ကို အမှတ်ပေးကာ ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ နှစ်သိမ့်ဆုအတွက် တစ်ဆုလျှင် ငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ပြီး (၉၉) ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ် ရှစ်ဆူဘုရားပွဲတော်လုံခြုံရေးနှင့်ပတ်သက်၍ အရေးပေါ် သတင်းပို့ခြင်း၊ အခင်းဖြစ်ပွားရာသို့ ချက်ချင်းသွားရောက် ဖြေရှင်းနိုင်ရန် မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအား (ကွပ်ကဲမှု)ရုံးနေရာအဖြစ် သတ်မှတ်ထားကြောင်း သိရ သည်။

**မျိုးဇေယျာ(ပျဉ်းမနား)**





**အောက်တိုဘာ ၃ ရက်က အင်းလျားကန်၌ သီတင်းကျွတ် မီးမျှောပွဲကျင်းပရာ ကန်အတွင်းသို့ ပြည်သူများက ပိန်းရွက်ဆီမီးများ မျှောနေမှုကို တွေ့ရစဉ်** (အဆိုပါပွဲတော်ကို Huawei က စီစဉ်ကျင်းပပြီး ပျော်ပွဲရွှင်ပွဲများ၊ ဂိမ်းအစီအစဉ်များကိုလည်း ပျော်ရွှင်စွာ ကစားကြကြောင်း သိရသည်)

အေကေလင်း
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

# ဆွာမြို့နှင့်ကျေးရွာများဆက်သွယ်သည့်လမ်းပိုင်း တောင်ကျရေကျော်၍ သွားလာရေးအခက်တွေ့

**ရေတာရှည် အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စက်တင်ဘာ ၂ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ နေရာဒေသ အနှံ့အပြားတွင် ချောင်းငယ် မြောင်းငယ်များရေလျှံခဲ့ပြီး စပါးခင်းများ၊ မြို့/ရပ်ကွက်များအတွင်း ရေများဝင်ရောက်ခဲ့သည်ကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက မြင်တွေ့ခဲ့ရသည်။ ညနေစောင်းသည်နှင့် နံနက်ပိုင်းက ရေလျှံခဲ့သော နေရာများ ရေလျော့နည်းသွားသော်လည်း ဆွာမြို့နှင့် ဆွာချောင်းအရှေ့ဘက်ကမ်းဒေသ ကျေးရွာအများအပြား အဓိကအားထား သွားလာလျက်ရှိသော ဆွာ- ရေနီ-ခင်တန်းလမ်းပိုင်း ထောက်ကြန့်ကွင်းနှင့် ရေနီ -ဆွာချောင်း ဖြတ်တံတားအကြားတွင် မွန်းလွဲပိုင်းကစတင်၍ တောင်ကျရေများဖြတ်ကျော်ခဲ့ရာ ညနေပိုင်း၌ ရေသုံးပေခန့်အထိ ရှိသည့်အတွက် ကျောင်းဆင်းကျောင်းပြန် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသတွင်း ခရီးသွားသူများ အခက်အခဲဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။

"ဆိုင်ကယ်တွေက မောင်းလို့မရတော့ဘူး။ ရေကများပြီး ရေစီးတအားသန်တယ်။ ကယ်ရီဆွဲတဲ့သူတွေက ဆိုင်ကယ်ကိုတင်ပြီး ဝိုင်းတွန်းတာ။ ဆိုင်ကယ်တစ်စီးကို ငွေကျပ် ၁၅၀၀ ပေးရတယ်" ဟု ဆွာမြို့ အရှေ့ဘက်ခြမ်း ရွှေကဇောင်းကျေးရွာ ကျောင်းမှပြန်လာသော ဆရာမတစ်ဦးကပြောသည်။ ညနေစောင်း အလင်းရောင်ရှိနေသည့် အချိန်တွင်ပင် ခက်ခက်ခဲခဲ ဖြတ်ကူးနေကြရသည့် အဆိုပါလမ်းပိုင်းတွင် ညပိုင်း ဖြတ်ကူးသူများ အခက်အခဲမရှိစေရန် ဆွာနယ်မြေခံ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက လမ်းပခုံးသားများ၌ အမှတ်အသားများ ပြုလုပ်ပေးခြင်း၊ ကြိုးတန်းများ ကာရံပေးခြင်းတို့ဆောင်ရွက်ပေးခဲ့ပြီး ညပိုင်းအချိန်ထိ ခရီးသွားများအန္တရာယ်မရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပျော်ဘွယ်မြို့နယ်၌ မိုးသည်းထန်မှုကြောင့် ချောင်းရေလျှံ အိမ်ထောင်စုအချို့ပြောင်းရွှေ့

**ပျော်ဘွယ် အောက်တိုဘာ ၃**

ပျော်ဘွယ်မြို့နယ်အတွင်း အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက မိုးရွာသွန်းမှုကြောင့် ရန်အောင်ကျေးရွာရှိ ရန်အောင်ကန် ကျိုးပေါက်ခဲ့ပြီး ရေများ လက်ပံရိုးချောင်းမှတစ်ဆင့် ဇွေ့ချောင်းသို့ ဝင်ရောက်ခဲ့ရာ ချောင်းရေလျှံပြီး အောက်တိုဘာ ၃ ရက် ညနေ ၄ နာရီခန့်တွင် အနိမ့်ပိုင်းတွင်ရှိသော မြို့သစ်ရပ်ကွက်နှင့် ရွှေပြည်ရန်လုံရပ်ကွက်အတွင်းသို့ ရေဝင်ရောက်ခဲ့ခြင်းကြောင့် အိမ်ထောင်စုအချို့အား ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

ချောင်းရေလျှံမှုကြောင့် မြို့သစ်ရပ်ကွက်အနိမ့်ပိုင်းအတွင်း ရေအမြင့် နှစ်ပေခန့်ဝင်ရောက်ခဲ့ပြီး အိမ်ခြေ ၁၆၀ ခန့်မှ ပြည်သူများအား နေလဘုန်းတော်ကြီးကျောင်းနှင့် ဒီဃာယုကဘုန်းတော်ကြီးကျောင်းများသို့ ခေတ္တပြောင်းရွှေ့နေရာချထားခဲ့ကြောင်း၊ အလားတူ ရွှေပြည်ရန်လုံရပ်ကွက် အနိမ့်ပိုင်းအတွင်း ရေအမြင့် လေးပေခန့် ဝင်ရောက်ခဲ့ပြီး အိမ်ခြေ ၁၈၀ ခန့်မှ ပြည်သူများအား အောင်သာပေါ်တော်မူ ဘုန်းတော်ကြီးကျောင်းနှင့် ထွန်စက် ကုန်းဝင်းအတွင်းသို့ ပြောင်းရွှေ့ နေရာချထားခဲ့ခြင်းဖြစ်သည်။

အဆိုပါရေဘေးသင့်ပြည်သူများအား အလင်းရောင်ပရဟိတအသင်းမှ ဆန်၊ ဆီ၊ ကြက်ဥနှင့် ရေသန့်ဘူးကြီးများ၊ ပုဂ္ဂလိက အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြပြီး ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# ပြောင်းဖူးခြွေနေစဉ် မိုးကြိုးပစ်ခံရ၍ သေဆုံး

**နောင်ချို အောက်တိုဘာ ၃**

နောင်ချိုမြို့နယ် ကုန်းသာကျေးရွာအုပ်စု နားခေါ့ကျေးရွာတွင် အောက်တိုဘာ ၂ ရက် ညနေ ၅ နာရီက မောင်မျိုးမင်းသန့် အသက်(၁၂)နှစ်သည် နေအိမ်ခြံဝင်းကျွဲတဲအောက်၌ မိသားစုများနှင့်အတူ ပြောင်းဖူးခြွေနေစဉ် ရုတ်တရက် မိုးရွာသွန်းကာ ကျွဲတဲနံဘေးရှိ မန်ကျည်းပင်ကို မိုးကြိုးပစ်ရာမှတစ်ဆင့် မောင်မျိုးမင်းသန့်အား ထိခိုက်မိရာ တစ်ကိုယ်လုံးညိုမည်းသွားပြီး အဆိုပါနေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




# ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မသင်္ကာဖွယ်ရပ်တန့်ထားသည့် ယာဉ်ပေါ်မှ ပိတောက်ခွားရွေတုံးနှင့် တမလန်းခွဲသားများဖမ်းမိ

နေပြည်တော် အောက်တိုဘာ ၃

**တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တို ဘာ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၅၆၀၊ သွင်းကုန် ၄၆၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၄၀၊ သွင်းကုန် အစီး ၁၆၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆ ဒသမ ၂၅၆ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှုခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၃၆၆ သန်း ခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆ ဒသမ ၆၂၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂ ရက်က သတင်းအရ မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် Foton Light Truck မော်တော်ယာဉ် တစ်စီးသည် မိုင်တိုင်အမှတ် ၁၉၇ မိုင် ၅ ဖာလုံး စံလောင်းကျေးရွာအနီး၌ မသင်္ကာဖွယ် ရပ်တန့်ထားသည်ကိုတွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွားရွေတုံး ၃၀၊ (၀ ဒသမ ၃၇၃၄)တန်၊ တမလန်းခွဲသားဆိုက်စုံ ၆၇၅ ချောင်း(၀ ဒသမ ၅၂၇၈ )တန် စုစုပေါင်း အလေးချိန် ၀ ဒသမ ၉၀၁၂ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၇၀၃ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ချမ်းမြသာစည်မြို့နယ်၌ ဆေးခြောက်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃**

မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး(တောင်ပိုင်း)မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂ ရက် ညနေ ၃ နာရီခွဲက ချမ်းမြ သာစည်မြို့နယ် ကန်သာယာရပ်ကွက် အကွက်အမှတ်(၈၈/၄) ၅၆လမ်း နှင့် ၅၇ လမ်းကြား အနော်ရထာလမ်းနှင့် ဘုရင့်နောင်လမ်းကြား မင်္ဂလာ လမ်းသွယ်တွင် မင်းသီဟထွန်း မောင်းနှင်ပြီး ဇာနည်ဦး(ခ)နီကျဲ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ခရီးဆောင်အိတ်အတွင်းမှ ဆေးခြောက် ၆ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# လင်မယားချင်းစကားများရန်ဖြစ်ရာမှ ဇနီးဖြစ်သူသေဆုံး

**ပန်းတောင်း အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာ၌ အောက်တိုဘာ ၁ ရက် ည ၈ နာရီခွဲခန့်က လင်မယား ချင်း စကားများရန်ဖြစ်ရာမှ ယောကျာ်းဖြစ်သူက လက်သီးနှင့်ထိုး၊ ခြေထောက်ဖြင့်ကန်ရာ ဇနီးဖြစ်သူ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁ ရက် ည ၈ နာရီခွဲတွင် ဆင်တဲကျေးရွာ၌ ဒုတပ်ကြပ်ဝင်းနိုင်နှင့် ဇနီးဖြစ်သူ ဒေါ်စန်းညွန့်တင်တို့ လင်မယားချင်းစကားများ ရန်ဖြစ်ခဲ့ရာ ဇနီးဖြစ်သူအား ဒေါသအလျောက် လက်သီးဖြင့်ထိုး၊ ခြေထောက်ဖြင့် ကန်သဖြင့် ဇနီးဖြစ်သူ ဒေါ်စန်းညွန့်တင် (၃၇ နှစ်)မှာ ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူ ဒုတပ်ကြပ် ဝင်းနိုင်(၃၇နှစ်) အား ပန်းတောင်းမြို့မ ရဲစခန်းက အမှုဖွင့် စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# တာမွေမြို့နယ် အဝိုင်းလမ်းဆုံ ခုံးတံတားအောက်၌ တွေ့ရှိသော ဘင်္ဂါလီနှစ်ဦးအား စစ်ဆေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၃**

အောက်တိုဘာ ၂ ရက် ည ၈ နာရီခန့်က တာမွေမြို့နယ် တာမွေအဝိုင်းလမ်းဆုံ ခုံးတံတားအောက်ရှိ ယာဉ်ထိန်းဂိတ်ရုံငယ်အတွင်း၌ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ခေါင်းတောင်းပလောင်ကျေးရွာနေ ဘင်္ဂါလီလူမျိုး ဆော်လိမ် (၂၁ နှစ်)နှင့် ရာတူကျေးရွာနေ ဘင်္ဂါလီလူမျိုးရာစမီနာ (၁၈ နှစ်)တို့အား ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ခွဲ ၂၅ မှ ရဲတပ်ကြပ် သန်းဇော်ထွန်းနှင့်အဖွဲ့က မသင်္ကာဖွယ်တွေ့ရသဖြင့် သတင်းပို့ချက်အရ တာမွေမြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးမြင့်အောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးမှာ လွန်ခဲ့သော ၁၅ ရက်ခန့်က ပရိုဘောက်အဖြူရောင်(ယာဉ်အမှတ် စိစစ်ဆဲ)ဖြင့် အမျိုးသားတစ်ဦး (စိစစ်ဆဲ)က ရန်ကုန်မြို့တွင် အလုပ်ရမည်ဟုပြောဆို၍ ခေါ်ဆောင်လာခဲ့ကြောင်း ၎င်းတို့နှင့်အတူ အခြားဘင်္ဂါလီသုံးဦးတို့ပါ လိုက်ပါလာခဲ့သည်ဟု စစ်ဆေးမှုအရ သိရသည်။

၎င်းတို့နေရပ်မှ နှစ်ရက်ခန့်ကားစီးခဲ့ရပြီး ရန်ကုန်မြို့ရှိ ၎င်း၏ နေအိမ်တွင် ၁၃ ရက်ခန့် တည်းခိုနေထိုင်ခဲ့ရပြီး လွန်ခဲ့သော နှစ်ရက်ခန့်က ၎င်းတို့ ငါးဦးစလုံးအား ရန်ကုန်မြို့တွင်းသို့ခေါ်ဆောင်ခဲ့ကြောင်း၊ မမှတ်မိသော နေရာတစ်ခုသို့အရောက်တွင် မိမိတို့နှစ်ဦးကို ကားပေါ်မှဆင်းစေ၍ ခေတ္တစောင့်နေရန် ပြောပြီး ကျန်သုံးဦးအား ဆက်လက်ခေါ်ဆောင်သွားကြောင်း၊ ၎င်းတို့နှစ်ဦးမှာ ကားသမားချထားခဲ့သော နေရာဝန်းကျင်၌ နှစ်ရက်ခန့်လှည့်လည်သွားလာနေရာမှ ယာဉ်ထိန်းရဲဂိတ်သို့ရောက်ရှိနေကြောင်းနှင့် အဆိုပါ ဘင်္ဂါလီနှစ်ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ လ.ဝ.က ဦးစီးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့တို့က ဆက်လက်စစ်ဆေးလျက်ရှိနေကြောင်း သိရသည်။

**ကိုကြီးတင်**





# ရွှေတိဂုံစေတီတော်၌ နိုင်ငံခြားသားတစ်ဦးက ဒရုန်းလွှတ်တင်သဖြင့် သိမ်းဆည်းထား

**ရန်ကုန် အောက်တိုဘာ ၃**

ရွှေတိဂုံစေတီတော် ပရိဝုဏ်၌ ဒရုန်းယာဉ်မလွှတ်ရ နယ်မြေအဖြစ် သတ်မှတ်ထားရာ အောက်တိုဘာ ၁ ရက် ည ၉ နာရီခွဲခန့်က စေတီတော်၏ အင်္ဂါထောင့်အပေါ်၌ ပျံဝဲနေသော ဒရုန်းယာဉ်ကို စေတီတော်လုံခြုံရေးအဖွဲ့က တွေ့သဖြင့် Anti Drone ဖြင့် ပစ်ချသိမ်းဆည်းခဲ့သည်။

အဆိုပါ ဒရုန်းယာဉ်လွှတ်တင်သူအား စုံစမ်းဖော်ထုတ်ရာ နိုဗိုတယ်ဟိုတယ်တွင်တည်းခိုသူ လက်ဘနွန်နိုင်ငံသား Yeghig Janboulian (၂၂နှစ်) က ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ကားကြီးကွင်းအတွင်းမှနေ၍ လွှတ်တင်ခြင်းဖြစ်ပြီး ၎င်းအား ရွှေတိဂုံစေတီတော်ပရိဝုဏ်၌ ဒရုန်းယာဉ်မလွှတ်ရနယ်မြေအဖြစ်သတ်မှတ်ထားကြောင်း ရှင်းလင်းပြောပြပြီး စေတီတော်ဂေါပကအဖွဲ့က ဒရုန်းယာဉ်ကိုသိမ်းဆည်းထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လင်မယားရန်ဖြစ်ရာမှ လင်ဖြစ်သူက ဓားဖြင့်ထိုးမှုဖြစ်ပွား

**နတ်တလင်း အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ လင်မယားချင်းစကားများရာမှ လင်ဖြစ်သူက ဓားဖြင့်ထိုးမှု ဖြစ်ပွားခဲ့သည်။

ဆီဆုံကုန်းကျေးရွာအုပ်စု ကွင်းစမ်းရွာနေ ဦးမြင့်ကြည် (၄၅နှစ်)သည် နေအိမ်၌ရှိနေစဉ် လွန်ခဲ့သော သုံးရက်ခန့်က အလည်ရောက်ရှိနေသည့်သမီးဖြစ်သူ မနီလာစန်း ကျောက်ပြုတ်ရွာက အောင်မြန်မာ(၁) အုပ်စုနေသူအား သမက်ဖြစ်သူ ရဲဝင်းအောင်က ဓားဖြင့်ထိုးပြီး ထွက်ပြေးသွားကြောင်းကြားသိရ၍ သွားရောက်ကြည့်ရှုရာ ကွင်းစမ်းရွာ ကိုထွန်းထွန်း၏နေအိမ်ရှေ့တွင် သမီးဖြစ်သူ၏ဝမ်းဗိုက်၌ ထိုးသွင်းဒဏ်ရာတစ်ချက်ရထားသည်ကိုတွေ့ရှိရသဖြင့် မေးမြန်းကြည့်ရာ ၎င်းက ယောကျာ်းဖြစ်သူအား မပေါင်းသင်းနိုင်ကြောင်းပြောရာမှ စကားများပြီး ရဲဝင်းအောင်က ပါလာသော ဓားဦးချွန်ဖြင့် ထိုးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သမီးဖြစ်သူအားဒဏ်ရာရရှိအောင် ဓားဖြင့်ထိုးခဲ့သူ ရဲဝင်းအောင်အား အရေးယူပေးရန် တောင်ညိုရဲကင်းစခန်း၌ အမှုဖွင့်တိုင်တန်းခဲ့ပြီး ဒဏ်ရာရသူ မနီလာစန်းအား ကွင်းကျယ်တိုက်နယ်ဆေးရုံသို့ပို့အပ်ရာ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် ကုသနေရာမှ ပြည်မြို့ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့ကြောင်းနှင့် ရဲဝင်းအောင်အား ဖမ်းဆီးစစ်ဆေးရန် ဆောင်ရွက်လျက်ရှိသည်။ **တင်မြင့်-နတ်တလင်း**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ





## မြန်မာရေးရာအမှတ်-၅ ထွက်ရှိ

မြန်မာရေးရာလေ့လာရေးအဖွဲ့ (Canter For Myanmar Affairs Studies) က ထုတ်ဝေသော မြန်မာရေးရာအမှတ်-၅ (အောက်တိုဘာ ၂၀၁၇)ထွက်ရှိလာသည်။

ယခုစာစောင်တွင် မြန်မာ့စီးပွားရေးနှင့်ပတ်သက်သော ပညာရှင်သဘောထားအမြင်များ၊ လက်တွေ့နယ်ပယ်မှ ပုဂ္ဂိုလ်များ၏ အမြင်များ၊ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ၊ သီအိုရီနှင့် ပကတိရုပ်ဘဝများ၊ ဆောင်ရန်ရှောင်ရန်များကို ခြုံငုံမိစေရန် စီးပွားရေးဆိုင်ရာ အထူးကဏ္ဍကိုဖော်ပြထားပါသည်။ နိုင်ငံ့စီးပွားရေး တိုးတက်အောင်မြင်လာစေရန် ဘက်ပေါင်းစုံမှ အခြေအနေ၊ အချက်အလက်များ လိုအပ်သည်ဖြစ်ရာ ထိုအခြေအနေများကို တစေ့တစောင်းသုံးသပ်နိုင်ရန်ဖြစ်ပါသည်။ ထို့ပြင်မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲကို ထင်ဟပ်သော စီးပွားရေး၊ စစ်ဘက်-အရပ်ဘက် ဆက်ဆံရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ ထင်ဟပ်ချက်များကိုလည်း ကဏ္ဍတစ်ရပ်အနေဖြင့် ဖော်ပြထား ပါသည်။

ယခုထုတ်ဝေသည့်စာစောင်တွင် ဒေါက်တာအောင်ကြီး၊ ဒေါက်တာကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)၊ မျိုးညွန့်(မာခရိုစီးပွားရေးပါရဂူ)၊ ဒေါက်တာမြင့်ဇံ၊ ဒေါက်တာချောချောစိန်၊ ရဲမြင့်၊ ဒေါက်တာမြင့်ဆန်း၊ နိုင်ထိုက်၊ ရဲမြင့်ကျော်၊ ဇော်အောင်၊ ကိုဝ၊ အေးမောင်ကျော်၊ စောနိုင်(အသုံးချဘောဂဗေဒ)၊ ယမင်းမြတ်အေး၊ ခိုင်ဝင်း၊ အောင်ကျော်အေးချမ်း၊ မောင်ဇေယျာ၊ မောင်းဆက်တို့၏ ဆောင်းပါးများ အပါအဝင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် အင်တာဗျူးတို့ပါရှိပါသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့်တစ်ဦးချင်းမှာယူလိုသူများအတွက် မြန်မာရေးရာအမှတ်-၅ကို ဒူဝံစာပေ၊ အမှတ်(၂၁၂)၊ ၃၁လမ်း(အထက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်သို့ မှာယူနိုင်ပါသည်။

**မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၃၈၇၅၆၈၊ ဒူဝံစာပေ ဖုန်း-၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၃၀၃၂**

**Email; duwunsarpay 31apperst@gmail. com**



# မြောက်ကိုရီးယားသည် ရုရှားမှတစ်ဆင့် ပြင်ပကမ္ဘာသို့ ဒုတိယမြောက်အင်တာနက်ချိတ်ဆက်မှုပြုလုပ်ခဲ့

**မော်စကို အောက်တိုဘာ ၃**

မြောက်ကိုရီးယားသည် ရုရှားမှတစ်ဆင့် ပြင်ပကမ္ဘာသို့ ဒုတိယမြောက် အင်တာနက် ချိတ်ဆက်မှုပြုလုပ်ခဲ့ပြီး ထိုသို့ ပြုလုပ်ခဲ့မှုကြောင့် ဆိုက်ဘာကျွမ်းကျင်သူများက မြောက်ကိုရီးယားသည် ဆိုက်ဘာတိုက်ခိုက်မှု ပြုလုပ်လာနိုင်ကြောင်း ထင်ကြေးပေးလျက်ရှိသည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မကြာသေးမီက ဘဏ်များနှင့် ဆိုနီကုမ္ပဏီတို့ကို ဦးတည်တိုက်ခိုက်ခဲ့သော အဓိကဆိုက်ဘာတိုက်ခိုက်မှုများအတွက် အနောက်အစိုးရက မြောက်ကိုရီးယားကို ပြစ်တင်လျက်ရှိသည်။ သို့သော်လည်း မြောက်ကိုရီးယားက အဆိုပါကိစ္စများတွင် ပါဝင်မှုမရှိကြောင်း ငြင်းဆိုခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ကဲ့သို့သော ခြိမ်းခြောက်မှုများအပြန်အလှန်ပြုလုပ်ခဲ့ခြင်းနှင့် မြောက်ကိုရီးယား၏နျူကလီးယားဒုံးကျည် ဖွံ့ဖြိုးမှုအစီအစဉ်များအပေါ် စော်ကားမော်ကားပြုမှုပြောဆိုမှုတို့ကြောင့် မကြာသေးမီရက်သတ္တပတ်များအတွင်း နှစ်နိုင်ငံတင်းမာမှုများမြင့်တက်လာခဲ့မှုကြောင့် သံတမန်ညှိနှိုင်းမှုများ ပြုလုပ်စေသည်အထိဖြစ်လာခဲ့သလို ပိတ်ဆို့မှုအသစ်များလည်း ပြုလုပ်ရန်အထိ ဖြစ်လာခဲ့သည်။

ရုရှားဆက်သွယ်ရေးကုမ္ပဏီ ထရန်းတယ်လီကွန်းသည် မြောက်ကိုရီးယားနှင့် ဂရင်းနစ်စံတော်ချိန် ၀၉၀၈ အချိန်ကတည်းက ဆက်သွယ်မှုပြုလုပ်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ အင်တာနက်စီးဆင်းမှုကို စောင့်ကြည့်နေသော ဒိုင်သုတေသနအဖွဲ့က ပြောခဲ့သည်။

လွန်ခဲ့သော ၂၀၁၀ ပြည့်နှစ်က အင်တာနက်စီးဆင်းမှုကို တရုတ်ယူနီကွန်းက ကိုင်တွယ်ထိန်းချုပ်ခဲ့သော်လည်း ယခုအခါတွင် ထရန်းတယ်လီကွန်းက မြောက်ကိုရီးယား၏အင်တာနက်စီးဆင်းမှုကို ၆၀ ရာခိုင်နှုန်းခန့် ကိုင်တွယ်ခဲ့ရာ တရုတ် ယူနီကွန်းက ယခုအခါတွင် ကျန်ရှိသော အင်တာနက်စီးဆင်းမှု ၄၀ ရာခိုင်နှုန်းကို ကိုင်တွယ်နိုင်ခဲ့ကြောင်း ဒိုင်သုတေသနအဖွဲ့က ပြောခဲ့သည်။

သို့သော်လည်း ထရန်းတယ်လီကွန်းက မြောက်ကိုရီးယားအစိုးရနှင့်သက်ဆိုင်သော အင်တာနက်စီးဆင်းမှုများကို အတည်ပြုရန် ငြင်းဆိုခဲ့သည်။ ထရန်းတယ်လီကွန်းအနေဖြင့် သမိုင်းအစဉ်အလာအားဖြင့် မြောက်ကိုရီးယားနှင့် ၂၀၀၉ ခုနှစ်တွင်ရေးထိုးခဲ့သော သဘောတူညီချက်အရ ပင်မချိတ်ဆက်မှုရှိခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား၏ အင်တာနက်အသုံးပြုနိုင်မှုသည် ကန့်သတ်ချက်ရှိကြောင်း၊ သို့သော်လည်း အင်တာနက်ဆက်သွယ်မှုပေါင်း ၁၀၀၀ကျော်ရှိသည့်အတွက် ဆိုက်ဘာတိုက်ခိုက်မှုပြုလုပ်ရန် ညှိနှိုင်းလုပ်ဆောင်၍ ရနိုင်ကြောင်းဖား ရားအိုင်းဆိုက်ဘာလုံခြုံရေးကုမ္ပဏီ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ နည်းပညာအရာရှိချုပ်ဘရိုင်စီဘိုလန်က ပြောခဲ့သည်။



ရုရှားတို့၏အင်တာနက်ဆက်သွယ်မှုသည် မြောက်ကိုရီးယားကို အနာဂတ်တွင် ဆိုက်ဘာတိုက်ခိုက်မှုဖြစ်လာအောင် စွမ်းဆောင်ပေးလိမ့်မည် ဖြစ်ကြောင်း ဘိုလန်က ထပ်မံပြောကြားခဲ့သည်။

အမေရိကန်ဆိုက်ဘာထိန်းချုပ်ရေး ဌာနက မြောက်ကိုရီးယားဟက်ကာသမားတို့၏ အင်တာနက်အသုံးပြုတိုက်ခိုက်နိုင်မှုများကို တားဆီးရန် ဆောင်ရွက်နေကြောင်း ဝါရှင်တန်ပို့စ်သတင်းစာ၌ ဖော်ပြခဲ့သည်။

**(ရိုက်တာ)**

# ဖိလစ်ပိုင်နိုင်ငံ၏မူးယစ်ဆေးဝါးနှိမ်နင်းမှုတွင် ဆင်းရဲသားအများစုသေဆုံးခဲ့သည်ဟု လေ့လာမှုစစ်တမ်းတစ်ခုက ဖော်ပြ




**မနီလာ အောက်တိုဘာ ၃**

ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါး နှိမ်နင်းမှုတွင် ဆင်းရဲသားအများစုသာသေဆုံးခဲ့သည်ဟု ဖိလစ်ပိုင်လူမျိုးအများစုက ယုံကြည်ခဲ့ကြောင်း၊ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးကိုလည်း တရားမဝင်မူးယစ်ရာဇဝတ်မှုများကို ဖော်ထုတ်ပြီးတရားရုံး၌ တရားစွဲဆိုမှုများပြုလုပ်စေချင်ကြောင်း မကြာသေးမီက ထုတ်ပြန်လိုက်သော လေ့လာမှုစစ်တမ်းတစ်ခုက ဖော်ပြခဲ့သည်။

လူပေါင်းများစွာသေစေခဲ့သော တရားမဝင် မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်ရေးဆိုင်ရာ နှိမ်နင်းမှုများတွင် ရဲတပ်ဖွဲ့၏ လုပ်ပိုင်ခွင့်အပေါ် ပြည်သူ့သဘောထားများ မတူညီကြောင်း တွေ့ရှိခဲ့သည်။

ဖိလစ်ပိုင် သမ္မတဒူတာတေး၏ လမ်းညွှန်မှုဖြင့် ၁၅ လအတွင်းပြုလုပ်ခဲ့သည့် ရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးစစ်ဆင်မှုများတွင် လူပေါင်း ၃၈၀၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးမှုနှုန်းများမှာ မြင့်တက်လာလျက်ရှိကြောင်း လူ့အခွင့်အရေးအဖွဲ့က ဆိုသည်။ အမည်မသိ သေနတ်သမားများလည်း မူးယစ်မှောင်ခိုသမားများနှင့် သုံးစွဲသူများကို သုတ်သင်ရန် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းလျက်ရှိကြောင်း တချို့တက်ကြွလှုပ်ရှားသူများက ဆိုသည်။

သို့သော်လည်း ရဲတပ်ဖွဲ့နှင့် အစိုးရက အဆိုပါ စွပ်စွဲချက်များကို ငြင်းဆိုခဲ့ပြီး နိုင်ငံရေးအကျိုးအမြတ် တစ်စုံတစ်ရာရရှိရန် ပုံကြီးချဲ့ဝေဖန်မှုများပြုလုပ်နေသည်ဟု ပြန်လည်တုံ့ပြန်ခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏ ရွေးကောက်ပွဲသန္နိဋ္ဌာန်အတိုင်းမူးယစ်မှောင်ခိုမှုများကို စွမ်းစွမ်းတမံဖြေရှင်းနေမှုများက ဒေသတွင်းထောက်ခံမှုများကို ရနေသော်လည်း နိုင်ငံ တကာကို အချက်ပေးခေါင်းလောင်းတီးသလို ဖြစ်ခဲ့သည်။

မူးယစ်ဆေးဝါးစစ်ပွဲများနှင့် ပတ်သက်ပြီး နိုင်ငံတကာပြစ်တင်မှုများအပေါ် ထိလွယ်ရှလွယ်အခြေအနေဖြစ်သော ဖိလစ်ပိုင်အစိုးရသည် လွန်ခဲ့သော ရက်သတ္တပတ်က အနောက်ကို ဘက်လိုက်သည်ဟုစွပ်စွဲခဲ့သည်။

**(ရိုက်တာ)**

# အမေရိကန်လေယာဉ်တင်သင်္ဘော ဟောင်ကောင်၌ ဆိုက်ကပ်ရပ်နား

**ဟောင်ကောင် အောက်တိုဘာ ၃**

အမေရိကန်လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ်ရော်နယ်ရေဂင်သည် ဟောင်ကောင်၌ဆိုက်ကပ်ရပ်နားမှုပြုလုပ်ခဲ့ကြောင်း သိရသည်။ယိုကိုဆူကာ၌ အခြေစိုက်ထားသည့် သင်္ဘောမှအကြီးအကဲက အမေရိကသည် မြောက်ကိုရီးယားနှင့် တင်းမာမှုများဖြစ်ပွားနေသော်လည်း ၎င်း၏မဟာမိတ်များကို ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လေယာဉ်တင်သင်္ဘောသည် ပစိဖိတ်၌ ဂျပန်ရေကြောင်းကာကွယ်ရေးအင်အားစုများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုကို ပြုလုပ်ခဲ့ပြီးနောက်တွင် တနင်္လာနေ့တွင် လောင်စာဆီဖြည့်သွင်းရန် ဟောင်ကောင်သို့ရောက်ရှိခဲ့ကြောင်း သိရသည်။

ရီယာအက်ဒမိုင်ရယ်မာ့ဒေါ်လ်တန်ကအမေရိကန်သည် မြောက်ကိုရီးယား၏ အန္တရာယ်များသည့်ကျူးကျော်ရန်စမှုများကို ရပ်တန့်သွားစေရန် ရနိုင်သမျှနည်းလမ်းမျိုးစုံကို အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်က ဂျပန်နှင့်တောင်ကိုရီးယားအပါအဝင် ၎င်း၏မဟာမိတ်များကို ကာကွယ်ပေးမည်ဟု ပေးအပ်ထားသည့်ကတိကို အခိုင်အမာထားရှိမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ပြီးခဲ့သည့်နှစ်က တရုတ်အစိုးရသည် အမေရိကန်လေယာဉ်တင် သင်္ဘောတစ်စင်း ဟောင်ကောင်တွင်ဆိုက်ကပ်ရပ်နားမှု မပြုလုပ်နိုင်အောင် တားဆီးခဲ့သည်။

ထိုသို့ဆိုက်ကပ်ရန် ငြင်းပယ်ခဲ့မှုသည်တောင်တရုတ်ပင်လယ်အတွင်း၌ အမေရိကန်က စစ်ရေးလှုပ်ရှားဆောင်ရွက်မှုများကို ဆန့်ကျင်လိုက်သည်ဟုထင်မြင်စေခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**



# ရုရှားလေကြောင်း တိုက်ခိုက်မှုကြောင့် နှစ်ရက်အတွင်း အိုင်အက်စ်စစ်သွေးကြွ ၃၀၀ ကျော် သေဆုံး

**ဒမတ်စကက် အောက်တိုဘာ ၃**

ဆီရီးယားနိုင်ငံ Euphrates အရှေ့ဘက်ကမ်းတွင် ပြီးခဲ့သည့်နှစ်ရက်ကျော်အတွင်း ရုရှားလေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွ၃၀၀ကျော်သေဆုံးခဲ့ကြောင်း အက်ကဘာရီရတ် ရုပ်မြင်သံကြားအစီအစဉ်က အင်္ဂါနေ့တွင် ထုတ်လွှင့်ပြသခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ပြောကြားချက်အရ အကြမ်းဖက်အဖွဲ့ဝင်၁၇၀ကျော်ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ လေကြောင်းတိုက်ခိုက်မှုသည် စစ်ရေးထိန်းချုပ်ညွှန်ကြားမှုပြုလုပ်ရာနေရာသုံးခုနှင့် ဒေသဆိုင်ရာအချက်အချာနယ်မြေကိုးခု၊တင့်ကား ရှစ်စီးနှင့် အမြောက်တပ်ယူနစ်သုံးခု၊ တပ်ဆင်ထားသည့်လက်နက်များနှင့် လက်နက်တိုက်လေးခုတို့ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။ အဘူအစ္စလာမ် အယ်လ်ကာဇာကီအပါအဝင် တပ်မှူးခုနစ်ဦးတို့ သေဆုံးခဲ့သည်။ အယ်လ်ဇာကီသည် ကာဇက်စတန်နိုင်ငံသားဖြစ်ပြီး Euphrates တောင်ကြားတွင် အိုင်အက်စ်အဖွဲ့ကကျူးကျော်တိုက်ခိုက်မှုများပြုလုပ်ရာတွင် ပူးပေါင်းပါဝင်ခဲ့သည်။ ရုရှားအင်အားစုများ၏ လေကြောင်းတိုက်ခိုက်မှုသည် ညီလာခံကျင်းပမှုပြုလုပ်သည့်ဌာနနှင့် မြောက်ကော့ကေးဆပ်မှ စစ်သွေးကြွ ၄၀ ခန့်အပါအဝင် အိုင်အက်စ်တို့ထံမှ နိုင်ငံခြားကြေးစားစစ်သားများကို လေ့ကျင့်ပေးသည့်ဌာနချုပ်များကိုပါ ဖျက်ဆီးပစ်ခဲ့ကြောင်းနှင့် အကြမ်းဖက်စနိုက်ပါအုပ်စုတစ်စုကိုပါ နှိမ်နင်းနိုင်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## နိုင်ငံတကာ သတင်းတိုထွာ

### တူရကီနိုင်ငံသည် အီးယူအဖွဲ့ဝင်နိုင်ငံဖြစ်ရန် မလိုအပ်တော့ဟု အာဒိုဂန်ပြော

**အန်ကာရာ အောက်တိုဘာ ၃**

တူရကီနိုင်ငံသည် အီးယူအဖွဲ့ဝင်ဖြစ်ရန် မလိုအပ်သော်လည်း လတ်တလော ရပ်နားထားသော အီးယူဝင်ခွင့်အတွက် ဆွေးနွေးပွဲများကို တူရကီဘက်မှ တစ်ဖက်သတ်စွန့်လွှတ်သွားမည် မဟုတ်ကြောင်း တနင်္ဂနွေနေ့က ပရက်စ်တီဗွီတွင် ဖော်ပြသွားသည်။

သမ္မတ အာဒိုဂန်က တူရကီနိုင်ငံသည် အီးယူအဖွဲ့ကြီးအတွင်းသို့ ဝင်ရောက်ရန် မလိုအပ်တော့ကြောင်း သို့သော် ရပ်နားထားသော ဆွေးနွေးပွဲများကို ၎င်းတို့ဘက်မှစ၍ လျစ်လျူရှုမည် မဟုတ်ကြောင်း ပါလီမန်တွင် ပြောခဲ့သည်။

အီးယူအဖွဲ့ကြီးကမူ တူရကီနိုင်ငံကို ဆက်လက်လိုအပ်ဦးမည် ဖြစ်ကြောင်း အာဒိုဂန်က တနင်္ဂနွေနေ့တွင် ပြောခဲ့သည်။

အီးယူအဖွဲ့ကြီးအနေဖြင့် ရှေ့ဆက်သွားရန် လုပ်စရာကိစ္စတစ်ခုသာ ရှိကြောင်း ယင်းကိစ္စမှာ တူရကီကိုအဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံရန်ဖြစ်ကြောင်း ယဉ်ကျေးမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လုပ်ဆောင်သွားရန် အာဒိုဂန်က ဆက်လက်ပြောကြားသည်။ **(ဆင်ဟွာ)**

### သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကားကင်းမဲ့နေ့ပြုလုပ်

**ပါရီ အောက်တိုဘာ ၃**

ပါရီတွင် တနင်္ဂနွေနေ့က လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရေးအတွက် မြို့၏အဓိကကျသောနေရာတွင် ခုနစ်နာရီကြာ ကိုယ်ပိုင်ကားများဝင်ရောက်ခြင်းကို ပိတ်ပင်တားဆီးခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီမှ ညနေ ၆ နာရီအထိ ပြင်သစ်နိုင်ငံ၏ အဓိကမြို့တော်ရှိ လမ်းမများပေါ်သို့ ကိုယ်ပိုင်ကားများ မောင်းနှင်ခြင်းကို တားဆီးခဲ့သည်။ အဆိုပါ တားဆီးမှုကို မလိုက်နာသော ယာဉ်မောင်းများကို ဒဏ်ကြေးအဖြစ်ယူရို ၁၃၅ သတ်မှတ်ခဲ့သည်။

၂၀၁၅ ခုနှစ်မှစ၍ ယင်းကဲ့သို့ လှုပ်ရှားမှုမျိုးပါရီ၌ စတင်ခဲ့သည်။ သို့သော် တနင်္ဂနွေနေ့က ကိုယ်ပိုင်ကားသွားလာမှုပိတ်ပင်မှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။ ရဲအရာရှိ ၁၀၀၀ နီးပါးခန့်ကို လမ်းမများပေါ်တွင် လှည့်ကင်းဖြင့် ချထားခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် ဆောင်ရွက်နေသောရှေ့နေတစ်ဦးဖြစ်သူ အန်းဟိုက်ဒီဂိုးက မြို့တော်အတွင်း ကားသွားလာမှုလျှော့ချခြင်းဖြင့် လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရန် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ပြောသည်။

သို့သော် ကိုယ်ပိုင်ကားပိုင်ရှင်များက ယင်းကဲ့သို့ ပိတ်ပင်မှုကြောင့် ဒေါသထွက်ခဲ့ရသည်။ လူမှုကွန်ရက်များတွင်လည်း ယင်းကဲ့သို့ ပြုလုပ်မှုနှင့် ပတ်သက်၍ ဆန့်ကျင်ကြောင်း ပြောဆိုခဲ့ကြသည်။ **(ဆင်ဟွာ)**

# လုံခြုံရေးအတွက် မေးခွန်းထုတ်စရာဖြစ်လာတဲ့ မက္ကဆီကိုနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း

**ခြူးစန္ဒီနွေး**

**မက္ကဆီကိုနိုင်ငံဟာ မူးယစ်မှောင်ခိုမှုတွေမှာ နာမည်ကြီးပါပဲ။ မူးယစ်ဂိုဏ်းတွေ အချင်းချင်းပြန်ပေးဆွဲကြတာ၊ သတ်ဖြတ်ကြတာ၊ ပစ်ခတ်ကြတာ ဒါတွေဟာလည်း မကြာခဏဆိုသလိုဖြစ်နေကျတွေပါပဲ။ ဒါပေမယ့် ကမ္ဘာလှည့်ခရီးသွားတွေ အများစုလာရောက်လည်ပတ်တဲ့ နာမည်ကြီးကမ်းခြေတွေမှာပါ ပစ်ခတ်မှုတွေဖြစ်လာတော့အမေရိကန်ကခရီးသွားတွေအတွက် သတိပေးမှုထုတ်ပြန်တာတွေ ပြုလုပ်ခဲ့ပါတော့တယ်။**

ဩဂုတ်လ ၂၂ ရက်နေ့မှာ အမေရိကန် ပြည်ထောင်စုက မက္ကဆီကိုနိုင်ငံမှာ ခရီးသွားလာမှုဆိုင်ရာ သတိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။ မက္ကဆီကိုရဲ့ နာမည်ကြီးကမ်းခြေတွေဖြစ်တဲ့ Los Cancun၊ the Riviera Capos တို့ အပါအဝင်အခြားလူကြိုက်များ ရေပန်းစားတဲ့ ကမ်းခြေတွေမှာ အထူးသတိပြုနေထိုင်သွားလာကြဖို့ သတိပေးမှုတွေ ထုတ်ပြန်ထားခဲ့ပါတယ်။



အဓိကကတော့ အဲဒီဒေသတွေမှာ လူသတ်မှု၊ ပြန်ပေးဆွဲမှု၊ ကားပြန်ပေးဆွဲမှုနဲ့ ခါးပြတိုက်မှုတွေဖြစ်ပွားမှုနှုန်းမြင့်တက်နေလို့ပါပဲ။ မကြာသေးမီကမှ Los Cancun၊ the Riviera Cabos တို့မှာပစ်ခတ်မှုတွေဖြစ်ပွားခဲ့ပြီး ဒါကိုကြည့်မယ်ဆိုရင် နာမည်ကြီးကမ်းခြေတွေကို ပစ်မှတ်ထားတိုက်ခိုက်နေတာကို တွေ့ရမှာပဲဖြစ်တယ်။ ဒါပေမယ့် ခရီးသွားတွေကို အဓိကပစ်မှတ်ထား တိုက်ခိုက်မှုတွေ ပြုလုပ်နေတာမျိုးတော့ မဟုတ်ဘူးလို့ သတိပေးချက်ထဲမှာ ထည့်သွင်းဖော်ပြထားပါတယ်။

အဲဒီသတိပေးချက်မှာတော့ အပန်းဖြေစခန်းတွေနဲ့ ခရီးသွားတွေ အများဆုံးသွားရောက်တဲ့ နေရာတွေမှာတော့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ တိုက်ခိုက်မှုမျိုးတွေ မရှိဘူးလို့ ဖော်ပြထားပါတယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး မူးယစ်ဂိုဏ်းအချင်းချင်း တိုက်ပွဲတွေ၊ ရန်ပွဲတွေဖြစ်ကြတာကတော့ အများအားဖြင့် နယ်စပ်တွေမှာသာ ဖြစ်ပွားလေ့ရှိပါတယ်။

မက္ကဆီကိုနိုင်ငံကို တစ်နှစ်မှာ အမေရိကန် တစ်နိုင်ငံတည်းကပဲခရီးသွား ၂၈ သန်း လာရောက်လည်ပတ်တော့ မက္ကဆီကိုခရီးသွားလုပ်ငန်း အုပ်စုအတွက်လည်းစိုးရိမ်စရာဖြစ်လာပါတယ်။ ဒီတော့ ခရီးသွားတွေ အဓိကလည်ပတ်တဲ့နေရာမှာအကြမ်းဖက်မှုတွေဖြစ်ပွားဖို့ဆိုတာ ရှားရှားပါးပါးပါပဲလို့ ချက်ချင်းပဲဆိုသလို ထောက်ပြခဲ့ပါတယ်။ Los Cabos ကိုလာရောက်လည်ပတ်တဲ့ ခရီးသွားဟာ နှစ်သန်းနီးပါးရှိပါတယ်။

ဖော်ပြချက်အရ မက္ကဆီကိုနိုင်ငံဟာဆိုရင် ကမ္ဘာပေါ်မှာခရီးသွားလုပ်ငန်းနဲ့ အောင်မြင်နေတဲ့ အဌမမြောက်နိုင်ငံပဲဖြစ်တယ်။ ခရီးသွားလုပ်ငန်းကနေ ဝင်ငွေ ၁၉ ဒသမ ၆ ဘီလီယံရရှိပြီး နိုင်ငံအတွင်းမှာရှိတဲ့ သာယာလှပတဲ့ ကမ်းခြေတွေကနေ ခရီးသွားတွေကို အဓိကဆွဲဆောင်နိုင်ခဲ့ပါတယ်။ ကာရေဗီယန်နဲ့ ပစိဖိတ်ဆိပ်ကမ်းတွေရှိတဲ့ အတွက်လည်း ခရီးသွားတွေကို အများဆုံးဆွဲဆောင်နိုင်ခဲ့ပါတယ်။ ပင်လယ်ရေကြောင်း ခရီးသွားလာရေး ကုမ္ပဏီတွေကလည်း သူတို့ရဲ့ခရီးစဉ်တွေမှာ ပြဿနာတွေဖြစ်ပွားနိုင်တဲ့နေရာတွေကို ထည့်သွင်းရေးဆွဲထားခြင်းမရှိဘူးလို့ ကြေညာခဲ့ပါတယ်။ ဒါပေမယ့်လည်း ယနေ့အထိတော့ ပင်လယ်ခရီးသွား ကုမ္ပဏီတွေဟာ လုံခြုံရေးစိုးရိမ်ရမှုကြောင့်သူတို့ရဲ့ခရီးစဉ်တွေကို ပြောင်းလဲတာမျိုးမရှိဘူးလို့ ပင်လယ်ခရီးသွားကုမ္ပဏီတွေကို ဝေဖန်တဲ့ဝက်ဘ်ဆိုက်မှာ ဖော်ပြထားတာ တွေ့ရပါတယ်။

အစိုးရဘက်ကတော့ ကမ္ဘာလှည့် ခရီးသွားတွေ အများဆုံးလည်ပတ်ရာ နေရာတွေမှာ လုံခြုံရေးအရ ရဲတပ်ဖွဲ့ဝင်တွေ ပိုပြီးချထားပါတယ်။

ဒါပေမယ့်လည်းစီးပွားရေးလုပ်ငန်းရှင်အချို့ကတော့ လတ်တလောဖြစ်ပေါ်နေတဲ့ မက္ကဆီကို ဆန့်ကျင်ရေးတွေ၊ သမ္မတထရန့်ရဲ့ မက္ကဆီကိုနဲ့ အမေရိကန်ကြားတံတိုင်းဆောက်မယ့် ကိစ္စတွေအတွက် ဘဏ္ဍာငွေကိစ္စတွေ၊ အမေရိကန်ဘက်ကို ခိုးဝင်တဲ့ မက္ကဆီကိုတွေစတာတွေကြောင့် မက္ကဆီကိုရဲ့ခရီးသွားလုပ်ငန်းကိုထိခိုက်မှာ၊ နိုင်ငံအတွင်းအမေရိကန်ခရီးသွားတွေ လာရောက်လည်ပတ်မှုမပြုတော့မှာစတာတွေကို စိုးရိမ်နေကြပါတယ်။

လတ်တလောဖြစ်နေတဲ့ကိစ္စတွေဟာ ခရီးသွားလုပ်ငန်းအတွက် တကယ့်မုန်တိုင်းကြီးပါပဲလို့ အပန်းဖြေစခန်းလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။ ကျွန်တော်တို့ရဲ့ အစီအစဉ်ကတော့ ခရီးသွားတွေကို သတင်းအချက်အလက်တွေ ပေးမယ်။ ကြုံတွေ့နေရတဲ့ပြဿနာတွေကို အမြစ်ပြတ်ဖြေရှင်းနိုင်အောင် ကြိုးစားမယ်လို့ သူကပြောပါတယ်။ လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူတွေကတော့ ကြိုတင်သတိပေးမှုတွေ ပြုလုပ်ထားဖို့ အထူးသဖြင့် ညဘက်ခရီးသွားတာမျိုး မလုပ်ဖို့ အကြံပြုထားပါတယ်။

အမေရိကန်ကသတိပေးချက်ထုတ်ပြန်ထားတဲ့ နေရာတွေမှာတော့ အမေရိကန် ခရီးသွားတွေ အသွားများတဲ့ နေရာတွေဖြစ်တဲ့ San Miguel de Allende၊ Media နဲ့ Mexico city တို့ မပါဝင်ပါဘူး။ ယခုလအစောပိုင်းမှာပဲ မက္ကဆီကိုစီးတီးမှာ ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၁ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်ထားတော့ အခုမှပြန်လည်နလန်ထူစပဲ ရှိပါသေးတယ်။ ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ ကမ်းခြေဖြစ်တဲ့ Cancun နဲ့ Riviera Maya မှာတော့ မကြာသေးခင်ကဘဲ လူဆိုးဂိုဏ်းအချင်းချင်းပစ်ခတ်မှုတွေ ဖြစ်ပွားခဲ့ပါတယ်။ လူဆိုးဂိုဏ်းအချင်းချင်းရန်ပွဲတွေ၊ ပစ်ခတ်မှုတွေဖြစ်တဲ့ အခါဘေးကရပ်ကြည့်ကြတဲ့ အပြစ်မဲ့သူတွေလည်း သေကျေဒဏ်ရာရတာမျိုးတွေရှိတယ်လို့ အမေရိကန်က ထုတ်ပြန်တဲ့ သတိပေးချက်မှာ ဖော်ပြထားပါတယ်။ ဇွန်လအတွင်းကလည်း Cancun မြို့ရဲ့ မြို့လယ်ကောင်က လူအုပ်ကြားထဲမှာပဲ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့လို့ လူတစ်ဦးသေဆုံးခဲ့ရပါတယ်။

ဇန်နဝါရီလအတွင်းမှာတော့ ရှေ့နေရုံးရှေ့မှာ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့တာကြောင့် လူလေးဦးသေဆုံးခဲ့ရပါတယ်။ ဒါပေမယ့်လည်း ခရီးသွားတွေတည်းခိုရာအပန်းဖြေဟိုတယ်ဇုန်ဘက်မှာတော့ ဒီလိုမျိုးတိုက်ခိုက်မှုတွေ မဖြစ်ပွားခဲ့ပါဘူး။ ဒါကိုကြည့်မယ်ဆိုရင် ခရီးသွားတွေကို ပစ်မှတ်ထားတိုက်ခိုက်တာ မဟုတ်ဘဲ သူတို့အချင်းချင်းပဲ ပြဿနာ တွေဖြစ်နေတာပါ။ အဓိကကတော့ လူဆိုးဂိုဏ်းအချင်းချင်းခိုက်ရန် ဖြစ်ပွားကြတာပါပဲ။ Riviera Maya မှာလည်း ဇန်နဝါရီလအတွင်းက နိုက်ကလပ်တစ်ခုမှာ ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာလူငါးဦးသေဆုံးခဲ့ရပါတယ်။ ဇူလိုင်လအတွင်းမှာတော့ မြို့ထဲမှာ နောက်ထပ်ပစ်ခတ်မှု တစ်ခုကြောင့် လူသုံးဦးသေဆုံးခဲ့ရပြန်ပါတယ်။ အဲဒီအခါမှာတော့ ရဲတွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ကင်းလှည့်စောင့်ကြည့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဓိကကတော့ ခရီးသွားတွေ အများစုရှိတဲ့နေရာတွေမှာ လုံခြုံရေးအပြည့်အဝပေးခဲ့ကြပါတယ်။ ကမ္ဘာလှည့်ခရီးသွားဘုတ်အဖွဲ့ရဲ့ ဖော်ပြချက်အရယင်းဒေသကိုလာရောက် လည်ပတ်သူခရီးသွားဟာ နှစ်စဉ် ၁၁ သန်းရှိတယ်လို့ သိရပါတယ်။

နောက်ထပ် သတိပေးချက်ထုတ်ပြန်ထားတဲ့နေရာကတော့ Los Cabos ပဲဖြစ်တယ်။ Los Cabos ဟာ ခရီးသွားတွေ အကြိုက်များတဲ့၊ အပန်းဖြေစရာကောင်းတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ကန္တာရနဲ့ ပင်လယ်ပြင်ထိစပ်တဲ့နေရာလည်း ဖြစ်ပြီး ရင်သပ်ရှုမောဖွယ်ရှုမျှော်ခင်းတွေက ကမ္ဘာလှည့်ခရီးသွားတွေကို အထူးပဲ ဆွဲဆောင်ထားပါတယ်။ အဲဒီဒေသမှာလည်း ပစ်ခတ်မှုတွေဖြစ်ပွားခဲ့ရာ နေ့ခင်းလူ မြင်ကွင်းမှာတင် အပြစ်မဲ့သူတွေ ဒဏ်ရာရရှိခဲ့ပါတယ်လို့ သတိပေးချက်မှာ ဖော်ပြထားပါတယ်။ ဩဂုတ်လအတွင်းမှာ ကမ်းခြေမှာလည်းပစ်ခတ်မှု ဖြစ်ပွားခဲ့ရာလူသုံးဦးသေဆုံးခဲ့ပြီး ခရီးသွားတွေလည်း ထွက်ပြေးခဲ့ရပါတယ်။ Los Cabos ရဲ့ ခရီးသွားဘုတ်အဖွဲ့ရဲ့ ပြောကြားချက်အရ အဲဒီဒေသမှာလုံခြုံရေးတွက် အစိုးရနဲ့ပုဂ္ဂလိကအဖွဲ့အစည်းတွေဆီက ဒေါ်လာ ၄၆ သန်းရရှိတယ်လို့ သိရပါတယ်။ ရဲတပ်ဖွဲ့ဝင် ၁၉၀ ကျော်ဟာလည်း ဒီဒေသရဲ့လုံခြုံရေးအတွက် ယခုနှစ်အတွင်းမှာပဲ တာဝန်ချထားခံရတယ်လို့ သိရပါတယ်။ လုံခြုံရေးကင်မရာတွေ တပ်ဆင်ဖို့၊ ရဲတွေကို သင်တန်းပေးဖို့၊ လိုအပ်တဲ့လက်နက်ကိရိယာတွေထောက်ပံ့ပေးဖို့ ပုဂ္ဂလိကကဏ္ဍကနေ ဒေါ်လာခုနစ်သန်း ရင်းနှီးမြှုပ်နှံထားတယ်လို့သိရပါတယ်။ “ခရီးသွားတွေမရှိဘဲနဲ့တော့ ဒီနေရာမှာ ကျွန်တော်တို့ဘာမှ လုပ်စားလို့မရပါဘူး” လို့ ခရီးသွားဘုတ်အဖွဲ့ဝင်တစ်ဦးက ပြောပါတယ်။

Los Cabos မှာ ဟိုတယ်ပေါင်း ၁၆၀၀၀ ရှိပြီး နောက်ထပ် ၄၉၀၀ ကိုလည်း လာမယ့်သုံးနှစ်အတွင်းမှာ ဖွင့်လှစ်ဖို့ စီစဉ်ထားကြောင်း သိရပါတယ်။ တခြားအန္တရာယ်ရှိနိုင်တယ်လို့ သတိပေးချက်ထုတ်ပြန်ထားတဲ့နေရာတွေကတော့ Acapulco၊ Puerto Vallarta နဲ့ Riviera Nayarit တို့ပဲဖြစ်တယ်။ မက္ကဆီကိုဟာခရီးသွားလုပ်ငန်းနဲ့အောင်မြင်နေတဲ့ နိုင်ငံဖြစ်တော့သူ့နိုင်ငံရဲ့ ခရီးသွားပုံရိပ် ထိခိုက်မှာကို စိုးရိမ်မိမှာကတော့ အမှန်ပါပဲ။

အမေရိကန်ကလည်း သူ့နိုင်ငံသားတွေ ဘေးကင်းစိတ်ချရရေးအတွက် ခရီးသွားမှုဆိုင်ရာ သတိပေးမှုထုတ်ပြန်ထားတာပဲ ဖြစ်တယ်။ ဒီတော့ မက္ကဆီကိုနိုင်ငံကလည်းခရီးသွားတွေရဲ့ လုံခြုံရေးနဲ့ပတ်သက်ပြီး မေးခွန်းထုတ်စရာမျိုးမဖြစ်ဘဲ၊ လုံခြုံစိတ်ချရစေရေး အစွမ်းကုန် ကြိုးစားသွားရမှာပဲဖြစ်ပါတယ်။ **ကိုးကား-နယူးယောက်တိုင်းမ်**

# သီးနှံစိုက်ပျိုးရေးနှင့် ပေါင်းမြက်နှိမ်နင်းရေး

ဒွေးမယ်နော် (ဗဇ၊ စိုက်ပျိုးရေး)



မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအတွင်း စိုက်ပျိုးမြေဧရိယာအများဆုံးဖြစ်ပြီး သင့်တင့်ကောင်းမွန်သောရေ၊ လယ်ယာစိုက်ပျိုးမြေများနှင့် သင့်တင့်မျှတသောရာသီဥတု ရှိသောကြောင့် ရာသီမရွေး သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းစဉ်တိုင်းတွင် စဉ်ဆက်မပြတ် ပြောင်းလဲဖြစ်ပေါ်လာနေသော ရာသီဥတုကြောင့် တောင်သူများ၏ စိုက်ပျိုးရေး လုပ်ငန်းများကို တဖြည်းဖြည်းထိခိုက်လာစေပြီး သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှုစွမ်းအားများ ကျဆင်းလာသည်။

ယခင်ကထက် အထွက်နှုန်းများလည်း လျော့နည်းလာသည့်အတွက် ပြောင်းလဲလာသည့်ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်၊ မြေဆီလွှာအစိုဓာတ်နှင့် မြေဩဇာ၊ ဖြစ်ထွန်းမှု၊ ပိုးမွှားရောဂါနှင့် ပေါင်းမြက်ကျရောက်မှု၊ ဈေးနှုန်း၊ ဈေးကွက်ရရှိမှု စသည့်အခြေအနေတို့နှင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်မှသာ သီးနှံအထွက်နှုန်းများ တိုးတက်မြင့်မားလာပေမည်။ သို့ဖြစ်ပေရာ ပြောင်းလဲလာသည့်ရာသီနှင့် လိုက်လျောညီစွာ စိုက်ပျိုးဖြစ်ထွန်းမည့်သီးနှံများ၊ စိုက်နည်းစနစ်များ၊ စိုက်ပျိုးချိန် ကာလများကို ပြောင်းလဲစိုက်ပျိုးခြင်း၊ ပိုးမွှား၊ ရောဂါနှင့် ပေါင်းမြက်ကျရောက်ဖျက်ဆီးမှုများကို စနစ်တကျကာကွယ်နှိမ်နင်းခြင်းတို့ ဆောင်ရွက်သွားရန် အထူးလိုအပ်မည်ဖြစ်သည်။

သီးနှံအထွက်နှုန်းကို လျော့နည်းစေသည့် အကြောင်းရင်းများစွာထဲတွင် ပေါင်းမြက်ကြောင့် ဆုံးရှုံးမှုသည်လည်း အရေးကြီးကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။ သီးနှံပင် ငယ်စဉ်ကာလကပင် ပေါင်းပင်ကို နိုင်အောင်မနှိမ်နင်းခဲ့ပါက သီးနှံပင်နှင့်အပြိုင်ကြီးထွားလာပြီး အစာ၊ အာဟာရ၊ အလင်းရောင်နှင့် ရေတို့ကို လုယူစားသောက်လျက် သီးနှံအထွက်ကိုသာမက သီးနှံအရည်အသွေးကိုလည်း ကျဆင်းစေသည်။ ထို့ကြောင့် သီးနှံပင်နှင့် ပေါင်းမြက် ယှဉ်ပြိုင်သည့် အရေးကြီးကာလမှာ သီးနှံပင်သက်တမ်း၏ ရှေ့ပိုင်း သုံးပုံတစ်ပုံကာလဖြစ်ပြီး ပေါင်းကင်းစင်အောင်နှိမ်နင်းရန် အရေးအကြီးဆုံး၊ အလိုအပ်ဆုံးဖြစ်ပေသည်။ အထူးသဖြင့် စပါးအထွက်နှုန်းမြင့်မားရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းမှာ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်းဖြစ်သည်။ ပေါင်းမြက်ကို မနှိမ်နင်းလျှင် စပါးအထွက်မှာ ၃၉ မှ ၉၇ ရာခိုင်နှုန်းအထိ ဆုံးရှုံးနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ပျိုးထောင်ကောက်စိုက် စပါးခင်းသည် တိုက်ရိုက်အစေ့ချစိုက်စပါးခင်းထက် ပေါင်းပင်ကို ပို၍ယှဉ်ပြိုင်ကြီးထွားစေနိုင်သည်။ တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်းသည်လည်း စပါးနှင့်ပေါင်းပင် အတူတူ ယှဉ်ပြိုင်ကြီးထွားသဖြင့် ပေါင်းဖျက်ဆီးမှု ပို၍ခံရသည်။ ယင်းအပြင် ပေါင်းပင်သည် နိုက်ထရိုဂျင်မြေဩဇာကို စပါးပင်နှင့် အပြိုင်လုယူစားသုံးသည့်အတွက် ပေါင်းမရှင်းဘဲ နိုက်ထရိုဂျင်မြေဩဇာ များများကျွေးလေ စပါးအထွက်လျော့နည်းလေလေဖြစ်ပေသည်။ ပေါင်းမြက်ကြောင့် စပါးအထွက်ဆုံးရှုံးမှု အနည်းအများသည် စပါးစိုက်ရေမြေသဘာဝ၊ စိုက်ပျိုးရာသီ၊ စိုက်နည်းစနစ်၊ စပါးမျိုး၊ မြေဩဇာထည့်သွင်းချိန်နှင့် ထည့်သွင်းသည့်ပမာဏ၊ ပေါင်းမြက်နှိမ်နင်းသည့်အချိန်ကာလ စသည့်အချက်များအပေါ် မူတည်ကြောင်း လေ့လာသိရှိရသည်။

ပေါင်းပင်ဆိုသည်မှာ အလွယ်ကူဆုံးစကားရပ်ဖြင့်ပြောရလျှင် လူတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား မကောင်းသောအကျိုးရလဒ်ကို ဖြစ်ပေါ်စေသည့် အပင်ဟူသမျှ(မလိုအပ်သည့် နေရာတွင်ပေါက်သည့်အပင်၊ အနှောင့်အယှက်ပေးသည့်အပင်)တို့ကို ပေါင်းပင်ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ပေါင်းပင်ပေါက်ရောက်ခြင်းသည် ကောင်းကျိုးထက် ဆိုးကျိုးကို ပိုမိုဖြစ်ပေါ်စေသည်။ ကောင်းကျိုးအနေဖြင့် မြေဆီလွှာအတွက် မြေဆွေးဓာတ်များ ဖြည့်ဆည်းပေးနိုင်ခြင်း၊ မြေတိုက်စားမှုကို အကာအကွယ်ပေးနိုင်ခြင်း၊ လူသားနှင့် တိရစ္ဆာန်များအတွက် အစားအစာအဖြစ် ရရှိနိုင်ခြင်း၊ တောင်သူများ၏ မိတ်ဆွေပိုးများဖြစ်သော သားရဲကောင်နှင့် ကပ်ပါးကောင်များအတွက် ခိုအောင်းရာနေရာနှင့် အစားအစာများ ဖြစ်ပေါ်စေခြင်း၊ မျက်စိပသာဒဖြစ်စေခြင်း၊ မြေယာအလှဆင်လုပ်ငန်းများအတွက် အသုံးဝင်စေခြင်းတို့ဖြစ်ပေသည်။ ဆိုးကျိုးများမှာ ရောဂါပိုးမွှားနှင့် ကြွက်များအတွက် ခိုအောင်းနေနိုင်မည့် လက်ခံပင်များဖြစ်ခြင်း၊ သီးနှံပင်အထွက်နှင့် အရည်အသွေးကို ကျဆင်းစေခြင်း၊ ရေသွင်းရေထုတ်လုပ်ငန်းများကို နှောင့်နှေးကြန့်ကြာစေခြင်း၊ သီးနှံစိုက်ပျိုးပြုစုခြင်းနှင့် ရိတ်သိမ်းခြင်း ဆောင်ရွက်ရာတွင် အဟန့်အတားများ ဖြစ်ပေါ်စေခြင်း၊ လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကို အနှောင့်အယှက်ပေးခြင်း၊ မြေယာတန်ဖိုးကျဆင်းစေခြင်း၊ ဝတ်မှုန်ကူးပေးသည့်ပိုးမွှားများကို ဆွဲဆောင်နိုင်သဖြင့် သီးနှံပင်များ ပင်ခြားဝတ်မှုန်ကူးမှုကို လျော့နည်းစေခြင်းတို့ ဖြစ်ပေသည်။

အခြားအပင်များနှင့်မတူညီသော ပေါင်းပင်တို့၏ ထူးခြားချက်များမှာ ပင်ပိုင်းကြီးထွားမှုလျင်မြန်ပြီး မျိုးစေ့မြန်မြန်ထုတ်နိုင်ခြင်း၊ မျိုးစေ့အမြောက်အမြားထုတ်လုပ်နိုင်ပြီး အများစုသည် ရှင်သန်နိုင်စွမ်းရှိခြင်း၊ ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးတွင် လိုက်လျောညီထွေနေနိုင်ခြင်း၊ မျိုးစေ့များ အစေ့ငုပ်နေနိုင်ခြင်း၊ ထိရောက်သော မျိုးစေ့ပြန့်ပွားသည့်နည်းလမ်းများရှိခြင်း၊ နှစ်ရှည်ပေါင်းများတွင် ဘတ်၊ ရိုင်ဇုမ်း၊ ကျူဘာ၊ စတိုလွန်စသည့် အပင်အင်္ဂါအစိတ်အပိုင်းများဖြင့်လည်း မျိုးပွားနိုင်ခြင်းဟူသော လက္ခဏာများဖြစ်သည်။

ပေါင်းပင်အမျိုးအစားကို ခွဲခြားရာတွင် ပြင်ပရုပ်သွင်အပေါ်မူတည်၍လည်းကောင်း၊ သက်တမ်းအပေါ်မူတည်၍လည်းကောင်း၊ စေ့ရွက်ပါရှိမှုအပေါ်မူတည်၍လည်းကောင်း၊ ပေါက်ရောက်သည့်နေရာအပေါ် မူတည်၍လည်းကောင်း အမျိုးမျိုး ခွဲခြားနိုင်ပါသည်။

**(၁) ပြင်ပရုပ်သွင်အပေါ်မူတည်၍ ခွဲခြားခြင်း**

မြက်- ပင်စည်လုံးသည်။ တူညီသောဆစ်ကြားရှိပြီး ပင်စည်ကို ကန့်လန့်ဖြတ်ကြည့်လျှင် အခေါင်းပါသည်။ ရွက်လွှဲထွက်၍ အရွက်များသည် သေးသွယ်ရှည်လျားသည်။ ရွက်ကြောပြိုင်၍ အရွက်၌ ရွက်ဖုံးနှင့်ရွက်ပြား ပါရှိသည်။ ထိုနှစ်ခုဆုံရာတွင် ရွက်စွယ်(သို့မဟုတ်) ရွက်လျှာ ပါရှိသည်။ တစ်နှစ်ခံပင်မှ နှစ်ရှည်ခံပင်အထိ ရှိသည်။ (ရိုင်ဇုမ်းနှင့် တားသွား ပင်စည်မျိုးသည် နှစ်ရှည်ခံမြက်မျိုးတွင်တွေ့ရသည်)။ မြက်အမျိုးအစားများအနက် မြေဇာမြက်သည် နှစ်ရှည်ခံပင်ဖြစ်ပြီး စိုက်ခင်းအတွင်း မနှိမ်နင်းခဲ့ပါက စပါးအထွက်ကို ၅၅ ရာခိုင်နှုန်းအထိ လျော့နည်းနိုင်ကြောင်း၊ ဆင်ငိုမြက်၊ လက်သဲခွမြက်နှင့် ဝမ်းဘဲစာမြက်တို့သည် တစ်နှစ်ခံပင်ဖြစ်ပြီး နှိမ်နင်းမှုမရှိခဲ့ပါလျှင် စပါးအထွက်ကို ၈၀ ရာခိုင်နှုန်းအထိ လျော့နည်းစေနိုင်ကြောင်း သိရှိရသည်။

မြက်မုံညင်း- ပင်စည်သည် သုံးမြောင့်ပုံ ( သို့မဟုတ် ) အလုံးဖြစ်သည်။ ကန့်လန့်ဖြတ်ကြည့်လျှင် ပင်စည်၌ အခေါင်းမပါ။ အရွက်များသည် သုံးတန်းစီပြီးထွက်သည်။ ရွက်ဖုံးသည် ပင်စည်ကိုပတ်၍ ပြွန်သဏ္ဌာန်ဖြစ်နေသည်။ စိုစွတ်သောနေရာများတွင် တွေ့ရသည်။ တစ်နှစ်ခံပင်မှ နှစ်ရှည်ခံပင်အထိ ရှိသည်။ နှစ်ရှည်ခံ မြက်မုန်ညင်းတွင် ထူးကဲပင်စည်များဖြစ်သော ဘတ်၊ ရိုင်ဇုမ်း၊ ကျူဘာများ ပါရှိသည်။ မြက်မုံညင်းမျိုးများအနက် ဟင်းနုနွယ်ဆူးပေါက်၊ ခွေးသေးပန်းနှင့် ကြက်မောက်ဖြူတို့သည် တစ်နှစ်ခံပင်များဖြစ်ပြီး အစေ့မှမျိုးပွားကြသည်။ ကြက်မောက်ဖြူများကို ယာခင်းများတွင် တွေ့ရများသည်။ ထိကရုန်း၊ ထိကရုန်းကြီးနှင့် မြက်မုံညင်းဥနက်တို့သည် နှစ်ရှည် ပေါင်းများဖြစ်ပြီး နှိမ်နင်းရခက်ခဲသည်။ ထိကရုန်းမျိုးများသည်လည်း ဆူးပါ၍ ပေါင်းလိုက်ရခက်သည်။ မုန်ညင်းအစိမ်း၊ အဝါ၊ မြက်ကွမ်းသီးလေးတို့သည်လည်း မုန်ညင်းအမျိုးအစားဝင် ပေါင်းများဖြစ်သည်။

ရွက်ပြန့်ပေါင်း- ရွက်ပြန့်ပေါင်းပင်သည် မြက်၊ မုန်ညင်းတို့နှင့် လုံးဝကွဲပြားခြားနားပြီးရွက် ပြားကျယ်၊ ရွက်နားချော(သို့မဟုတ်) ရွက်နားတစ်လျှောက် ခွေးသွားစိတ်များပါရှိသည်။ ရွက်ကြောယှက်သည်။ အရွက်မှာ ရွက်ရိုးတံပါသည်။ တစ်နှစ်ခံမှ နှစ်ရှည်ခံအထိရှိသည်။ မှိုနားတို၊ လယ်ပဒူ၊ ကတောက်ဆတ်၊ ရေလေးညင်းစသည်တို့သည်လည်း ရွက်ပြန့်မျိုးဝင်ပေါင်းများဖြစ်သည်။

**(၂) သက်တမ်းအပေါ်မူတည်၍ခွဲခြားခြင်း**

တစ်နှစ်(သို့မဟုတ်) သီးနှံစိုက်ပျိုးသည့် တစ်ရာသီအတွင်း သီးပွင့်ရင့်မှည့်သည့် ပေါင်းကို တစ်နှစ်ခံပေါင်းဟုခေါ်သည်။ (ဥပမာ-မြက်သီး)။ နှစ်နှစ် (သို့) နှစ်နှစ်အထက်ကြာသော ကာလအတွင်း သီးပွင့်ရင့်မှည့်သည့်ပေါင်းကို နှစ်ရှည်ခံပေါင်းဟုခေါ်သည်။ (ဥပမာ - သက်ကယ်)။ သက်ကယ်ပေါင်းသည် နှစ်ရှည်ခံပေါင်းဖြစ်ပြီး နှိမ်နင်းရခက်ခဲသည်။ ယာခင်းများတွင်ကျသော အဆိုးဆုံးပေါင်းဖြစ်သည်။

**(၃) စေ့ရွက်ပါရှိမှုအပေါ်မူတည်၍ခွဲခြားခြင်း**

စေ့ရွက်ပါရှိမှုအပေါ်မူတည်၍ အစေ့မှ အပင်ပေါက်ခါစတွင် အစေ့ရွက်နှစ်ရွက်ပါရှိပါက စေ့ရွက်စုံပင်ဖြစ်သည်။ (ရွက်ပြန့်ပေါင်း အများစု)။ အစေ့ရွက်တစ်ရွက်သာ ပါရှိပါက စေ့ရွက်ထီးပင်ဖြစ်သည်။(မြက်နှင့် မြက်မုံညင်းများ)

**(၄) ပေါက်ရောက်ရာနေရာအပေါ်မူတည်၍ ခွဲခြားခြင်း**

ကုန်းနေပေါင်း(ဥပမာ-ဇာမဏီ)။ ရေကြိုက်ပေါင်း(ဥပမာ-ဗေဒါ)။ နေရာမှီခိုပေါင်း(ဥပမာ - နွယ်ပင်)။ ကပ်ပါးပေါင်း(ဥပမာ-ရွှေနွယ်၊ ပြောင်းစားဘီလူး)စသည်တို့ဖြစ်သည်။

ပေါင်းပင်ကြောင့် သီးနှံပင်များ၏ အထွက်ဆုံးရှုံးမှုကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

| သီးနှံပင် | အထွက်နှုန်း | | |
|---|---|---|---|
| | ပေါင်းမရှင်း( t /ha) | ပေါင်းရှင်း( t /ha) | လျော့နည်းမှု% |
| ရွှေ့စိုက်စပါး | ၁.၉၀ | ၅.၁၀ | ၆၂.၈ |
| ယာစပါး | ၀.၃၆ | ၁.၅၈ | ၇၇.၂ |
| ပြောင်း | ၃.၀၀ | ၄.၂၀ | ၂၈.၆ |
| မြေပဲ | ၀.၂၃ | ၁.၂၅ | ၈၁.၆ |
| ပဲပုပ် | ၈၁.၆ | ၁.၄၀ | ၃၀.၃ |
| ကြက်သွန်(ရွှေ့စိုက်) | ၃၀.၃ | ၂၄.၅ | ၂၄.၅ |

သို့ဖြစ်ပေရာ မည်သည့်သီးနှံကိုမဆို စိုက်ပျိုးကြရာတွင် ဒေသအလိုက် ရေမြေသဘာဝ၊ မျိုးကွဲ၊ စိုက်ပျိုးနည်းစနစ်၊ စိုက်ပျိုးရာသီများ မတူကွဲပြားသော်လည်း ပေါင်းမြက်ကာကွယ်နှိမ်နင်းရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း တွေ့ရှိရသည်။

**ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများ**

(က) ကြိုတင်တားဆီး ကာကွယ်နှိမ်နင်းခြင်း

(၁) ပေါင်းကင်းစင်သောမျိုးစေ့ကိုအသုံးပြုခြင်း။
(၂) ဥပဒေအရ တားဆီးကာကွယ်ခြင်း။ (Quarantine law , Clean seed law)
(၃) ပျိုးခင်း၌ ပေါင်းမြက်ကင်းစင်စေခြင်း။
(၄) လယ်ယာသုံး ကိရိယာနှင့်စက်များကို သန့်ရှင်းအောင်ထားရှိခြင်း။
(၅) တိရစ္ဆာန်နှင့် လယ်ယာသုံး ကိရိယာများကို ပေါင်းကင်းစင်စေရန် စီမံဆောင်ရွက်ခြင်း။
(၆) ကန်သင်းနှင့် ရေသွင်းမြောင်းများကို သန့်ရှင်းအောင်ထားရှိခြင်း။
(၇) ကျွဲနွားနှင့် ရေသွင်း၊ ရေထုတ်ခြင်းတို့မှ မပြန့်ပွားအောင် ကာကွယ်ခြင်း။
(၈) ပေါင်းမျိုးစေ့နှင့် ပင်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများမှ မျိုးပွားခြင်းကို ဟန့်တားကာကွယ်ခြင်း။

(ခ) စိုက်ပျိုးနည်းလမ်းများဖြင့် ကာကွယ်ခြင်း

(၁) မြေပြုပြင်ခြင်း - ထယ်နက်နက်ထိုးခြင်း၊ သမန်းရအောင်မြေပြင်ခြင်း၊ မြက်ခေါင်း ကုန်စင်အောင်ကောက်ခြင်း၊ ထွန်ဝင်ခြင်းလုပ်ငန်းများကို အချိန်မီဆောင်ရွက်ခြင်း။
(၂) စိုက်နည်းစနစ် - စပါးတွင် ပျိုးထောင်ကောက်စိုက်ခြင်း၊ပင်ကြားတန်းကြားစိပ်စိပ်စိုက်ခြင်း၊ မျိုးစေ့နှုန်းများများစိုက်ခြင်း။
(၃) မျိုးရွေးချယ်ခြင်း - ပင်ပိုင်းကြီးထွားမှုစောသောမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း။
(၄) ရေသွင်းရေထုတ်ခြင်း - ပေါင်းစေ့များမပေါက်မီ (သို့) မြေပေါ်သို့မထွက်မီ ရေသွင်းခြင်း၊ ပျိုးပင်မြင့်တက်လာသည့်အခါ အပင်အမြင့်တစ်ဝက်ခန့်ကို ရေလွှမ်းပေးခြင်း။
(၅) မြေဩဇာကျွေးခြင်း- နိုက်ထရိုဂျင်ကိုသုံးစွဲရာတွင် မြေခံအဖြစ် နှုန်းထားအနည်းငယ်သာထည့်၍ ကျန်မြေဩဇာများကို သီးနှံအလိုအပ်ဆုံးအချိန်များတွင် အကြိမ်ကြိမ်ခွဲ၍ ထည့်သွင်းခြင်း။
(၆) သီးလှည့်စိုက်ခြင်း - သီးလှည့်စိုက်ပျိုးခြင်းဖြင့် ပေါင်းပင်၏ဘဝစက်ဝန်းကို ဖြတ်တောက်နိုင်ပြီး ပေါင်းမျိုးစိတ်တစ်မျိုးတည်း ဆက်တိုက်ပေါက်ခြင်းကို ကာကွယ်နိုင်ခြင်း။

(ဂ) ဇီဝနည်းဖြင့် ကာကွယ်ခြင်း

(၁) တိရစ္ဆာန် ( ဘဲ ၊ဝက် ၊ ငှက် ၊ ငါး )။
(၂) အင်းဆက်ပိုးများ။
(၃) အဏုဇီဝ ပိုးများ ( ဘက်တီးရီးယား၊ ဗိုင်းရပ် ၊ မှို ၊နီမတုတ် )။
(၄) နို့တိုက် သတ္တဝါ၊ ငါး နှင့် ငှက်များ။

(ဃ) တိုက်ရိုက်နည်းဖြင့် ကာကွယ်ခြင်း

(၁) ကိရိယာသုံးခြင်း- စက်ကိရိယာသုံးခြင်း - လယ်ယာသုံး ပစ္စည်းများဖြစ်သော ပေါက်ပြား၊ တူရွင်း စသည်တို့ဖြင့် လည်းကောင်း၊ ပေါင်းလိုက်ကိရိယာများ သုံးစွဲခြင်းဖြင့်လည်းကောင်း နှိမ်နင်းခြင်း။
(၂) လူလုပ်အားသုံးစွဲခြင်း - ပေါင်းမြက်များကို လက်ဖြင့်နုတ်ခြင်း၊ခြေဖြင့်နင်းချေခြင်း။
(၃) ကုန်းနေ၊ ရေနေပေါင်းများအား ဖြတ်တောက်ပေးခြင်း။

(င) ဓာတုဗေဒနည်းဖြင့် ကာကွယ်ခြင်း

(၁) ပေါင်းသတ်ဆေး သုံးစွဲခြင်း - သီးနှံမစိုက်မီ စိုက်ခင်း၌ပေါက်နေသော ပေါင်းများကိုလည်းကောင်း၊ သီးနှံစိုက်ပြီး ပေါင်းမြက်များမပေါက်ရောက်မီ ကြိုတင်၍လည်းကောင်း၊ သီးနှံများစိုက်ပြီး ပေါင်းမြက်များ ပေါက်လာချိန်၌ လည်းကောင်း ဓာတုဆေးအသုံးပြု၍ နှိမ်နင်းခြင်း။
(၂) ပေါင်းသတ်ဆေး အမျိုးအစားခွဲခြားခြင်း - ပက်ဖျန်းချိန်အပေါ်မူတည်၍ လည်းကောင်း၊ ပက်ဖျန်းသည့်နေရာအပေါ်မူတည်၍လည်းကောင်း၊ ဇီဝအကျိုးသက်ရောက်မှုအပေါ် မူတည်၍လည်းကောင်း ခွဲခြားခြင်း(ထိသေ၊ ပင်လုံးပြန့်)။
(၃) ရွေးချယ်အာနိသင်အပေါ်မူတည်၍ ခွဲခြားခြင်း - ရွေးချယ်အာနိသင်မဲ့ ပေါင်းသတ်ဆေး(ပေါင်းနှင့် သီးနှံကိုသေစေနိုင်သည်)။ ရွေးချယ် အာနိသင်ရှိ ပေါင်းသတ်ဆေး(ပေါင်းသေပြီး သီးနှံကိုမသေစေပါ)။

**ပေါင်းသတ်ဆေးသုံးစွဲရာတွင် သတိပြုရမည့်အချက်များ**

(၁) ပေါင်းသတ်ဆေးရွေးချယ်မှု မှန်ရမည်။ (စိုက်ပျိုးသီးနှံနှင့် ပေါက်ရောက်သော ပေါင်းအမျိုးအစားအလိုက် ကိုက်ညီသော ဆေးဖြစ်ရမည်)။
(၂) သင့်တော်မှန်ကန်သော ဆေးနှုန်းထားဖြစ်ရမည်။ (ဆေးဘူး/ပုလင်းတွင် ပါရှိသည့် အညွှန်းအတိုင်း သုံးစွဲရမည်)။
(၃) ပက်ဖျန်းချိန်မှန်ရမည်။ (ပေါင်းပင်နှင့် သီးနှံပင် သက်တမ်းအခြေအနေ)။
(၄) ပတ်ဝန်းကျင်အခြေအနေ မှန်ရမည်။ လေဆန်၍မဖျန်းရ။ လေတိုက်၊ မိုးရွာသောနေ့ မဖျန်းရ။
(၅) မြေမျက်နှာပြင်ညီညာ၍ ရေသွင်းရေထုတ်ချိန် မှန်ကန်ရမည်။
(၆) ဆေးဖျန်းရာတွင် အသုံးပြုမည့်ရေသည် ကြည်လင်ရမည်။
(၇) ဆေးအမျိုးအစားကိုလိုက်၍ ဆေးဖျန်းပြီး သုံးနာရီမှ ခြောက်နာရီအတွင်း မိုးလွတ်ရမည်။
(၈) သင့်တော်သောဆေးဖျန်းခေါင်းကို သုံးပါ။ ပင်လုံးပြန့်နှင့် မြေပေါ်ဖျန်းဆေးအတွက် ယပ်တောင်ပုံဆေးဖျန်းခေါင်းနှင့် ထိသေဆေးအတွက် ပိုးသတ်ဆေးဖျန်းခေါင်းကို သုံးနိုင်သည်။
(၉) ဆေးတစ်မျိုးတည်း ဆက်တိုက်သုံးစွဲပါက ဆေးဒဏ်ခံနိုင်သော ပေါင်းမျိုးစိတ်များနှင့် နှိမ်နင်းရခက်သောပေါင်းများ ပေါ်ပေါက်လာနိုင်သဖြင့် ဖြစ်နိုင်ပါက ဆေးအုပ်စုမတူသောဆေးကို ပြောင်းလဲသုံးစွဲပါ။
(၁၀) ပေါင်းသတ်ဆေး နှစ်မျိုး၊ သုံးမျိုး ရောသုံးခြင်းသည် တစ်မျိုးတည်းသုံးခြင်းထက် ပို၍အာနိသင်ထက်မြက်သည်။ဆေးနှုန်းထား ရောစပ်ပုံများ လွဲမှားနိုင်သဖြင့် အသင့်အရောကို ဝယ်ယူသုံးစွဲပါ။
(၁၁) ပေါင်းသတ်ဆေးဖျန်းပုံး သီးသန့်ထားရန်နှင့် မဖျန်းမီနှင့် ဖျန်းပြီးချိန်တွင် ဆေးဖျန်းပုံးကို သေချာစွာဆေးကြောပြီးမှ သုံးပါ။
(၁၂) မြေပေါ်ဖျန်းပေါင်းသတ်ဆေး အသုံးပြုရာတွင် ဆေးဖျန်းခေါင်းနှင့် မြေကြီး အကွာအဝေး တစ်ပေခြား၍ဖျန်းပြီး အရွက်ဖျန်းပေါင်းသတ်ဆေး အသုံးပြုရာတွင် ဆေးဖျန်းခေါင်းနှင့် အပင်ထိပ်ဖျားအကွာအဝေး တစ်ပေခြား၍ ဖျန်းရမည်။

ပေါင်းပင်နှိမ်နင်းရာတွင် ကာကွယ်နှိမ်နင်းနည်း တစ်မျိုးတည်းသုံးခြင်းဖြင့် ထိရောက်သည့် ကာကွယ်မှုကို မပေးနိုင်ပါ။ ဒေသအလိုက်ဆောင်ရွက်နိုင်သော အထိရောက်ဆုံးနှင့် ကုန်ကျစရိတ်အနည်းဆုံးဖြစ်မည့် နည်းလမ်းနှစ်မျိုး သို့မဟုတ် နှစ်မျိုးထက်ပို၍ စုပေါင်းသုံးစွဲသော ဘက်စုံပေါင်းကာကွယ်နှိမ်နင်းနည်း (Integrated weed management)သာလျှင် ရေရှည်တည်တံ့သော ပေါင်းကာကွယ်နှိမ်နင်းနည်းစနစ်ဖြစ်၍ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား -**

**(၁)ပေါင်းအမျိုးအစားများနှင့် ဘက်စုံပေါင်းကာကွယ်နှိမ်နင်းသည့်နည်းလမ်းများ (သီးနှံကာကွယ်ရေးဌာနခွဲရုံးချုပ် ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် ပေါင်းဌာနစိတ်)**

**(၂)နည်းပညာအခြေခံလယ်ယာဖွံ့ဖြိုးရန်(ဆင်းသီဟ)**

## ပခုက္ကူမြို့၌ ၂၅ ခုတင်ဆံ့တိုင်းရင်းဆေးရုံဖွင့်ပွဲကျင်းပ

**ပခုက္ကူ အောက်တိုဘာ ၃**

ပခုက္ကူမြို့၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ဖွင့်လှစ်သည့် (၂၅)ခုတင်ဆံ့တိုင်းရင်းဆေးရုံဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်က ပခုက္ကူမြို့ မြို့ရှောင်လမ်းရှိ အဆိုပါဆေးရုံ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းရင်းဆေးရုံသစ်ကို မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေး၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရီရီမြင့်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြူကြူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ ထို့နောက် လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းရင်းဆေး ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းရင်းဆေးရုံဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းရင်းဆေးရုံအတွက် လိုအပ်သော ဆေးရုံသုံးပစ္စည်းများ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ် အဆောက်အအုံသည် အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေ ရှိပြီး အလျား ၈၀ ပေ၊ အနံ ၄၀ ပေ ရှိသော တိုင်းရင်းဆေးရုံ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ၊ လေးထပ်ဆောင်ကိုလည်း နိုင်ငံတော်က တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ တိုင်းရင်းဆေးရုံများကို ရေနံချောင်းမြို့နှင့် ပေါက်မြို့တို့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ယခု ပခုက္ကူမြို့(၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသည် တတိယမြောက်ဖွင့်လှစ်နိုင်ခဲ့သည့်ဆေးရုံဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးအနေဖြင့် တိုင်းရင်းဆေးရုံပေါင်း ၂၇ ရုံ ဖွင့်လှစ်ထားနိုင်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။ **ဆလိုင်းကိုကီး**

## ကျေးလက်များရေရရှိရေးအတွက် ယမန်နှစ်ကထက် ရန်ပုံငွေ ပိုမိုအသုံးပြုမည်

**မော်လမြိုင် အောက်တိုဘာ ၃**

မွန်ပြည်နယ်အတွင်း ကျေးလက်ဒေသများ ရေရရှိရေးအတွက် ပြည်ထောင်စုဘတ်ဂျက်မှ ခွဲဝေချထားပေးသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ သိန်း ၃၇၀၀ ကျော်ကို သုံးစွဲသွားမည်ဖြစ်ကြောင်းနှင့် ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ကျေးလက်ရေရရှိရေးအတွက် ကျပ်သိန်း ၇၈၀ သုံးစွဲခဲ့ရာ ယခုနှစ်အတွက် ယမန်နှစ်ကထက် ငါးဆခန့် ပိုမိုအသုံးပြုခြင်းဖြစ်ကြောင်း မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

"ဘတ်ဂျက်ခွဲဝေခြင်းကို ပြည်ထောင်စုကပဲ ချပေးတာပါ။ ကျေးလက် မြို့နယ် ခရိုင်အလိုက် အုပ်ချုပ်ရေးမှူးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ အစည်းအဝေးတွေကနေရလာတဲ့ တင်ပြချက်တွေ၊ လွှတ်တော်ရဲ့ ကတိကဝတ်တွေ၊ သဘာဝဘေးကြောင့်ဖြစ်တဲ့ အရေးပေါ်အခြေအနေတွေရယ် စတာတွေကို ထည့်သွင်း စဉ်းစားပြီး ဦးစားပေး (၁)၊ ဦးစားပေး (၂)၊ ဦးစားပေး(၃) ဆိုပြီး အဓိကဦးစားပေး လိုအပ်ချက်အလိုက် ပြည်ထောင်စုကိုတင်ပါတယ်။ ပြည်ထောင်စုက ဒါတွေချပေးနိုင်တယ်၊ ဘယ်ဟာတွေမပေးနိုင်သေးဘူးဆိုပြီး ဆုံးဖြတ်ချထားပေးတာဖြစ်ပါတယ်"ဟု အဆိုပါရုံးမှ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးဝင်းနိုင်က ဘတ်ဂျက်ခွဲဝေပုံကို ရှင်းပြသည်။

မွန်ပြည်နယ်သည် မြေအောက်ရေခန်းခြောက်မှုကြောင့် နှစ်စဉ်ရေပြတ်လပ်မှုများ ကြုံတွေ့နေရပြီး ပင်လယ်ကမ်းရိုးတမ်းနေကျေးရွာများသည် အဝီဇိတွင်းတူးပါကလည်း ရေငန်များသာထွက်ရှိသည်ဟု သိရသည်။

"အမှန်ကတော့ မွန်ပြည်နယ်က အလွန်မိုးများတဲ့ ဒေသပါ။ တစ်နှစ်လုံးမှာ မိုးရွာသွန်းရက် ၁၅၀ လောက်ရှိပြီးတော့ မိုးရေချိန်လက်မ ၂၀၀ ကျော်ပါတယ်။ နွေစဝင်ပြီဆိုတာနဲ့ မြေအောက်ရေက ဆုတ်သွားတယ်။ တူးလိုက်ရင်လည်း ရေငန်ပေါက်တယ်ဆိုတော့ ရေရရှိရေးအတွက် အဝီစိတွင်းတူးပေးလို့မရဘူးဆိုရင် မြေသားမိုးရေလှောင်ကန်တွေ လုပ်ပေးပါမယ်။ တောတောင်တွေကနေ စိမ့်စမ်းသွယ်တဲ့နည်းတွေကိုသုံးမယ်။ မြစ်ရေတင် နည်းစနစ်ကိုလည်းသုံးပြီး လုပ်ပေးပါမယ်"ဟု ကျေးလက် ရေရရှိရေးအတွက် ဆောင်ရွက်နိုင်သည့်နည်းလမ်းများကို ဒုတိယညွှန်ကြားရေးမှူးက ရှင်းပြသည်။

မွန်ပြည်နယ်၌ ကျေးလက်လမ်းများ၊ တံတားများ တည်ဆောက်ခြင်းနှင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများအတွက် ပြည်ထောင်စုဘတ်ဂျက်မှ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သိန်းပေါင်း ၁၉၂၈၁ ဒသမ ၄ ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ချထားပေးခဲ့ရာ အဆိုပါ အသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်းခန့်ကို ရေရရှိရေးလုပ်ငန်းများအတွက် သုံးစွဲရန် ရရှိခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ရေရရှိရေးအတွက် ဆောင်ရွက်မည့် ကုမ္ပဏီများကို တင်ဒါခေါ်ယူရွေးချယ်ထားပြီး ဆောင်ရွက်မှုလုပ်ငန်းများကို ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ်ရှိ ပင်လယ်ကမ်းရိုးတန်းနီးကျေးရွာများ၊ ရေရင်းမြစ်ရှားပါးသည့် ကျေးရွာများသည် နှစ်စဉ် မတ်လအကုန် ဧပြီလဝင်သည်နှင့် သောက်သုံးရေရှားပါးသည့်ပြဿနာကို အဓိကရင်ဆိုင်ကြရပြီး ဧပြီလ ဒုတိယပတ်ခန့်တွင် ရေအလှူရှင် မျှော်နေရလေ့ရှိရာ ကျေးလက်ရေရရှိရေးစီမံချက်များကြောင့် မခက်ခဲတော့ဘဲ တစ်နှစ်ထက်တစ်နှစ် ပိုမိုအဆင်ပြေလာနိုင်တော့မည်ဖြစ်သည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**



## အများပြည်သူသုံး သောက်ရေကန်ကို ပြန်လည်ပြုပြင်

**သုံးခွ အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မွမ်းမံရန်ပုံငွေဖြင့် နံယောကျေးရွာရှိ အများပြည်သူသောက်သုံးရေကန်ကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါရေကန်သည် ကျေးရွာနေ ပြည်သူများ၏ သောက်ရေ၊ သုံးရေအတွက် အဓိက အားထားနေရသော ရေကန်တစ်ကန်ဖြစ်၍ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရေး၊ ရေကန်၏ ဥပဓိရုပ် သပ်ရပ်ကောင်းမွန်စေရေးနှင့် တိရစ္ဆာန်များဝင်ရောက်မှုမရှိစေရန်အတွက် ရေကန်ပတ်လည်ကို အမြင့်ငါးပေ သံဆန်ခါများ ကာရံခြင်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။ လုပ်ငန်းများဆောင်ရွက်မှုမှာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းခွင်သို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်လင်းနိုင်နှင့်အဖွဲ့က အောက်တိုဘာ ၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် တာဝန်ရှိအား လမ်းညွှန်မှာကြားခဲ့သည်။

**ကိုကျော်(သုံးခွ)**

## ခရီးသွားလုပ်ငန်းကဏ္ဍရှိ လူ့စွမ်းအားအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်

**ညောင်ဦး အောက်တိုဘာ ၃**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍရှိ လူ့စွမ်းအားအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူဇင်းဘတ်နိုင်ငံအခြေစိုက် လူဇင်းဘတ်ဖွံ့ဖြိုးရေးအေဂျင်စီ(Lex-Dev)မှ သင်ကြားပို့ချမည့် "Understanding Tourism and Hosptality" သင်တန်းဖွင့်ပွဲကို ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်း ရွှေနန်းတော်အနီးရှိ ပုဂံသတင်းအချက်အလက်နှင့် သင်တန်းဗဟိုဌာန(Bagan Information and Training Center)၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်တာဝန်ခံ) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အတူ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲတာဝန်ခံ) ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွဋ်ခိုင်နှင့် ဝန်ထမ်းများ၊ M.T.F လက်အောက်ရှိ အသင်းအဖွဲ့များ(ပုဂံဇုန်)မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သင်တန်းသား သင်တန်းသူများက ပုဂံသတင်းအချက်အလက်နှင့် သင်တန်းဗဟိုဌာန၌ ချိတ်ဆွဲပြသထားသည့် ပုဂံဒေသယဉ်ကျေးမှုအမွေအနှစ် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့်သင်တန်းသည် ပုဂံဇုန်ရှိ ဟိုတယ်နှင့် စားသောက်ဆိုင်များမှ အခြေခံပညာအလယ်တန်းအဆင့်ရှိ ဒေသခံလူငယ်များကို ဦးစားပေး၍ သင်ကြားပို့ချပေးသွားမည့် ရက်သတ္တနှစ်ပတ်ကြာသင်တန်းဖြစ်ကြောင်း၊ ထို့ပြင် ခရီးသွားဝန်ဆောင်မှုကဏ္ဍတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အဆင့်မြင့်ပညာအဆင့်ရှိ ဒေသခံလူငယ်များအတွက်လည်း သုံးလနှင့်အထက် သင်တန်းများကို Lex-Dev မှ စဉ်ဆက်မပြတ်ဖွင့်လှစ်၍ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးသွားရန် အစီအစဉ်များလည်းရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## သနပ်ခါးမျိုးအသစ်များစိုက်ရန်နှင့် လျှော်ဖြူစိုက်ပျိုးရေးကို ပြောင်းလဲရန် အခင်းပြတ်ရောင်းချကြသဖြင့် သနပ်ခါးဈေးများ ကျဆင်းလျက်ရှိ

**အရာတော် အောက်တိုဘာ ၃**



သနပ်ခါးကို အဓိကစိုက်ပျိုးသော ဒေသတစ်ခုဖြစ်သည့် မုံရွာခရိုင် အရာတော်မြို့နယ်၌ ယခုနှစ်အတွင်း မူလရှိပြီး သနပ်ခါးမျိုးဟောင်းအပင်များနေရာတွင် မျိုးအသစ်များ ပြောင်းလဲစိုက်ပျိုးမှုများပြားခဲ့သည့်အပြင် လျှော်ဖြူပင်စိုက်ပျိုးရေးလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်ကြသူများလည်း ရှိလာသဖြင့် သနပ်ခါးဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း သနပ်ခါးစိုက်ပျိုးရေးလုပ်ကိုင်သူများ၏ ပြောကြားချက်များအရ သိရသည်။

"သနပ်ခါးကစိုက်ပြီး ငါးနှစ်လောက်ကနေစပြီး သုံးလို့ရပါပြီ။ ခုနစ်နှစ်သားအထိလည်း ထားကြတယ်။ ၁၀ နှစ်သားအထိထားမယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။ ၁၀ နှစ်သားတစ်ပင်ကို နှစ်သောင်း၊ သုံးသောင်းကျပ်အထိ ဈေးရတယ်၊ အခုအရာတော်မှာက အရောင်းအဝယ်ကောင်းတယ်။ ဖြုန်းကွက်လည်း မနည်းဘူး။ ရှေးမျိုးနဲ့စိုက်တဲ့ သနပ်ခါးပင်တွေကတော့ ဈေးနည်းတယ်၊ ခေတ်မျိုးတွေကျတော့ ပုံမှန်ဈေးနှုန်းပါပဲ"ဟု အရာတော်မြို့တွင် သနပ်ခါးရောင်းဝယ်ရေး လုပ်ကိုင်သူ ဦးစိုးဝင်းက ပြောသည်။

မြို့နယ်အတွင်း လျှော်ဖြူပင် ပြောင်းလဲစိုက်ပျိုးမှုနှင့်ပတ်သက်၍ "သနပ်ခါးစိုက်ကွက်တွေက နှစ်တိုင်းလိုပဲ သိပ်ပြီး မများပါဘူး။ ဒါပေမယ့် အခုနှစ်မှာ သနပ်ခါးကြားထဲမှာ လျှော်ဖြူပင်တွေညှပ်စိုက်တာ များလာတယ်။ ကိုယ့်ရှိတဲ့ သနပ်ခါးကေလေးတွေရဲ့ကြားထဲမှာ လျှော်ဖြူပင်တွေကို ညှပ်ပြီးစိုက်ကြတာ။ လျှော်ဖြူပင်က သနပ်ခါးလိုတော့ အပင်သိပ်မများဘူး။ ကေချင်းတူရင် သနပ်ခါးထက် အပင်အရေအတွက် နည်းတယ်။ သနပ်ခါးက တစ်ကေကို အပင်အရေအတွက် ၅၀၀ လောက်စိုက်ရင် လျှော်ဖြူပင်က အပင် ၃၀၀ လောက်တော့ ဆံ့မယ်ထင်ပါတယ်၊ လျှော်ဖြူပင်စိုက်ပျိုးမှုက ဈေးကွက်ကောင်းတဲ့အတွက် အစိုက်များလာတာပါ၊ လျှော်ဖြူက စိုက်ပျိုးပြီး သုံးနှစ်လောက်ကြာရင် အစေးစထုတ်လို့ ရပြီလို့ ပြောတယ်။ အခုဒီမှာက အစေးတစ်ပိဿာကို ကျပ်သုံးသောင်းကနေ ငါးသောင်းအထိ ဈေးရတယ်။ လျှော်ဖြူပင်တွေ ပြောင်းပြီးစိုက်ကြတဲ့အတွက်လည်း သနပ်ခါးဈေးကျတယ်လို့ ပြောရမှာပါ" ဟု ၄င်းက ဆက်ပြောသည်။

အရာတော်မြို့နယ်၌ သနပ်ခါးပင်စိုက်ပျိုးရေးတွင် မျိုးအဟောင်းများနေရာတွင် မျိုးအသစ်များကို ပြောင်းလဲစိုက်ပျိုးသူ များလာခဲ့သည့်အပြင် လျှော်ဖြူပင်စိုက်ပျိုးသူများ ပေါ်များလာသဖြင့် မျိုးအဟောင်းများ စိုက်ပျိုးထားသော သနပ်ခါးစိုက်ခင်းများကို ခြုံဖြတ်ဈေးဖြင့်ရောင်းချကြသူ များလာ၍ ဈေးကျလာခြင်းဖြစ်ကာ ယခင်က ကျပ် ၁၀ သိန်းရနိုင်သည့် အခင်းများသည် ယခုအခါတွင် တစ်ခင်းလျှင် ကျပ် ၈ သိန်းခန့်သာ ရရှိတော့ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# ပိတ်ကားပေါ်ပြန်လည်ပေါ်ထွက်လာခဲ့သည့် ကျော်သူ



**ရန်ကုန် အောက်တိုဘာ ၃**
အနုပညာသမားအများစုဟာ သေခဲ့ရင် ငရဲကျနိုင်သည်ဟုဆိုခဲ့ပြီး ပရဟိတအလုပ်များကို ဇောက်ချလုပ်ကိုင်ခဲ့ရင်း ဇာတ်ကားရိုက်ကူးမှုများ နားထားရာမှ ပြန်လည်ရိုက်ကူးရန် ခြေလှမ်း စလာသည့် အကယ်ဒမီ ကျော်သူက တစ်ကျော့ပြန် အနုပညာများကို သရုပ်ဆောင်၊ ဒါရိုက်တာလှုပ်ရှားမှုများနှင့် ပြန်လည် စတင်နေခဲ့သည်မှာ ယနေ့ရုပ်ရှင်ပိတ်ကားထက်တွင် သူ၏ဇာတ်ကားများကိုဆက်တိုက်ဆိုသလို ပြန်လည်တွေ့မြင်နေရသည်။

မိုးပြည့်ပြည့်မောင် ပထမဆုံးထုတ်ဝေရိုက်ကူးမည့် ရုပ်ရှင်ကားကြီးတွင် သရုပ်ဆောင်အဖြစ်လည်းကောင်း၊ "ပုဂံချစ်သူ" ဇာတ်လမ်းတွဲကို ဒါရိုက်တာအဖြစ်လည်းကောင်း၊ လတ်တလောနာမည်ကြီးနေသည့် bella cosmetic မှ အသစ်ထုတ်မည့် အမျိုးသားသုံးအလှကုန်ကြော်ငြာရိုက်ကူးရေးတွင် မော်ဒယ်သရုပ်ဆောင်အနေနှင့်လည်းကောင်း တွေ့ရမည်ဟု သိရသည်။

**မေး။ ဇာတ်ကားတွေ ပြန်ရိုက်ဖြစ်နေတာနဲ့ ပတ်သက်ပြီးသိပါရစေ။ ပြီးတော့ မိုးပြည့်ပြည့်မောင်ရဲ့ ဇာတ်ကားမှာ ပါဝင်ဖြစ်ပုံကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ကျွန်တော် ဇာတ်ကားတွေ မရိုက်တော့ဘူးလို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ပညာပေးဇာတ်လေးတွေ လာလာပြကြတယ်။ ပြီးတော့ ပရိသတ်တွေအတွက် ပညာရစေမယ့် ဇာတ်တွေဖြစ်နေတာကြောင့် ရိုက်ဖြစ်တာပါ ။အခုရိုက်မယ့် မိုးပြည့်ထုတ်လုပ်ရေးနဲ့ ရိုက်ဖြစ်တာက ဒီဇာတ်ကားက မျိုးထူး(ဒါရိုက်တာ)နဲ့ ကျွန်တော်တို့ အရင်ဇာတ်ကားတွေရိုက်ဖူးတယ်။ ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား ရိုက်တုန်းက သူကပြောတယ်။အဲဒီဇာတ်လေးရှိတယ်ဆိုတော့ ကျွန်တော်တို့ နှစ်ယောက်ရှုံးသွပ်နေခဲ့ကြတာ။ သူကလည်း သူ့ရဲ့ရိုက်ချက်တွေ ရှုံးသွပ်သလို ကျွန်တော်ကလည်း ကာရိုက်တာပိုင်းရှုံးသွပ်တာပေါ့။ အဲဒီတုန်းက မဖြစ်ခဲ့ဘူး။ အခုမှ အဲဒီဇာတ်ကို မိုးပြည့်တို့ကုမ္ပဏီက ရိုက်မယ်။ကျွန်တော် ပါမယ်ဆိုလို့ ရိုက်ဖြစ်ခဲ့တာပါ။

**မေး။ မရိုက်တာကြာပြီးမှပြန်ရိုက်ရတော့ ဘယ်အရာကို အဓိကထားရွေးဖြစ်လဲ။**

ဖြေ။ အဓိကကတော့ ဇာတ်ပဲကြည့်တာပေါ့လေ။ ကြည့်တယ်ဆိုတာက ဇာတ်နဲ့ကိုက်လား။ ဒီကာရိုက်တာကလည်း ကြည့်ရှုတဲ့ပရိသတ်အတွက် အကျိုးရှိမယ့်ဟာပေးနိုင်ရဲ့လား။ ဒါကို အဓိကထားပါတယ်။ ဒီကားက ဇရာဝတီမြစ်ကို ထိန်းသိမ်းတဲ့၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့ ကာရိုက်တာ၊ ကလေးငယ်တွေကို ပြုပြင်ပေးတဲ့၊ စာသင်ပေးတဲ့ကာရိုက်တာ၊ ဒါတွေကို သဘောကျလို့ လက်ခံခဲ့တာပါ။

**မေး။ ဒါ့အပြင် ပညာပေးဇာတ်တွေ ရိုက်ဖို့ရှိသေးလား၊ ဇာတ်ကားတွေ ရိုက်ကူးလို့ ပရဟိတလုပ်ငန်းတွေဘက်မှာရော အားနည်းသွားမလား။**

ဖြေ။ အဲ့လိုတော့ အားမနည်းသွားပါဘူး။ ပုံမှန်လုပ်မြဲအတိုင်းပါပဲ။ အချိန်ပေးရင်ပေးသလို ဇာတ်ကားတွေရိုက်မှာပါ။ ပြီးခဲ့တဲ့ စက်တင်ဘာ ၂၆ ရက်က ဆေးခန်းနဲ့ပတ်သက်တဲ့ ရိုက်ကူးရေးလုပ်ဖြစ်တယ်။ ကျွန်တော်တို့ သုခကုသိုလ်ဖြစ် ဆေးခန်းက ဆရာဝန်တွေ အစည်းအဝေးလုပ်ကြတယ်။ အဲ့ဒီအချိန်မှာ သူတို့က ဘာပြောလဲဆိုတော့ ဒီဆေးခန်း ကလည်း ဦးကျော်သူနဲ့ ပတ်သက်တယ်ဆိုတာ ပြည်သူလူထု အလှူရှင်တွေသိအောင် လုပ်ပေးပါဦးတဲ့။ ထိုနည်း လည်းကောင်းပဲ။ပညာရေးမှာလည်း သုခအလင်း ပညာသင်ကျောင်းကလည်း နာရေးကူညီမှုအသင်းကနေပဲ လုပ်တာဆိုတော့ ဦးကျော်သူက နာရေး တစ်ခုတည်း မဟုတ်ဘူး။ ဆေးခန်းလည်းလုပ်တယ်၊ ပညာရေးလည်းလုပ်တယ်ဆိုတာတွေကို သိအောင်ဆိုပြီးတော့ ကျွန်တော်တို့ အေးမြတ်သူတို့နဲ့ ရိုက်ကူးခဲ့တာပါ။

**မေး။ ကိုယ်တိုင်ဒါရိုက်တာအဖြစ်နဲ့ ရိုက်ကူးဖို့ စီစဉ်နေတဲ့ "ပုဂံမြို့သူ"အကြောင်းလည်း ပြောပြပါဦး။**

ဖြေ ။ ။ အဲဒါကတော့ TV series ပါ။ MRTV 4 က စီးရီးတစ်ခုရိုက်ဖို့ပါ။ အဲဒါက နိုဝင်ဘာလကုန်လောက်မှာစရိုက်ပါ့မယ်။ ပုဂံမှာသွားရိုက်ရမယ်။ လေးလဝန်းကျင်လောက်ရိုက်ရမယ်။ နောက် ငါးလလောက်ကြာရင် ကြည့်ရတော့မှာပါ။ သရုပ်ဆောင်အတိအကျတော့ မသိရသေးဘူး။ ဇာတ်ညွှန်းခွဲနေကြတယ်။ မင်းသားကတော့ ဒေါင်းပါမှာတော့ သေချာတယ်။ မင်းသမီးတော့ ကျွန်တော်မသိသေးဘူး၊ အဲဒါက ပရိုဂျူဆာပိုင်း၊ ပရိုဂျူဆာကရွေးပြီး ကျွန်တော်နဲ့ညှိမယ်။ ဇာတ်ညွှန်း ခွဲတဲ့အပိုင်းပါ ကျွန်နော်နဲ့ညှိလို့အဆင်ပြေရင်ရိုက်ဖို့ရှိပါတယ်။

ကိုလင်း

# ကျွန်မက ချောမောလှပသူမဟုတ်ပါဟု ထွန်းအိန္ဒြာဗိုလ် ပြောကြား

**ရန်ကုန် အောက်တိုဘာ ၃**
ပရိသတ်များနှင့် အထိအတွေ့နည်းပါးနေသည့် အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်တစ်ယောက် မိုးပြည့် ရုပ်ရှင်ထုတ်လုပ်ရေးမှရိုက်ကူးသည့် "မြစ်တစ်စင်းရဲ့ ကျေးကျွန်များ" ရုပ်ရှင်ဇာတ်ကားကြီးတွင် မိန်းမသုဘရာဇာအဖြစ်သရုပ်ဆောင်မည်ဖြစ်သည်။ "ကျွန်မကတော့ ကြိုက်တယ်။ ကျွန်မကိုခိုင်းတဲ့ ဇာတ်ဆိုကြိုက်တယ်။ ဒီဇာတ်ကအစကတည်းက မိန်းမသုဘရာဇာလုပ်တာမဟုတ်ဘူး။ အမျိုးသားဆုံးသွားတဲ့အချိန်မှာ တခြားအလုပ်လည်း မလုပ်တတ်တော့ အမျိုးသားရဲ့အလုပ်ကိုပဲ ကိုယ်ကလည်းရင်းနှီးနေပြီးသားဖြစ်တော့ ဆက်လုပ်ဖြစ်တယ်ပေါ့။ အဲဒီဇာတ်ရုပ်ပါ။ ဒီဇာတ်ရုပ်က ကျွန်မကိုခိုင်းတဲ့ဇာတ်ရုပ်ဖြစ်တော့ ဝမ်းမြောက်ဝမ်းသာနဲ့ပဲ လက်ခံရမှာပါ။ ဇာတ်ရဲ့အဓိကကတော့ ကျွန်မကို ရှာကလူတွေက အထင်လွဲနေတဲ့အကြောင်းတစ်ခုရှိတယ်ပေါ့။ သူတို့ထင်သလို ကျွန်မ မဟုတ်ဘူးဆိုတဲ့ အကြောင်းကတော့ ဇာတ်အဆုံးမှပဲဖွင့်ချမှာပါ။ အများကြီးတော့ ကြိုတင်ပြင်ဆင်စရာမရှိဘူးလို့ ကျွန်မထင်တယ်။ မိန်းမတစ်ယောက် သုဘရာဇာလုပ်တယ်ဆိုတာကို အကျယ်ချဲ့ပြီးရိုက်တာတော့ မဟုတ်ပါဘူး။ တကယ်တမ်းသွားတာကတော့ တခြားအပိုင်းဘက် ပိုသွားပါတယ်။ ပရိသတ်တွေ အယူစွဲအမှတ်စွဲတွေကို ဖြေဖျောက်ပေးနိုင်လိမ့်မယ်ထင်ပါတယ်။ ကျေးရွာတွေမှာရှိတဲ့ အယူစွဲ၊ အမှားစွဲတွေကိုလည်း ဖြေဖျောက်တည့်မတ်ပေးနိုင်လိမ့်မယ်ထင်ပါတယ်"ဟု ပြောသည်။



သူ့အနေဖြင့် ဇာတ်ကားများ ရိုက်ကူးမှုတွင်လည်း ရွေးချယ်ရိုက်ကူးသော မင်းသမီးဟုလည်း အားလုံး၏ ထင်ကြေးပေးမှုကိုခံရသူဖြစ်ပြီး ယင်းဝေဖန်မှုနှင့်ပတ်သက်ပြီး "ကျွန်မရွေးရမယ် ရှင့်။ ကျွန်မက သရုပ်ဆောင်တစ်ယောက်သာဖြစ်တာ အများသူငါ လက်ခံထားတဲ့ ချောတဲ့လှတဲ့အထဲမှာမပါတော့ ကျွန်မပရိသတ်ကလက်ခံနိုင်မယ့် ဘယ်အရာဟာ ကိုယ့်ရဲ့ ဖော်ပြချက်အနေနဲ့ သွားသင့်လဲဆိုတဲ့ အချိန်မှာ ဒီဇာတ်ရုပ်တွေကို ကြိုးစားခြင်းအားဖြင့် ပရိသတ်ရဲ့စိတ်ဝင်စားမှုကို ကြိုးစားခွင့်ရတဲ့ အနေအထားပဲ ကျွန်မမှာရှိတာဆိုတော့ တခြားလှလှပပသွားတဲ့ဇာတ်ရုပ်ဆိုရင် ကျွန်မနဲ့သိပ်မကိုက်ဘူး။ ကျွန်မရတဲ့ ဇာတ်ရုပ်ကိုလည်း အကောင်းဆုံးကြိုးစားမှာပါ"ဟုပြောသည်။

ထွန်းအိန္ဒြာဗိုလ်က လက်ရှိ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌအသစ်နှင့် ပတ်သက်၍ "ကိုဇင်ဝိုင်းကတော့ အရင်တစ်ခါလည်း ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌအဖြစ် လုပ်ခဲ့ဖူးတဲ့အတွေ့အကြုံရှိပြီးသားပါ။ အသက်အရွယ်အားဖြင့်လည်း အခြားအတွေ့အကြုံတွေများစွာရှိတယ်။ ဥပဒေလည်း နားလည်တတ်ကျွမ်းသူဖြစ်တဲ့အတွက် ကိုဇင်ဝိုင်း ဥက္ကဋ္ဌဖြစ်တာကိုလည်း ဂုဏ်ယူပါတယ်။ ကိုခန့်စည်သူကိုလည်း ကြိုက်ပါတယ်။ ကိုခန့်စည်သူက အသက်ငယ်ရွယ်သေးတဲ့အတွက်ကြောင့် နောက်သက်တမ်းတွေမှာ အများကြီးလုပ်ခွင့်ရသေးတယ်ဆိုတော့ နှစ်ယောက်စလုံးအတွက် ကျွန်မ အများကြီးကျေနပ်ပါတယ်"ဟုပြောကြားခဲ့သည်။

ကိုလင်း

# ပန်းဖြူကို စည်းရုံးပြီး အနုပညာအလုပ်ပြန်လုပ်မည့် စမိုင်းလ်

**ရန်ကုန် အောက်တိုဘာ ၃**
အနုပညာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်တော့မည့် သရုပ်ဆောင် စမိုင်းလ်က ကိုယ်တိုင်ဦးစီး ထုတ်လုပ်ရိုက်ကူးမည့် "ဂယက်တွေပါဟယ်" ရုပ်ရှင်ဇာတ်ကားကြီးတွင် လူမင်း၊ ခန့်စည်သူ၊ မင်းဦး၊ ဖြိုးငွေစိုး၊ ဆန်းထွဋ်၊ ပန်းဖြူ၊ ကြည်လဲ့လဲ့ဦး အပါအဝင် အနုပညာမောင်နှမများနှင့်အတူ ပါဝင်သရုပ်ဆောင်သွားမည်ဟု သိရသည်။ အဆိုပါရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)က ရိုက်ကူးမည်ဖြစ်သည်။

"ဒီဇာတ်ကားထဲမှာ ကလေးအမေအဖြစ်နဲ့ သရုပ်ဆောင်မှာပါ။ ဝဝတုတ်တုတ်နဲ့ပေါ့၊ ကိုယ်ကတော့ ကိုယ့်ကိုယ်ကိုယ်လှတယ်ထင်ပြီး မြန်မာပြည်ကို ပြန်လာတယ်။ ဒီတော့ လူတွေကပြောကြတယ် ဖေ့စ်ဘုတ်တွေမှာဆိုရင် Comment တွေ ပေးကြတယ်။ cyberbullying ကို အစ်မတို့ကနေ ပြီးတော့ လမ်းညွှန်ပြီး မီးမောင်းထိုးပြတဲ့သဘောပေါ့နော်။ အဲ့ဒီလိုမျိုးပြောလို့ ကိုယ်တွေက ရှက်တယ်၊ ရှက်လို့ပိုစားတယ်၊ ပိုဝတယ်။ ဒီသံသရာထဲမှာပဲ ဖက်တီးတွေ လည်နေတယ်ဆိုတဲ့အကြောင်းကို ချပြချင်တာပါ။ အဓိကကတော့ မပန်းဖြူဆိုရင် တော်တော်လေးကို ဆွယ်ရတာပေါ့နော်။ သူက လုံးဝကိုမရိုက်ချင်ဘူး။ အထူးသဖြင့် သူဆိုရင် cyberbullying ဖြစ်နေတာပေါ့။ အစ်မတို့ သုံးယောက်စလုံးဆိုရင် တော်တော်လေးကို ခံခဲ့ရတာပေါ့နော်။ ပုံတအားပျက်နေပြီ။ အလွန်အခြေအနေဆိုးနေပြီဆိုပြီးတော့ သူတို့က ပြောပြီးသွားရော အစ်မတို့ကကျတော့ အဲ့ဒါကိုပိုပြီးတော့ ခံစားရတယ်။ အဲ့ဒီတော့ လူတိုင်းကို ဝတယ် ဝတယ် မပြောပါနဲ့၊ ဝသောသူကို ကြင်နာပါ။ ကြင်ကြင်နာနာ ဆက်ဆံပါလို့ ပြောချင်တာပါ။ ပြီးတော့ အင်တာနက်ပေါ်မှာ ဖေ့စ်ဘုတ်ပေါ်မှာပေါ့၊ သူတို့ကတော့ ပြောပြီးပြီးသွားပြီဆိုပေမယ့် အစ်မတို့ကျတော့ အဲ့ဒီ Comment လေးတစ်ခုပေါ်မှာ မျက်ရည်ပေါက်ပေါက်ကျတယ်။ အစ်မတို့မှ မဟုတ်ပါဘူး တခြားသူတွေလည်း အတူတူပါပဲ။ သူတို့ကို ပြောလိုက်တဲ့စကားပေါ့နော်၊ အင်တာနက်ပေါ်မှာဆိုတော့ မမြင်ရဘူးလေ၊ အဲ့ဒီတော့ တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်ရတာအလွန်လွယ်တယ်။ အဲ့ဒီလိုတွေ လုပ်ခြင်းအားဖြင့် တစ်ဖက်လူတွေအလွန်ခံစားရတယ်ဆိုတာကို ဒီကားလေးက ပြချင်တာပါ"ဟု ဆိုသည်။

ကိုလင်း

# ရိုက်ကူးရာတွင် တစ်ဖက်နှင့်တစ်ဖက် နားလည်မှုလွဲခြင်းနှင့် အမှားအယွင်းများကို ပြန်လည်တောင်းပန်ခဲ့သည့် ရွှေရုပ်ဖန်တီးသူများ

ရန်ကုန် အောက်တိုဘာ ၃
မိုး ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး သင်ဇာဝင့်ကျော်ပါဝင်သည့် လေးကားမြောက်ဇာတ်ကား ရွှေရုပ် ကို ရိုက်ကူးရာတွင် တစ်ဖက်နှင့်တစ်ဖက် တင်းမာနေသည့် အနေအထားများကို အောက်တိုဘာ ၂ ရက်က ပြန်လည်ညှိနှိုင်းနိုင်ခဲ့ပြီး ပြန်လည်ရိုက်ကူးနိုင်မည့်နေ့ရက်အား ကြေညာပေးသွားမည်ဖြစ်ကြောင်း မိုး ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် မိုးဟေကိုက ပြောကြားသည်။

ယင်းဇာတ်ကားရိုက်ကူးချိန်တွင် အဆင်မပြေမှုများဖြစ်ပွားခဲ့ပြီး သင်ဇာဝင့်ကျော်က ယင်းဇာတ်ကားကို ဆက်လက်ရိုက်ကူးတော့မည်မဟုတ်ဘဲ စာချုပ်အရ ကျသင့်သည့် ပေးလျော်မှုများကို ရုပ်ရှင်အစည်းအရုံး သို့မဟုတ် သြဇာကတ္တိမကြီးမားသည့် လူကြီးများရှေ့တွင် ပေးအပ်မည်ဟု သင်ဇာဝင့်ကျော်က ဖြေကြား ထားသည်။

သို့သော် ယနေ့တွင် သင်ဇာဝင့်ကျော်ဘက်မှလည်း မပြေလည်မှုများကို လူမှုကွန်ရက်တွင် ဖော်ပြခဲ့ခြင်းအပေါ် ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး ဒါရိုက်တာ စတီး(ဒွေးမေတ္တာ)ကလည်း ဒါရိုက်တာတစ်ဦး၏ ရိုက်ကွင်းတွင် ကြုံရသည့်အခက်အခဲများ၊ မင်းသားမင်းသမီးများနှင့် အချိန်ညှိကာ ရိုက်ကူးထုတ်လုပ်ရခြင်းအပေါ် ကြုံရသည့် အကြောင်းအရာများ၊ နားလည်မှု လွဲရခြင်းများနှင့် သင်ဇာဝင့်ကျော်နှင့် တစ်ဦးအပေါ်တစ်ဦး ပြောဆိုမိသည့်ကိစ္စများကို ပြန်လည်ရှင်းလင်းခဲ့ပြီး "မသင်ဇာအပေါ် အော်မိပြောမိတာရှိရင်လည်း တောင်းပန်ပါတယ်"ဟု ပြောကြားခဲ့သည်။ ယင်းဇာတ်ကားကို သင်ဇာဝင့်ကျော် ဆက်လက်ပါဝင်ရိုက်ကူးရန် မသေချာသေးသော်လည်း ပြေလည်မှုများရရှိကာ ပြန်လည်ရိုက်ကူးမည့်ရက်ကို ကြေညာပေးရန် မျှော်လင့်ကြောင်းကို ထုတ်လုပ်သူလည်းဖြစ်၊ သရုပ်ဆောင်တစ်ဦးလည်းဖြစ်သည့် မိုးဟေကိုက ပြောကြားခဲ့သည်။ ကိုလင်း

## ပါရီမှာ ဖက်ရှင်ရှိုးလျှောက်ခဲ့တဲ့ ချယ်ရီ



အဆိုတော်တစ်ဦးဖြစ်တဲ့ချယ်ရီဟာ တနင်္ဂနွေနေ့မှာပဲ L 'Oreal Paris က ပြုလုပ်တဲ့ရှိုးပွဲမှာ မော်ဒယ်အဖြစ်ပါဝင်ခဲ့ပါတယ်။ ချယ်ရီဟာ မတ်လအတွင်းက သူ့ရဲ့ချစ်သူလီယံနဲ့ သားလေးမွေးပြီးတဲ့နောက်ပိုင်း ဒါဟာပထမဦးဆုံးအကြိမ် ပွဲလမ်းသဘင်တက်ရောက်ခဲ့တာပဲဖြစ်တယ်။ ကလေးမွေးပြီးနောက် ပထမဦးဆုံး လုပ်ငန်းခွင်ပြန်ဝင်တာပါပဲ။

အသက် ၃၄ နှစ်အရွယ်ရှိတဲ့ ချယ်ရီဟာ တနင်္ဂနွေနေ့မွန်းလွဲ ၂ နာရီခွဲမှာ အခြားသော L 'Oreal မော်ဒယ်တွေနဲ့အတူ catwalk လျှောက်ခဲ့ပါတယ်။ ဖက်ရှင်နဲ့အလှ အပကို အဓိကရည်ရွယ်ပြီးပြသတဲ့ပွဲဖြစ်ပြီး လျှောက်လမ်းအရှည်ကတော့ မီတာ ၆၀ပဲ ဖြစ်ပါတယ်။ အဲဒီပွဲမှာဆံပင်နဲ့ မိတ်ကပ်ပုံစံအမျိုးမျိုးကိုပြသခဲ့တာ ပဲဖြစ်တယ်။ ချယ်ရီကတော့ သူပွဲကိုသွားဖို့အဆင်သင့်ဖြစ်နေတဲ့ ဗီဒီယိုဖိုင်ကို အင်စတာဂရမ်ပေါ်တင်ခဲ့ပါတယ်။ အဲဒီဗီဒီယိုဖိုင်ထဲမှာ ချယ်ရီဟာ ဆံပင်နဲ့ လက်သည်းကို ပုံဆန်းပြင်ထားပါတယ်။

ချယ်ရီရဲ့လက်မှာတော့ လက်ထပ်လက်စွပ်လို့ယူဆရတဲ့ ရွှေလက်စွပ်ဝတ်ဆင်ထားတာတွေ့ရပေမယ့် ချယ်ရီစေ့စပ်တော့မယ်ဆိုတဲ့သတင်းမျိုးတော့ မကြားရသေးပါဘူး။ ဒါပေမယ့် ချယ်ရီနဲ့ One Direction အဖွဲ့သား ဟောင်းလီယံတို့လျှို့ဝှက်စွာလက်ထပ်ထားတယ်ဆိုတဲ့ ကောလာဟလတွေ လည်း မကြာခဏကြားရပါတယ်။ လီယံကတော့ သူနဲ့ သူ့ချစ်သူ ချယ်ရီတို့ဟာ အခုအချိန်ထိလက်မထပ်ရသေးဘူးလို့ People မဂ္ဂဇင်းကို ဖြေခဲ့ပါတယ်။

**ဟယ်လို**
**ခြူး**

.................................................................

## အားကစားသမားနဲ့ ရုပ်ရှင်သရုပ်ဆောင်ဟောင်းတစ်ဦးဖြစ်သူ အိုဂျေဆင့်ပ်ဆန် ခံဝန်ကတိဖြင့်လွတ်



အိုဂျေ ဆင့်ပ်ဆန်ဟာ ၂၀၀၇ ခုနှစ်က လာစ်ဗေးဂတ်ဟိုတယ်မှာ လက်နက်ဖြင့်ဓားပြမှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုအတွက် နီဗါးဒါးအကျဉ်းထောင်မှာ ကိုးနှစ် ပြစ်ဒဏ်ကျခံခဲ့ပြီး ယခုအခါမှာတော့ ကောင်းမွန်စွာနေထိုင်ပါမယ်ဆိုတဲ့ ခံဝန်ကတိနဲ့ ပြန်လည်လွတ်မြောက်လာခဲ့ပါတယ်။ သူဟာအမေရိကန်လက်ရွေးစင်ဘောလုံးအားကစားသမားတစ်ဦးဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားများစွာမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့သူလည်းဖြစ်ပါတယ်။

အခုချိန်မှာတော့သူဟာအသက် ၇၀အရွယ်ရှိပြီဖြစ်တယ်။ အိုဂျေရဲ့ရှေ့နေဖြစ်သူကတော့ သူ့ရဲ့အမှုသည်ဟာ ထောင်က လွတ်လွတ်ချင်းမိသားစုရှိရာဖလော်ရီဒါကိုသွားချင်တယ်လို့ ABC သတင်းဌာနကို ဖြေကြားခဲ့ပါတယ်။ အိုဂျေဟာပင်လယ်စာတွေလည်းစားချင်တယ်၊ သူကိုးနှစ်တာကာလအတွင်းမှာ မလုပ်ခဲ့ရတဲ့ရိုးရှင်းတဲ့ ကြည်နူးဖွယ်ကိစ္စလေးတွေကို ပြုလုပ်ခံစားချင်တယ်လို့ ဆိုပါတယ်။ အိုဂျေရဲ့သူငယ်ချင်းဖြစ်သူ တွန်စကော့တိုကတော့ သူ့သူငယ်ချင်းဟာ အခုချိန်မှာ ပြစ်ဒဏ်က လွတ်မြောက်လာပြီဖြစ်လို့ ပုန်းအောင်းနေစရာမလိုတော့ဘူးလို့ဆိုပါတယ်။

အိုဂျေဟာ အမေရိကန်အမျိုးသားအသင်းအတွက် ကစားပေးရင်းနာမည်ကြီးလာသူလည်းဖြစ်တယ်။ အဲဒီနောက်မှာတော့ သူဟာတီဗီရှိုးတွေနဲ့ ရုပ်ရှင်ဇာတ်ကားတွေမှာ ပါဝင်သရုပ်ဆောင်ပြီးနာမည်ကြီးလာခဲ့တယ်။ သူ့ရဲ့အောင်မြင်ခဲ့တဲ့နေ့ရက်တွေကနေ ခါးသီးဖွယ်နေ့ရက်တွေကို ပြောင်းလဲသွားတယ်။ အဲဒါကတော့ သူ့ရဲ့ဇနီးဟောင်းဖြစ်သူနဲ့ သူငယ်ချင်းဖြစ်သူကို သတ်ဖြတ်မှုနဲ့ဖမ်းဆီးခံခဲ့ရတာပါပဲ။ ၂၀၀၇ ခုနှစ်မှာ သူဟာ ဓားပြမှု၊ ပြန်ပေးဆွဲမှုတို့အတွက် တရားစွဲဆိုခံရပြီး၊ ၂၀၀၈ ခုနှစ်မှာတော့ ထောင်ဒဏ် ၃၃ နှစ်ချထားခြင်းခံခဲ့ရပါတယ်။

သူပါဝင်ခဲ့တဲ့ရုပ်ရှင်ကားတွေကတော့The Klansman၊ The Towering Inferno၊ The Cassandra Crossing၊ Back to beach၊ The Naked Gun စတာတွေဖြစ်ပြီး အခြားသော ဇာတ်လမ်းတွဲအတိုတွေမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

**ဟယ်လို**
**ခြူး**

# နောင်တမရအောင် ကွမ်းယာကိုရှောင်

**ရွှေရိုး**

တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ကွမ်းစားသောအလေ့အထရှိသည်။ ရှေးအခါက ကွမ်းကို ပါးစပ်မှ မကောင်းသော အနံ့အသက်များ ပြေပျောက်စေရန် ထမင်းစားပြီးချိန်များတွင် စားသုံးခဲ့ကြသည်ဟု သိရသည်။ အများအားဖြင့် ကျေးလက်ဒေသမှ တောင်သူလယ်သမားကြီးများ၊ သက်ကြီးရွယ်အိုများသာ အများဆုံး စားသုံးလေ့ရှိကြသော်လည်း ယခုအခါတွင် အသက်အရွယ်မရွေး၊ ကျား၊မ မရွေး ကွမ်းယာဝါးသောအကျင့် ရှိနေကြပြီဖြစ်သည်။ ဟိုလူ့ပါးစပ်မှာလည်း ကွမ်းယာ၊ ဒီလူ့ပါးစပ်မှာလည်း ကွမ်းယာ၊ ကွမ်းယာနှင့် ပါးစပ်ပြတ်သောလူက ခပ်ရှားရှား။

ကွမ်းယာဆိုသည်မှာ ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ ရှားစေး၊ ဆေးရွက်ကြီး၊ စမုံစပါး၊ နွယ်ချို၊ ဖာလာ၊ လေးညှင်း၊ နာနတ်ပွင့်၊ အာမွှေး စသည်တို့ကို ရောစပ်စုပေါင်းပြီး ဝါးစားရသော စားစရာတစ်မျိုးဖြစ်သည်။ အချို့က ရိုးရိုးကွမ်းယာအဖြစ် ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ ရှားစေး၊ ဆေးရွက်ကြီးတို့ကို ရောစပ်ပြီး စားသုံးလေ့ရှိကြသည်။ ရှေးအခါက ရိုးရိုးကွမ်းယာကိုသာ စားသုံးခဲ့ကြသော်လည်း ယခုအခါ၌ အသင့်စားသုံးနိုင်သော ready made ကွမ်းယာထုပ်များ ရှိနေပါပြီ။

ရှေးက ကွမ်းစားခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးရှုထောင့်မှ လေ့လာသုံးသပ်မှုများ မရှိခဲ့သဖြင့် ကွမ်းစားသောအလေ့အထသည် ယနေ့ထက်တိုင် တည်တံ့နေခြင်းဖြစ်သည်။ ယခုအခါ ကွမ်းစားခြင်း၏ ဆိုးကျိုးများကို ဆေးပညာရှင်များက သုတေသနပြုလေ့လာခြင်းများ ပြုလုပ်လာခဲ့ကြသဖြင့် သိရှိခဲ့ကြရပြီးနောက်တွင် ကွမ်းစားသောအလေ့အထကို မပြုလုပ်သင့်ကြတော့ပါ။

ကွမ်းယာ၌ ထည့်သွင်းအသုံးပြုသော ဆေးရွက်ကြီးတွင် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသော နီကိုတင်း **(Nicotine)** ဓာတ်အပါအဝင် ဘေးဥပဒ်ဖြစ်စေနိုင်သော ဓာတ်ပစ္စည်းများစွာပါရှိသည်။ အချို့သော လယ်သမားကြီးများသည် လယ်ယာလုပ်ငန်းခွင်ဝင်ပါက ဆေးရွက်ကြီးကို ငုံထားလေ့ရှိပြီး မြွေ့တွယ်လျှင် တွယ်သောနေရာကို ဆေးရွက်ကြီးမှအရည် ထွေးချပေးခြင်းဖြင့် မြွေ့များကို ကွာကျစေသည်။ ဆေးရွက်ကြီးကို ပါးစပ်အတွင်း ငုံထားသော အလေ့အထသည် ကျန်းမာရေးရှုထောင့်မှ ကြည့်လျှင် ကောင်းသောအပြုအမူ မဟုတ်ပါ။ ကလေး၏ စအိုဝတွင် တုတ်ကောင်များကြောင့် ယားယံလျှင် ဆေးရွက်ကြီးကို လိပ်၍ စအိုဝမှ အကောင်လေးများကို ထိပေးပါက သေသွားတတ်သည်။ အချို့ကလည်း အရေပြားယားလျှင် ဆေးရွက်ကြီးကို ရေနွေးနှင့်ဖျော်၍ အရေပြားကို သုတ်လိမ်းဆေးကြောတတ်ကြသည်။ ဤကဲ့သို့ ပိုးမွှားများအား သေစေနိုင်သည့် အာနိသင်ရှိသော ဆေးရွက်ကြီးသည် လူတို့၏ ကျန်းမာရေးကို များစွာထိခိုက်စေသည်။

ကွမ်းယာထဲတွင် ဆေးရွက်ကြီးကို ထည့်သွင်းစားသုံးခြင်းဖြင့် နီကိုတင်း အဆိပ်အပါအဝင် အန္တရာယ်ဖြစ်စေသော ဓာတ်များသည် ပါးစပ်မှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ တိုက်ရိုက်ရောက်ရှိပြီး ဆိုးကျိုးများစွာ ပေးနိုင်သည်။ ဆေးရွက်ကြီးတွင် အဓိကပါဝင်သော **N-Nitrorononicotine** သည် တံတွေးနှင့် ပေါင်းပြီး ကင်ဆာဖြစ်စေသည့် **caecinogen** အဖြစ် ပြောင်းလဲနိုင်သည်။

အဆိုပါ ပစ္စည်း၏ အာနိသင်ကို ကွမ်းသီးတွင် ပါဝင်သော အေရီကိုလင်း (arecoline) က ပိုမို အစွမ်းထက်စေသည်။

ကွမ်းယာတွင် ရောစပ်စားသုံးကြသော အာမွှေးများမှာ **Tobacco** ခေါ် ဆေးရွက်ကြီးကို ပြုပြင်၍ ထုတ်လုပ်ထားခြင်းဖြစ်သည်။ အာမွှေးကို ကွမ်းစားသူများ စွဲလမ်းနှစ်ခြိုက်နေစေရန်အတွက် မည်ကဲ့သို့သော ဓာတုပစ္စည်းများဖြင့် ရောစပ်အသုံးပြုထားသည်ကို ထုတ်လုပ်သူများသာ သိနိုင်သည်။ သို့ဖြစ်၍ အာမွှေးများတွင် ပါဝင်သော ဓာတုပစ္စည်းများကို သုတေသနပြု ဓာတ်ခွဲစစ်ဆေးသင့်သည်။ အာမွှေးအပါအဝင် အမွှေးအကြိုင်များသည် အာခံတွင်းတွင် ကြာကြာထားပြီး များများစားသုံးသင့်သော အစာများမဟုတ်။ အဆိပ်များသာ ဖြစ်သည်။

ကွမ်းစားခြင်းကြောင့် လူကို ရောဂါအန္တရာယ်ဖြစ်စေမှုမှာ ဆေးလိပ်သောက်ခြင်းကဲ့သို့ပင် ချက်ချင်းမဖြစ်ပေါ်ဘဲ ကာလကြာရှည်လာမှ တဖြည်းဖြည်း ဖြစ်စေနိုင်သောကြောင့် ကွမ်းစားသူများအနေဖြင့် ဂရုမပြုကြခြင်းဖြစ်သည်။

ကွမ်းစားခြင်းကြောင့် ပါးစပ်နှင့် သွားများတွင် ကွမ်းသွေးနှင့် ကွမ်းချေးများ စွဲကပ်နေပြီး နဂိုမူလဖြူဖွေးနေသော ကြွေရောင်၊ ပုလဲရောင်သွားများမှ အပေါ်ယံလွှာများပျက်စီး၍ နီရဲကာ ဖရဲသီးစေ့အရောင်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အမည်းရောင်သို့လည်းကောင်း ပြောင်းလဲသွားစေတတ်သည်။

ကွမ်းစွဲသူများတွင် သွားဖုံးရောဂါအဖြစ်များတတ်သည်။ သွားဖုံးရောဂါဆိုသည်မှာ လူလတ်ပိုင်းနှင့် သက်ကြီးပိုင်းများတွင် သွားဆုံးရှုံးမှုအများဆုံးဖြစ်စေသော ခံတွင်းရောဂါတစ်မျိုးဖြစ်သည်။ ဆေးရွက်ကြီးပါသော ကွမ်းယာကို ဝါး၍ ကွမ်းဖတ်များကို ပါးစောင်တွင် အချိန်ကြာမြင့်စွာ ငုံထားခြင်း၊ မြုံထားပြီး စားခြင်းများသည် ခံတွင်းအမှေးပါးများ၏ ဇီဝဖြစ်စဉ်ကို ပြောင်းလဲလွယ်ကာ မျက်နှာပြင်ထူလာခြင်း၊ ကြမ်းလာခြင်း၊ အဖြူကွက်၊ အနီကွက်၊ မီးခိုးရောင်အကွက်များ ဖြစ်ပေါ်လာခြင်းစသည့် ခံတွင်းအကျိတ်ကင်ဆာနာများ ဖြစ်စေတတ်သည်။

အချို့လူများ ယူဆပြောဆိုနေကြကဲ့သို့ ကွမ်းစားခြင်းကြောင့် သွားခိုင်စေသည်ဆိုသည်မှာ လုံးဝမမှန်၊ ပါးစပ်ထဲတွင် ကွမ်းဝါးနေသမျှ ကာလပတ်လုံး သွားများသည် အချိန်ပြည့် ကြိတ်ဝါးနေရသဖြင့် သွားများ၏ ကြံ့ခိုင်မှုကို လျော့နည်းစေသည်။ ထို့အပြင် ကွမ်းစားသူ အများစုသည် အသက်ငယ်ငယ်နှင့် ရုပ်ရင့်တတ်သည်။

ဆေးလိပ်သည် မည်သည့်နိုင်ငံကပင် အစပြု၍ သောက်သုံးခဲ့သည်ဖြစ်စေ၊ မိမိတို့နိုင်ငံသို့ မည်ကဲ့သို့ပင် ကူးစက်ရောက်ရှိလာသည်ဖြစ်စေ ယခုအခါတွင် ဆေးလိပ်သောက်ခြင်းသည် လူသားတို့အတွက် ဆိုးကျိုးများကိုသာဖြစ်စေသည်ကို သိရှိခဲ့ကြပြီးနောက် ဆေးလိပ်တိုက်ဖျက်ရေးကို အားသွန်ခွန်စိုက် လုပ်ဆောင်နေပြီဖြစ်သကဲ့သို့ ကွမ်းစားသောဓလေ့သည် မိမိတို့နိုင်ငံ၏ မြန်မာ့ဓလေ့တွင် အစကနဦးကပင် ပါဝင်ခဲ့သည်ဖြစ်စေ၊ မိမိတို့၏ယဉ်ကျေးမှုဓလေ့အစစ်မဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများက ကူးစက်ဝင်ရောက်လာသည်ဖြစ်စေ ယခုအခါတွင် ကွမ်းစားခြင်း၏ ဆိုးကျိုးများကို ဖော်ထုတ်တွေ့ရှိခဲ့ကြပြီဖြစ်၍ ကွမ်းစားခြင်းဓလေ့ကို ပျောက်ကွယ်သွားစေရန်အတွက် လုပ်သင့်သည်များကို လုပ်ဆောင်သင့်ပြီဖြစ်သည်။ မည်သည့်ခေတ်ကပင် စခဲ့ စခဲ့ ကျန်းမာရေးအတွက် မကောင်းသည်ကို သိလာပြီဆိုပါက ရှောင်ကြဉ်သင့်သည်။

နိုင်ငံသားအားလုံး ကျန်းမာရေးနှင့် ပြည့်စုံကြပြီး သန့်ရှင်းသပ်ရပ် သာယာလှပသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်စေရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူရစေရန်အတွက် ကွမ်းစားသော အလေ့အထအား အစမပြုကြပါနှင့် ရှောင်ကြဉ်ကြစေချင်ပါသည်။ ကွမ်းစားနေသူများအားလည်း ယခုအချိန်မှစ၍ **နောင်တမရဖို့ ကွမ်းယာကိုဖြတ်ကြစို့** ဟု တိုက်တွန်းနှိုးဆော် လိုက်ပါသည်။

# ကမ္ဘာ၌ ဒုတိယအရှားပါးဆုံး မြန်မာ့တိုက်လိပ် လက်ရှိတွင်အကောင်ရေ ၉၀၀ ခန့် ပြုစုမွေးမြူထားနိုင်



ရှစ်ကောင်ခန့်သာကျန်တော့သည့် ကမ္ဘာတွင်ဒုတိယအရှားပါးဆုံးဖြစ်သည့် မြန်မာ့တိုက်လိပ်သည် လက်ရှိကာလတွင် အကောင်ရေ ၉၀၀ခန့် ပြုစုမွေးမြူထားနိုင်ပြီဖြစ်ကြောင်း မြန်မာ့လိပ်များတိုးပွားလာအောင်ထိန်းသိမ်းနေသူ ဒေါက်တာကလျာပလတ်ထံက သိရသည်။

"မြန်မာ့တိုက်လိပ်ဟာ ကမ္ဘာပေါ်မှာ ဒုတိယအရှားပါးဆုံးမျိုးစိတ်ဖြစ်ပြီး သဘာဝက ရှစ်ကောင်လောက်သာ ကျန်နေတော့တဲ့အနေအထားက အခုအကောင်ရေ ၉၀၀ လောက် မွေးမြူထားနိုင်ပါပြီ။ တိုက်လိပ်ရှစ်ကောင်ကိုလည်း စတင်တွေ့ရှိတဲ့ ချင်းတွင်းမြစ်ထဲ လွှတ်ပေးထားပြီးဖြစ်ပါတယ်။ ကူးစက်ရောဂါဖြစ်ရင် အချိန်မီထိန်းချုပ်ကုသနိုင်စေဖို့ ရည်ရွယ်ပြီး တိုက်လိပ်တွေကို မြန်မာနိုင်ငံတွင်းမှာ လေးနေရာနဲ့ စင်ကာပူ Zoo မှာ တိုက်လိပ်တွေ သီးခြားမွေးထားတာ ကျန်းကျန်းမာမာနဲ့ မျိုးဆက်ပွားနေပြီဖြစ်ပါတယ်"ဟု ၎င်းက ပြောပြသည်။

ဒုတိယအရှားပါးဆုံးဖြစ်သည့် တိုက်လိပ်ကို စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်မိုင် ၂၀ အကွာတွင် အမ သုံးကောင်၊ အထီး နှစ်ကောင်ကို ၂၀၀၆ ခုနှစ်က တွေ့ရှိထိန်းသိမ်း မွေးမြူစောင့်ကြည့် သားဖောက်ခဲ့ရာ ၂၀၁၇ ခုနှစ်တွင် တိုက်လိပ် ၉၀၀ ကျော်အထိရှိလာကြောင်း သိရသည်။ ထိုနည်းတူ ၂၀၀၆ ခုနှစ်က လော်ရီကားဖြင့်ခိုးထုတ်ရာမှ ဖမ်းမိသောမြန်မာ့ကြယ်လိပ် ၁၅၇ ကောင်ကို မြန်မာနိုင်ငံဘေးမဲ့တောလေးခုတွင် ခွဲကာပြုစုသားဖောက်ရာ ၂၀၁၇ ခုနှစ်တွင် ကြယ်လိပ်အကောင်ရေ ၁၀၀၀၀ ကျော်အထိ ပြန့်ပွားလာနေပြီးဖြစ်ကြောင်း ဒေါက်တာကလျာပလတ်က အသိပေးပြောကြားသည်။

"မြန်မာနိုင်ငံအလယ်ပိုင်းက ရွှေစက်တော်ဘေးမဲ့တောမှာ သဘာဝအတိုင်း မျိုးဆက်ရှင်သန်ခွင့်ရစေဖို့ လွှတ်ထားတဲ့ မြန်မာ့ကြယ်လိပ်အကောင်ရေ ၁၅၀ ကို သုတေသနတွေ ဆက်လုပ်နေပါတယ်။ အကောင်ရေ ၁၅၀ ထဲက Radio -Telemetry စက်တပ်ထားတဲ့ လိပ်အကောင်ရေ ၄၀ ကျော်ရဲ့သွားလာကျက်စား ပျံ့နှံ့တဲ့အကွာအဝေး နေထိုင်စားသောက်ပုံတွေကိုဆက်ပြီး သုတေသနပြုလုပ်နိုင်ဖို့ တစ်လမှာ သုံးကြိမ်နောက်ယောင်ခံလိုက်တာတွေ၊ ရလာတဲ့အချက်အလက်တွေကို မှတ်တမ်းတင်တာတွေ၊ မြေပုံနဲ့ တွက်ချက်ခန့်မှန်းတာတွေကို လုပ်ဆောင်နေပါတယ်။ အခုမှာ စမ်းသပ်လွှတ်ထားတဲ့ လိပ်တွေက ဥတွေဥချလို့ သဘာဝအတိုင်း သားပေါက်တဲ့ လိပ်ငယ် ငါးကောင်ကိုတွေ့ထားပြီး မတွေ့ရပေမယ့် သဘာဝအတိုင်း ဥပေါက်နေတဲ့ တခြားလိပ်တွေလည်း ရှိနေပါလိမ့်မယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။ အဆိုပါ သဘာဝအတိုင်းလွှတ်ထားသော လိပ်များသည် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၈ ရက်အထိ ရွှေစက်တော်ဘေးမဲ့တောရှိ ၂၅ ဧကအကျယ် ခြံ သုံးခြံ၌ တစ်ခြံလျှင် အကောင်ရေ ၅၀ စီလွှတ်ထားပြီး တစ်ခြံ၌ ကြယ်လိပ်အကောင်ရေ ၁၄ ကောင်ကို Radio-Transmitters တပ်ဆင်ထားကြောင်း သိရသည်။

**သံတိုင်ထွန်း**

# ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာသော ချင်းတိုင်းရင်းသားတို့၏အမှတ်တံဆိပ် အောက်ချင်းငှက်များ

အောက်ချင်းငှက်များကို မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ချင်းပြည်နယ်တစ်ခုတည်း၌သာ အများဆုံးမြင်တွေ့ရပြီး ချင်းတိုင်းရင်းသားတို့၏ အမှတ်တံဆိပ်တစ်ခုလည်းဖြစ်သည်။ အောက်ချင်းငှက်များကို ယခင်ဆယ်စုနှစ် တစ်ခုခန့်အထိ ချင်းတောင်ဒေသတွင် နေရာအနှံ့နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကလေးဒေသရှိ သစ်တော၊ ဝါးတောများတွင် အနည်းအကျဉ်း တွေ့မြင်ရသေးသော်လည်း ယခုအခါ မျိုးတုံးပျောက်ကွယ်လုနီးပါး ရှားပါးလာသည့်အတွက် အချိန်မီ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်လေ့လာသူများက ပြောဆိုသည်။

ချင်းတောင်ဒေသ တောတောင်များတွင် နေထိုင်ကျက်စားကြသည့် ကျေးငှက်မျိုးစုံရှိသည့်အနက် ပြည်နယ်သင်္ကေတ အောက်ချင်းငှက်သည် ချင်းတောင်၏ဌာနေငှက်ဖြစ်သည့်အပြင် ချင်းလူမျိုးတို့၏ ရိုးသားမှု၊ သစ္စာရှိမှု၊ ရဲရင့်မှုတို့ကို သင်္ကေတဖော်ကျူးပေးသည့် ရှားပါးငှက်ဟုလည်း ဆိုနိုင်ပြီး ချင်းတိုင်းရင်းသားများသည် ရိုးရာပွဲတော်များတွင် အောက်ချင်းငှက်အတောင်ကို ဦးခေါင်းထက်၌ ဂုဏ်ပြုအလှဆင် စိုက်ထိုးလေ့ရှိကြောင်းသိရသည်။

ချင်းပြည်နယ်တစ်ပြည်လုံး၏ အမှတ်တံဆိပ်အဖြစ် တန်ဖိုးထားသည့် အောက်ချင်းငှက်များမှာ ရှေးယခင်က ချင်းတောင်ပေါ်တွင် နေရာဒေသတိုင်း၌ အလွယ်တကူ တွေ့မြင်နိုင်သော်လည်း ဒေသအတွင်းရှိ ငှက်မုဆိုးတို့၏ မဆင်မခြင် သတ်ဖြတ်ဖမ်းဆီးရောင်းချမှုတို့ကြောင့် ရှားပါးလာကြောင်း၊ ထို့အပြင် ချင်းပြည်နယ်အတွင်း သစ်တောများ ပျက်စီးပြုန်းတီး ပျောက်ကွယ်လာမှုနှင့် ဒေသအလိုက် သဘာဝတောကောင်သားကောင်များ၊ သဘာဝသစ်တောများကို ထိန်းသိမ်းမှု အားနည်းခြင်းများကြောင့် ချင်းတောင်ပေါ်တွင် အောက်ချင်းငှက်နှင့်တကွ ငှက်မျိုးစိတ်အများအပြားမှာ ပျောက်ကွယ်လာနေပြီဖြစ်ကြောင်း ဒေသခံများ၏ ပြောကြားချက်များအရ သိရသည်။

ချင်းတောင်မှာ သစ်ပင်တွေပြုန်းတီးတော့ တောင်ပြိုတယ်။ အဲဒီမြေတွေက ချောင်းထဲကိုရောက်၊ ရေတိုက်စားတာတွေ၊ ရေကြီးတာတွေဖြစ်လာတယ်။ ချင်းပြည်မြောက်ပိုင်း ကနေဒီတောင်တန်းဒေသမှာ ၁၉၉၃ ခုနှစ်ကနေစပြီး သစ်ခုတ်တာတွေဖြစ်တာ။ အရင်ကတော့ အဲဒီတောမှာ ကျားသစ်ပေါက်တွေ၊ တောကြောင်တွေ၊ မျောက်လေပွေတွေ၊ မျောက်လွှဲကျော်တွေ အစုံကျက်စားဖူးတယ်။ အခုတော့ ရွှေ့ပြောင်းတောင်ယာတွေကြောင့် သစ်တောတွေ ပျောက်ကွယ်လာနေပြီး ဒေသအလိုက် သေနတ်ကိုင် တောလိုက်မုဆိုးတွေကြောင့် တောကောင်သားကောင်တွေ မရှိသလောက် ရှားပါးလာနေပါပြီ။ ဒါ့အပြင် ချင်းပြည်နယ်ရဲ့အမှတ်သညာဟာ အောက်ချင်းငှက်ဖြစ်ပြီး ချင်းပြည်နယ်ရဲ့သဘာဝအလှဟာ တောင်ဇလပ်နဲ့ ချယ်ရီပန်းဖြစ်တယ်။ သစ်တောပြုန်းတီးမှုတွေကြောင့် အမှတ်သညာဖြစ်တဲ့ အောက်ချင်းငှက်နဲ့ သဘာဝအလှကိုဖော်ကျူးတဲ့ တောင်ဇလပ်နဲ့ ချယ်ရီလည်း ပျောက်ကွယ်လုနီးပါးဖြစ်နေပြီ”ဟု ကနေဒီတောင် စိမ်းလန်းစိုပြည်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငင့်ရှင်းခွါလ်(ခ) ဦးလှိုင်အောင်က သူ၏အမြင်ကိုပြောပြသည်။

အောက်ချင်းငှက်များအပြင် ချင်းပြည်နယ်၏ အထင်ကရတောင်ဖြစ်သည့် ခေါ်နူးစုမ်တောင်၌ နေထိုင်သော ဒေသမျိုးရင်းငှက်ဖြစ်သည့် မျက်ခုံးဖြူငှက်ပြာခြောက် (Whitebrowed Nuthatch)မှာလည်း လက်ရှိအချိန်တွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး အခြေအနေနှင့်ရင်ဆိုင်နေရပြီး ငှက်ပညာရှင်များ၏ ပြောကြားချက်အရ ခေါ်နူးစုမ်တောင်၌ လက်ရှိတွင် ငှက်အကောင်ရေ ၃၀၀ နီးပါးသာ ကျန်ရှိတော့ကြောင်းလည်း သိရသည်။

ချင်းပြည်နယ်တောင်ပိုင်းဒေသတွင် ငှက်နှင့် ရှားပါးမျိုးစိတ်များကို အခြေပြုပြီး ငှက်အခြေခံခရီးသွားလုပ်ငန်း(Birds Tour) ဖွံ့ဖြိုးရေးအတွက် ချင်းပြည်နယ် အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကန်ပက်လက်နှင့် မင်းတပ်မြို့နယ်များတွင် ဒေသမျိုးရင်း ငှက်မျိုးစိတ်များကို ထိန်းသိမ်းနိုင်ရန် MEACA အမည်ဖြင့် အဖွဲ့အစည်းတစ်ခုကို ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံများ၊ သဘာဝပတ်ဝန်းကျင်ပညာရှင်များ၊ ငှက်ပညာရှင်များ၊ အနယ်နယ်အရပ်ရပ်မှ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူများပါဝင်၍ ဖွဲ့စည်းထားကာ ငှက်မျိုးစိတ်များကို ထိန်းသိမ်းဆောင်ရွက်သွားနိုင်ရန် စီစဉ်နေကြောင်း ချင်းပြည်နယ် အစိုးရ ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာနမှ သိရသည်။

**နေစု(ချင်းရိုးမ)**



**“ချင်းပြည်မြောက်ပိုင်း ကနေဒီတောင်တန်းဒေသမှာ ၁၉၉၃ ခုနှစ်ကနေစပြီး သစ်ခုတ်တာတွေဖြစ်တာ။ အရင်ကတော့ အဲဒီတောမှာ ကျားသစ်ပေါက်တွေ၊ တောကြောင်တွေ၊ မျောက်လေပွေတွေ၊ မျောက်လွှဲကျော်တွေ အစုံကျက်စားဖူးတယ်။ အခုတော့ ရွှေ့ပြောင်းတောင်ယာတွေကြောင့် သစ်တောတွေ ပျောက်ကွယ်လာနေပြီး ဒေသအလိုက် သေနတ်ကိုင် တောလိုက်မုဆိုးတွေကြောင့် တောကောင်သားကောင်တွေ မရှိသလောက် ရှားပါးလာနေပါပြီ။ ဒါ့အပြင် ချင်းပြည်နယ်ရဲ့အမှတ်သညာဟာ အောက်ချင်းငှက်ဖြစ်ပြီး ချင်းပြည်နယ်ရဲ့သဘာဝအလှဟာ တောင်ဇလပ်နဲ့ ချယ်ရီပန်းဖြစ်တယ်။ သစ်တောပြုန်းတီးမှုတွေကြောင့် အမှတ်သညာဖြစ်တဲ့ အောက်ချင်းငှက်နဲ့ သဘာဝအလှကိုဖော်ကျူးတဲ့ တောင်ဇလပ်နဲ့ ချယ်ရီလည်း ပျောက်ကွယ်လုနီးပါးဖြစ်နေပြီ”**

## ကလေးများအား ဂျပန်ဦးနှောက်အမြှေးရောင်ကာကွယ်ဆေး ထိုးနှံပေးမည်

**တွံတေး အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းမှ အသက် ၁၅ နှစ်အောက် ကလေးများအား ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း တွံတေးမြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းသွင်ထံမှ သိရသည်။ အဆိုပါကာကွယ်ဆေး ထိုးနှံပေးရေးကို ကျောင်းအခြေပြုဆောင်ရွက်ရန်အတွက် အစည်းအဝေးကို မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်အေးအေးမော်က အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းသွင်က ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားမှုကာကွယ်ရေးအတွက် နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တွံတေးမြို့နယ်အတွင်း၌လည်း ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများကိုလည်း သင်တန်းဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသော ကျောင်းအုပ်ဆရာမကြီးများက သိရှိလိုသည်များမေးမြန်းကြပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။ တွံတေးမြို့နယ်အတွင်း၌ ကာကွယ်ဆေးထိုးခြင်းကို ကျောင်းအခြေပြု၊ ရပ်ရွာအခြေပြု စနစ်များဖြင့် နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး ပြည်သူလူထုရပ်ရွာအခြေပြုစနစ်ဖြင့် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးရန် စာရင်းကောက်ယူရာတွင် ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် မွေးဖွားသော ကလေးငယ်များအထိ စာရင်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါသည် ခြင်မှကူးစက်သောရောဂါဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားသော ဝက်၊ ကျွဲ၊ နွား၊ ငှက်တို့မှတစ်ဆင့် Culex အမျိုးအစားခြင်က ရောဂါပိုးသယ်ဆောင်ပြီး လူကိုကူးစက်စေသည့်ရောဂါဖြစ်ကြောင်း၊ ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ တုန်ချမ်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်းများဖြစ်ပေါ်ပြီး နောက်ဆုံးတွင် သေဆုံးသည်အထိ ဖြစ်ပွားတတ်ကြောင်း၊ အသက်ရှင်ကျန်သူများမှာလည်း အကြောသေ/ အကြောဆိုင်းခြင်းများ၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုများစသည့် ဆိုးကျိုးများကို ခံစားရတတ်ကြောင်းလည်း မြို့နယ်ကုသရေးဦးစီးဌာနမှူး၏ ရှင်းလင်းချက်အရ သိရသည်။

**မျိုးလှိုင် (တွံတေး)**

## လူငယ်အမျိုးသမီးများ စွမ်းဆောင်ရည်တိုးတက်ရေး အတွေ့အကြုံမျှဝေဆွေးနွေး

**သထုံ အောက်တိုဘာ ၃**

စွမ်းဆောင်ရည်ပြည့်ဝသည့် လူငယ်အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရေးအတွက် MMAC Event Management မှ ဦးဆောင်ကာ အမျိုးသမီးငယ်များနှင့်အနာဂတ်စီးပွားရေး ပုံရိပ်ခေါင်းစဉ်ဖြင့် 1st Celebrities Women's Empowerment Seminar Thahton 2017 ကို စက်တင်ဘာ ၃၀ ရက်က မွန်ပြည်နယ် သထုံမြို့သုဝဏ္ဏဘူမိဟိုတယ်၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။

လူငယ်အမျိုးသမီးများအတွက် စီးပွားရေးဆိုင်ရာ ကွန်ရက်အချိတ်အဆက် (network)များ ပိုမိုရရှိစေရန်နှင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အတွေ့အကြုံများ၊ အခက်အခဲများကို သိရှိအောင် တွေ့ဆုံဆွေးနွေးဖလှယ်ခွင့်ရရှိနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ပိုမိုပေါ်ပေါက်လာနိုင်စေရန် အတွက် ဆွေးနွေးပွဲပြုလုပ်ခြင်း ဖြစ်ကြောင်း MMAC မှ Founder & CEO ဒေါ်မီမီညွန့်ဝင်းက ပြောသည်။

“နယ်ပယ်အသီးသီးမှာ အောင်မြင်နေကြတဲ့ အမျိုးသမီးတွေနဲ့ တွေ့ဆုံပြီး သူတို့တွေ ဘယ်လိုကြိုးစားခဲ့တယ်။ ဘယ်လောက် အောင်မြင်နေတယ်ဆိုတာကို သိရင် ဒီကအမျိုးသမီးတွေ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်နဲ့ အလုပ်လုပ်ကိုင်ချင်စိတ်၊ အားကျကြိုးစားလိုစိတ်တွေ ရှိလာမှာပါ”ဟု ဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ၎င်းက ဆက်လက်ပြောကြားသည်။

ဆွေးနွေးပွဲကို မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ဆွေးနွေးပွဲသို့ သထုံမြို့နယ်အတွင်းမှ ကိုယ်ပိုင်စီးပွားရေး၊ မိသားစုစီးပွားရေးတို့တွင် လုပ်ကိုင်နေသူ အမျိုးသမီးငယ်များ၊ စီးပွားရေးလုပ်ငန်းခွင်သို့ ဝင်ရောက်လိုသည့် အမျိုးသမီးငယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပြီး ယနေ့ခေတ်စီးပွားရေးလုပ်ငန်း နယ်ပယ်အသီးသီးတို့တွင် အောင်မြင်ကျော်ကြားနေသည့် အမျိုးသမီးများက မိမိတို့ကျွမ်းကျင်မှုကဏ္ဍအလိုက် အတွေ့အကြုံများကို နှစ်ရက်ကြာ မျှဝေဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲကို သထုံမြို့၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကာ ဆက်လက်၍ ပုသိမ်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင်လည်း အလားတူ ဆွေးနွေးပွဲများကို အမျိုးသမီးငယ်များအတွက် ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း MMAC Event Management မှ သိရသည်။

**သက်ဦး(သထုံ)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၃**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားနှင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ထူးချွန်ဆုရတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့မိသားစုဝင်များနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက်က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မိန့်ခွန်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးတို့က ဆုရရဲတပ်ဖွဲ့ဝင်များအား ဆုများချီးမြှင့်ခဲ့ကြသည်။ ဆုချီးမြှင့်ရာတွင် မွန်ပြည်နယ်အတွင်း မြို့နယ် ၁၀ ခုရှိ ရဲစခန်းများမှ ရဲအရာရှိ ၂၇ ဦး၊ အခြားအဆင့်၅၄ ဦးနှင့်အတူ အရပ်သား ၂၄ ဦး၊ တပ်ဖွဲ့ဝင်မိသားစု ၁၂ ဦးတို့ကိုလည်း ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့သည်။

**ကျော်သန်း(မော်လမြိုင်)**

## မြန်မာ့မီးရထား စာပေရေချမ်းစင်တွင် ထားရှိရန် သုတရသစာအုပ်များ လှူဒါန်း

**ညောင်လေးပင် အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဖွင့်လှစ်ထားသော ညောင်လေးပင်မြို့ မြန်မာ့မီးရထားဘူတာရုံရှိ စာပေရေချမ်းစင်သို့ သုတရသ စာပေများကို ညောင်လေးပင်မြို့မှ အလှူရှင်စာရေးဆရာများက အောက်တိုဘာ ၁ ရက်က လှူဒါန်းခဲ့ကြသည်။

လှူဒါန်းပွဲတွင် အလှူရှင် စာရေးဆရာသိန်းထိုက်ဆွေ(ညောင်လေးပင်)က လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဝတ္ထုစာအုပ် ၉၀၊ မဂ္ဂဇင်း ၁၅ အုပ်နှင့် သုတဂျာနယ် ၃၀ တို့ကိုလည်းကောင်း၊ သတင်းစာဆရာ နေလင်း(ညောင်လေး ပင်)က သုတရသဂျာနယ် ၃၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

## မိုးညှင်းတွင် (၅၃)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

**မိုးညှင်း အောက်တိုဘာ ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီက (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ကျင်းပသည်။ အခမ်းအနားတွင် မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသောင်းလင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦးမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ဝင်များအား စွမ်းဆောင်ရည်ထူးချွန်ဆုများကို ပေးအပ်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်ဟောင်းများကို အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**နီတိုး**

# မုံရွာကလေးစာပေပွဲတော် လာရောက်သူများအဆင်ပြေစေရန် မုံရွာတက္ကသိုလ်၌ ကြိုတင်စီစဉ်နေ

**မုံရွာ အောက်တိုဘာ ၃**

အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ မုံရွာတက္ကသိုလ်အတွင်း၌ ကျင်းပမည့် မုံရွာကလေးစာပေပွဲတော်သို့ လာရောက်ကြမည့်ကလေးငယ်များ သွားလာမှုအဆင်ပြေစေရန်အတွက် မုံရွာတက္ကသိုလ်အတွင်း တစ်ပြိုင်တည်း ကားအစီး ၄၀၀ ရပ်ထားနိုင်ရန်အပြင် အခြားလိုအပ်ချက်များကို စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက “နေရာအကွက်အကွင်းကျအောင် စီစဉ်နေပါတယ်။ ထမင်းစားဆောင်ကို ဘယ်မှာထားမယ်။ ဧည့်ဆောင်ကိုဘယ်မှာထားမယ် စသဖြင့် နေရာချထားတာတွေ လုပ်နေပါတယ်။ ပွဲတော်အတွက်အပြင်အဆင်တွေက အရံသင့်လုပ်ပြီးသားတွေကို နေပြည်တော်ကနေ သယ်လာကြမှာပါ။ ပွဲတော်လာမယ့်ကားတွေထားလို့ရအောင် မုံရွာတက္ကသိုလ်ဝင်းထဲမှာ စီစဉ်နေပါတယ်။ တက္ကသိုလ်ထဲမှာက ကားအစီး ၄၀၀ လောက် တစ်ပြိုင်တည်းထားနိုင်တဲ့ အကျယ်အဝန်းရှိတဲ့အတွက် အဆင်ပြေပါတယ်။ စောစောပိုင်းက ကျောက်ကာလမ်းပေါ်မှာပဲထားမှာလားဆိုတာ တွက်ဆကြပါသေးတယ်။ ဒါပေမယ့်ကျောက်ကာလမ်းမှာ ထားမယ်ဆိုရင် လမ်းပိတ်မှာစိုးရိမ်ရသလို ပွဲတော်လာမယ့် ကလေးတွေအနေနဲ့ ပွဲကျင်းပမယ့်ဘွဲ့နှင်းဆောင်အထိဆိုရင် အလှမ်းဝေးတဲ့အတွက် အတွင်းထဲအထိ ကားသွင်းမယ့်အစီအစဉ်ကို စီစဉ်ရတာဖြစ်ပါတယ်။ နောက်ပြီး မီးစက်အရန်ထားဖို့ စီစဉ်နေပါတယ်။ ပွဲလုပ်မယ့် ဘွဲ့နှင်းသဘင်ထဲမှာ အဲယားကွန်းကို နိုင်နင်းတဲ့အထိပေးနိုင်အောင် ဘယ်လိုလုပ်မလဲဆိုတာကိုလည်း စီစဉ်နေပါတယ်”ဟု ပြောသည်။

ကလေးစာပေပွဲတော်ကျင်းပမည့် မုံရွာတက္ကသိုလ်အတွင်း ကြိုတင်ဆောင်ရွက်မှုများ စတင်နိုင်ရန်အတွက် လူမှုရေးဝန်ကြီးနှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးပြန်/ဆက်ဦးစီးမှူးတို့ ဦးဆောင်၍ ဆောက်လုပ်ရေးဌာန၊ စည်ပင်သာယာရေးဌာန၊ မီးသတ်ဌာနစသည့် အဖွဲ့အစည်းအသီးသီးဖြင့် တက္ကသိုလ်အတွင်း စက်တင်ဘာ ၂၆ ရက်ကပင် ကွင်းဆင်းကာ ဆောင်ရွက်ရန်များကို ဆွေးနွေး အကောင်အထည်ဖော်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဝင်းမြိုင်က တက္ကသိုလ်ထဲမှာ စာမေးပွဲရှိနေတဲ့အတွက် ပြင်ဆင်ရေးကို နောက် နှစ်ရက်လောက်နေရင်တော့ စလုပ်တော့မှာပါ။ လက်ရှိကတော့ တက္ကသိုလ်ဝင်းထဲမှာ သန့်ရှင်းရေးတွေလုပ်နေပါပြီ။ ပြီးရင်ပြခန်းဆောက်တော့မှာဖြစ်ပါတယ်။ လောလောဆယ် ပြခန်းက ၂၁ ခန်းပြမှာပါ။ ပညာရေး၊ နတလ၊ ကျန်းမာရေး၊ မီးသတ်၊ လူကယ်ပြန်၊ ရဲတပ်ဖွဲ့စတာတွေ ပါပါမယ်။ စက်တင်ဘာ ၂၈ ကစပြီး ကလေးစာပေပွဲတော် နံရံကပ်ပိုစတာ ၁၅၀၀ ကိုလည်း မုံရွာမြို့ပေါ် နေရာအနှံ့မှာ လှည့်ကပ်နေပါပြီ။ စစ်ကိုင်းတိုင်းထဲက ပြန်/ဆက်ဝန်ထမ်းတွေရဲ့အဖွဲ့ခေါင်းဆောင်တွေကို နယ်အသီးသီးကနေ မုံရွာကို အောက်တိုဘာ ၂ ရက် အရောက်လာဖို့ ခေါ်ထားပါတယ်”ဟု ပြောသည်။

မုံရွာမြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကလည်း ကလေးစာပေပွဲတော်တွင် တက်ရောက်ကြမည့် ကျောင်းသားကျောင်းသူစာရင်း၊ ပြိုင်ပွဲဝင်ရောက်ကြမည့် ကလေးများ၏စာရင်းနှင့် အခမ်းအနား၏ ကဏ္ဍအသီးသီးတွင် ဦးဆောင်လုပ်ကြရမည့် အခမ်းအနားမှူးများ အခက်အခဲမရှိစေရန် အချက်အလက်ကောက်ခြင်း၊ ပြခန်းများ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း ပြောသည်။ ပွဲတော်တွင် ပညာရေးပြခန်းများအနေဖြင့် SEC ကိုယ်ပိုင်ကျောင်းက တစ်ခန်း၊ TOPကိုယ်ပိုင်ကျောင်းကတစ်ခန်း၊ အခြေခံပညာကျောင်းများက လက်မှုပြခန်းတစ်ခန်းနှင့် သိပ္ပံခန်းတစ်ခန်း စုစုပေါင်း လေးခန်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သံတိုင်ထွန်း**



## ကားလမ်းနယ်နိမိတ်မြေများ လျော်ကြေးပေးနိုင်ရန်ဆောင်ရွက်

**ပလက်ဝ အောက်တိုဘာ ၃**

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံနယ်စပ်ရှိ ပလက်ဝ-ဇိုရမ်ပူရ် နှစ်လမ်းသွားကားလမ်း ဖောက်လုပ်ရာတွင် လမ်းရေိယာအတွင်း ပါဝင်သွားသည့် လယ်ယာမြေ၊ ဥယျာဉ်မြေများအတွက် လျော်ကြေးပေးအပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပလက်ဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ စက်တင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖကော်မတီဝင်များနှင့် သက်ဆိုင်ရာကျေးရွာများမှ တောင်သူများ တက်ရောက်ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ယနေ့အစည်းအဝေးမှာ လမ်းပိုင်းအချို့အတွင်း ပါဝင်သည့် လယ်ယာမြေ၊ ဥယျာဉ်များနှင့် နေအိမ်များအတွက် သက်ဆိုင်သည့် တောင်သူများအား လျော်ကြေးပေးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် လမ်းပိုင်းများတွင် ပါဝင်သည့် မြေများအတွက်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**မောင်မောင်ကျော့(ပလက်ဝ)**

## ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**တောင်တွင်းကြီး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ စက်တင်ဘာ ၁၀ ရက်က ဖြစ်ပွားခဲ့သည့် ဆူပူမှုဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုများသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေပေးအပ်ပွဲကို အောက်တိုဘာ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားကာ ဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းဦး၊ မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စု ၁၄ စုအတွက် စုစုပေါင်းထောက်ပံ့ငွေ ကျပ်သိန်း ၈၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၀၈၅)**

# မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်လက်များဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ကွမ်းလုံ အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ ‘ဝ’နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းခန်းမ၌ မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ နှင့် ၂၉ ရက်က ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် နိုင်ငံရေးပါတီဝင်များ တက်ရောက်ခဲ့ကြသည်။

နှစ်ရက်ကြာကျင်းပခဲ့သည့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သန်းခေါင်စာရင်းနောက်ခံအကြောင်းအရာများ၊ လူဦးရေဆိုင်ရာ အချက်အလက်များ၊ ကိုးကွယ်သည့် ဘာသာရေးဆိုင်ရာ အချက်အလက်များ၊ ပညာရေးဆိုင်ရာ အချက်အလက်များ၊ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ မသန်စွမ်းမှုဆိုင်ရာအကြောင်းအရာများ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာများ၊ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားများ စသည့် အကြောင်းအရာများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတိုးလင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဖြိုးဟန်နှင့် စွမ်းရည်ရှေ့ဆောင်လူမှုရေးအသင်း (ရှမ်း/မြောက်) ဒေသတာဝန်ခံ ဒေါ်စန္ဒီအောင်တို့က ဆွေးနွေးခဲ့ကြသည်။

မြို့နယ်များ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အပါအဝင် ပညာရေး၊ လူမှုရေး လုပ်ငန်းများ ဆောင်ရွက်သည့်အခါ သန်းခေါင်စာရင်းပါ အချက်အလက်များကို အသုံးချခြင်းဖြင့် လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မိုင်းခိုင်ဇော်(ပြန်/ဆက်)**








**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၇)ရှိတံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူ/သယ်ယူမည့် အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်**

**ရက်စွဲပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း**

၂၉-၉-၂၀၁၇ရက်စွဲပါ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ဖော်ပြပါရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၇)ကျောက်တော်မြို့ရှိ ပြည်ထောင်စုနှင့်ပြည်နယ်ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော တံတားလုပ်ငန်းများအတွက် သံချောင်းလုံး(Reinforced Steel Bar)ရှယ်စုံ ဝယ်ယူခြင်းနှင့် ရန်ကုန် J&M Steel solutions Co.,Ltd မှ ဒါးလက်ချောင်းတံတားသို့ Steel Box Girder(၆၉၀)တန် သယ်ယူခြင်းအတွက် တင်ဒါခေါ်ယူခြင်းကို ၁၃-၁၀-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဖွင့်လှစ်ကျင်းပသွားမည်ဟု ကြော်ငြာခဲ့သော်လည်း ယခုအခါအကြောင်းအမျိုးမျိုးကြောင့် တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့် ဖွင့်လှစ်မည့်ရက်တို့အား အောက်ပါအတိုင်းပြောင်းလဲကျင်းပသွားမည်ဖြစ်ပါသောကြောင့် တင်ဒါလျှောက်လွှာဝယ်ယူထားသည့် လုပ်ငန်းရှင်များအား အသိပေးအကြောင်း ကြားအပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၆-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီ

၂။ **အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့်ရက်/အချိန်** - ၂၈-၁၀-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၇)၊ ကျောက်တော်မြို့**
**ဖုန်း-၀၉-၄၄၈၀၃၈၃၄၈၊ ၀၉-၄၄၈၅၄၈၅၈၅၊ ၀၄၃-၇၀၂၅၈**

**ဖခင်အမည်မှန်**

မင်းပြားအထက(၁)တက္ကသိုလ်ဝင်တန်း (D)မှ မသန်းသန်းဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်သာဒိုး ၁၁/မပန(နိုင်)၀၆၄၉၂၉ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မင်းပြားအထက(၁)တက္ကသိုလ်ဝင်တန်းမှ မောင်အောင်မြင့်၏ ဖခင်အမည်မှန်မှာ ဦးမောင်ခင်မြင့် ၁၁/မပန(နိုင်)၀၇၇၇၃၀ ဖြစ်ပါကြောင်း။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့**

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့မှ အမျိုးသားလွှတ်တော်တွင် UPS Battery များ၊ UPS များနှင့် power Module တို့အား အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၂-၁၀-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁၁-၂၀၁၇ရက် ညနေ ၃နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၈-၁၁-၂၀၁၇ရက် မွန်းလွဲ ၁နာရီ
ဆောက်လုပ်ရေးဝန်ကြီးဌာန၊
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊
လွှတ်တော်နှင့်အိမ်တော် အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့ရုံး၊
လွှတ်တော်ဝင်း(ICT-2)

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊**
**လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၆၉၅၂၅၊ ၀၆၇-၆၉၅၆၇**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့**

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့မှ အမျိုးသားလွှတ်တော်တွင် Comference & E-Voting System အား ဂျာမနီနိုင်ငံထုတ် Bosch အမျိုးအစားအသုံးပြု၍ ဆက်စပ်ပစ္စည်းများပါ တစ်ပါတည်းပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၂-၁၀-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁၁-၂၀၁၇ရက် ညနေ ၃နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၈-၁၁-၂၀၁၇ရက် မွန်းလွဲ ၁နာရီ
ဆောက်လုပ်ရေးဝန်ကြီးဌာန၊
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊
လွှတ်တော်နှင့်အိမ်တော် အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့ရုံး၊
လွှတ်တော်ဝင်း(ICT-2)

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊**
**လွှတ်တော်နှင့် အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၆၉၅၂၅၊ ၀၆၇-၆၉၅၆၇**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၃၄၉၂ Yamaha FZ6 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွဋ်၉/မရမ(နိုင်)၀၀၁၄၄၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**


Ovaltine
အရေအတွက်
ကန့်သတ်ထားပါသည်
အိုဗာတင်း သီတင်းကျွတ်
အထူးထုပ်ပိုးမှုပုံစံအသစ်
ချစ်ခင်ရသူတွေအတွက် အကောင်းဆုံးလက်ဆောင်
ကျန်းမာရေးအတွက် အကောင်းဆုံး
လက်ဆောင်မွန်
Ovaltine
Ovaltine
Malted
ကျန်းမာချမ်းသာ သီတင်းကျွတ်ချိန်ခါ

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း




- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower)များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (ဂ)ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေး ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀)စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃)စင်း နှင့် ရွေ့လျားစက်လှေကား ( ၂၀)စင်း ပါဝင်ပါသည်။ ၄င်းအပြင် မော်တော်ယာဉ်အစီးရေ (၆၀၀)ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-
GA MONE PWINT CO.,LTD.
အမှတ်( ၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6







တွန်ကရစ် အုတ်ချိုက်စက်
ခေတ်မီစက်မြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)၊အင်းလေး(၁)လမ်း၊ဇုန်(၂)၊တောင်ဒဂုံ။

## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ညောင်ပင်ပေါက်ကျေးရွာနေထိုင်သူ မသဇင်ငြိမ်း ၇/ညလပ(နိုင်)၁၈၈၇၉၈ ၏ နိုင်ငံသားစိစစ်ရေးကတ်သည် ၂၇-၉-၂၀၁၇ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါ။ ဖုန်း-၀၉-၇၈၅၅၄၁၂၉၂၊ ၀၉-၇၈၉၅၆၁၅၆၈

## ကန့်ကွက်နိုင်ပါသည်

ကျွန်မ ဒေါ်အေးယုမွန် ၁၂/သလန(နိုင်)၀၀၁၂၄၃ အမည်ပေါက်ပိုင်ဆိုင်သော သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ တော်ဝင်လမ်းသွယ်ရှိ မြေကွက်အမှတ် (L-353) ပေါ်တွင် လူနေအိမ်ဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤသတင်းစာပါကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်အေးယုမွန်**
**ဖုန်း-၀၉-၇၉၉၄၅၄၀၈၁**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၉၅၃၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၉၅၃ ဟုခေါ်တွင်သော အဆောက်အအုံနှင့် ယင်းအဆောက်အအုံတွင် တွယ်ကပ် တပ်ဆင်ထားသည့် ရေ၊ မီး၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းဦး ၁၂/ပဇတ(နိုင်)၀၀၂၆၃၇ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်စန်းမာလာညွှန့် | ဒေါ်မျိုးပပအောင် | ဒေါ်နွေးနွေးသိန်းတန် |
| (စဥ်-၆၄၆၂) | (စဥ်-၃၉၂၀၁) | (စဥ်-၄၅၃၇၈) |

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ် ၅၇(မြေညီထပ်)၊ အင်းဝလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၆၅၁၄၊ ၀၉-၄၃၂၀၂၇၄၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်း/အကွက်အမှတ်-၁၂/၃(စီတာပူတောင်)၊ ဦးပိုင်အမှတ်(-၁၂/၁)၊ မြေချိန်ဧရိယာ ၀ဒသမ ၃၅၅ဧကရှိ မြေယာကွက်ကို ဦးလခရိဇော်ဘောက် ၁/မကန(နိုင်)၁၀၆၃၁၉ထံမှ ၁၇-၂-၂၀၁၂ ရက်စွဲပါ ခြံမြေကွက်ကို အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ်-၂၁/၂၊ ဧရိယာ ၀ဒသမ ၂၅၆ဧကရှိ မြေယာကွက်ကို ဒေါ်လုဂျာ ၁/မကန(နိုင်)၀၈၇၄၇၉ထံမှ ၃၁-၃-၂၀၁၃ရက်စွဲပါ ခြံမြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် မြစ်ကြီးနားမြို့၊ အမှတ်(MC-၆၅)၊ စီတာပူရပ်ကွက်နေ ဦးအားမွန် ၁/မကတ(နိုင်)၀၆၄၃၈၀က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးအားမွန်အမည်ဖြင့် မြို့မြေခပေးဆောင်ကြောင်း မြေခွန်ပြေစာများ ထမ်းဆောင်ထားပါသည်။ အဆိုပါ ဦးပိုင်-၁၂/၁နှင့် တစ်ဆက်စပ်တည်း ဦးပိုင်-၂၁/၂ တို့၏ ဧရိယာနှစ်ခုပေါင်း ၀ဒသမ ၆၁၁ဧကတို့အား အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ဦးအားမွန်နှင့် ဇနီးဖြစ်သူ ဒေါ်နန်ရှန် ၁/ဗမန(နိုင်)၀၀၈၄၁၆ တို့အမည်ဖြင့် မြစ်ကြီးနားမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၃၉/၂၀၁၇)ဖြင့် ဦးပိုင်ပေါင်းမြေငှားဂရန် အသစ်လျှောက်ထားသောမြေယာကွက်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ယခုကြေညာသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအားမွန်နှင့် ဒေါ်နန်ရှန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝဏ္ဏဦး (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၄၂၃၇၀)**
**အမှတ်(၆)၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၄၀၀၀၂၃၅၇၇၊ ၀၉-၂၅၅၈၈၂၁၅၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၃၁၁၊ မြေအကျယ်အဝန်း အလျား ၄၀ပေ×အနံ ၆၀ပေ၊ ဧရိယာ ၂၄၀၀ စတုရန်းပေရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၂၉၊ အောင်သုခလမ်း၊ ၂၈ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ပန်းချီစိုးညွန့် ၁၂/ဗတထ(နိုင်)၀၀၇၅၀၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ် B.A(Eco),H.G.P**
**အထက်တန်းရှေ့နေ(စဥ်-၁၁၈၉၆)**
**အမှတ်-၁၀၂၊ ဗိုလ်မင်းခေါင်လမ်း၊ ၁၂ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၁၃၁၂၁၉၊ ၀၉-၉၆၈၃၇၇၃၆၄**

စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် ၂၀၁၇-၂၀၁၈ ဗုဒ္ဓဂယာ စရိတ်ငြိမ်း ခရီးစဉ်များ (ဈေးလျှော့ထားသည်)

၈ ရက် / ၁၂ ရက် / ၁၅ ရက် / ၁၅ ရက် — စရံ(၂)သိန်း +

ဒေါ်လာ ၆၀၀ - အောက်တိုဘာ၃၊၂၄၊၂၈(အားလုံးပြည့်)၊နိုဝင်ဘာ၃(၁လို)၊၇(ပြည့်)၊၂၀(၂၄လို)၊ဒီဇင်ဘာ ၂၅၊၂၇၊ဇန်နဝါရီ၃၊၁၁၊ မတ်၇၊၂၀၊ဧပြီ၁၁၊

ဒေါ်လာ ၇၀၀ - အောက်တိုဘာ ၁၄၊ ၂၈ (အားလုံးပြည့်)၊ နိုဝင်ဘာ ၆ (၁၃ လို)၊ ၁၃ (၂၅ လို)၊ ဒီဇင်ဘာ ၉၊ ၁၈၊ ၂၃၊ ဇန်နဝါရီလ ၂၀၊ ဖေဖော်ဝါရီ ၃၊ ၁၀၊ ၁၂၊ ၁၉၊ ၂၆၊ မတ် ၃၊ ၁၂၊ ၂၄၊ ဧပြီ ၁၄၊ Air Bus လေယာဉ်ကြီးများဖြင့်သာ

ဒေါ်လာ ၇၅၀ - အောက်တိုဘာ ၂၄ (ပြည့်)၊ နိုဝင်ဘာ ၁၀ (၉ လို)၊ ၂၉ (တရားစခန်း+ ၁၂ရက်ဈေးနှုန်း)၊ ဒီဇင်ဘာ ၁ (၁၉ လို)၊ ဇန်နဝါရီ ၁၇၊ ၃၁၊ မတ် ၆၊ ဧပြီ ၁၃၊ ညမောင်း လုံးဝမပါ၊ နိုင်ငံကူးလက်မှတ် မရှိသေးလျှင် ကူညီဆောင်ရွက်ပေးပါသည်။

ဒေါ်လာ ၈၀၀ - အောက်တိုဘာ ၂၊၇၊ ၉ (အားလုံးပြည့်)၊ နိုဝင်ဘာ၄၊၆ (၅လို)၊ ၁၁၊၁၃၊ ၁၈၊ ၂၀၊ ၂၅၊ ဒီဇင်ဘာ ၂၊၄၊ ၁၆၊

(ကိုလ်ကတ္တားပါ) စရံငွေချေ/ဦးရာလူစနစ် ဇန်နဝါရီ ၁၊၆၊ ၁၃၊ ၂၀၊ ဖေဖော်ဝါရီ ၃၊ ၅၊ ၁၀၊ ၁၂၊ ၁၇၊ ၂၄၊ ၂၆၊ မတ် ၃၊ ၅၊ ၁၀၊ ၁၉၊ ၂၄၊ ၂၆၊ ဧပြီ ၉၊

ရန်ကုန်မြို့လုံးချင်းအိမ်များတွင် အခမဲ့ တည်းခိုနိုင်ပါသည်။ သံဃာ/သီလရှင် ၃၀,၀၀၀/-၊ ခရီးသည်ဟောင်း နှင့် အငြိမ်းစားများ ၁၀,၀၀၀/-၊ ဦးစီးလိုက်ပါသူ အား (၁၆)ဦးလျှင်(၁)ဦးအခမဲ့၊ (၁၀)ဦးလျှင်(၃၀%)၊ (၆)ဦးလျှင် (၁၀%)လျှော့ပါမည်။ (၄၉)ခုံပါသော အဲယားကွန်း ကားကြီးတွင် (၃၅)ဦးဝန်းကျင်သာပို့ဆောင်ပါသည်။

သံရုံးသို့လိုက်ရန်မလို | လိုင်စင်အမှတ် ပခ-၀၂၈၂ | Website : www.khinnandartravel.com | Email: khinnandartravels@gmail.com

ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃

ရုံးခွဲ - အမှတ်(၁၁၀)၊ မြေညီထပ်၊ (၃၉)လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။ ၀၁-၂၄၀၀၄၇၊ ၀၉-၅၃၂၁၀၀၂


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/4110 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၂၇၁၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# အခွန်တံဆိပ်ခေါင်းဝယ်ယူမှုနှင့်စပ်လျဉ်း၍ အများပြည်သူများသိစေရန် အသိပေးကြေညာခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း၊ နေပြည်တော်နှင့် ရန်ကုန်တံဆိပ်ခေါင်းအရောင်းကောင်တာများတွင်လည်းကောင်း၊ တံဆိပ်ခေါင်းများကို အများပြည်သူသို့ ရောင်းချပေးလျက်ရှိပါသည်။

ယခုအခါတွင် တံဆိပ်ခေါင်းလိုအပ်သူများ အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ရန်အတွက် ၁-၆-၂၀၁၆ရက်မှစတင်၍ အောက်ပါမြို့နယ် အဆင့်သတ်မှတ်ချက်အတိုင်း မြို့နယ်ပေါင်း ၉၃ မြို့နယ်တွင် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူအရေအတွက် ၂၉၈ဦးဖြင့် ရောင်းချခွင့်ပြုခဲ့ပြီး ၁၂-၇-၂၀၁၇ရက်တွင် မြို့နယ်ပေါင်း ၁၀၁ မြို့နယ်တွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချခွင့်ပြုသူ ၃၅၁ ဦးဖြင့် ရောင်းချပေးလျက်ရှိပါသည်။

| စဉ် | မြို့နယ်အဆင့် | လိုင်စင်ရရောင်းချသူအရေအတွက် |
|---|---|---|
| (၁) | အထူး (က) အဆင့်မြို့နယ် | (၁၀) ယောက် |
| (၂) | (က) အဆင့်မြို့နယ် | (၇) ယောက် |
| (၃) | (ခ) အဆင့်မြို့နယ် | (၅) ယောက် |
| (၄) | (ဂ) အဆင့်မြို့နယ် | (၃) ယောက် |

- တံဆိပ်ခေါင်း လိုအပ်သူများအနေဖြင့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများထံတွင်လည်း အောက်ပါဖော်ပြပါ ရုံးခွန်တံဆိပ်ခေါင်းနှင့် အခွန်တံဆိပ်ခေါင်း အမျိုးအစားများကို မူရင်းတန်ဖိုးအတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။
  - (၁) ရုံးခွန်နိုပ် တံဆိပ်ခေါင်းမျိုးစိတ်အတွက် တန်ဖိုး ၁၀၀ ကျပ်တန်မှ ၁၀၀၀ ကျပ် တန်အထိ၊
  - (၂) ရုံးခွန်ကပ် တံဆိပ်ခေါင်းမျိုးစိတ်အတွက်တန်ဖိုး ၂၅ ကျပ်တန်မှ ၁၀၀၀ ကျပ် တန်အထိ၊
  - (၃) အခွန်နိုပ် တံဆိပ်ခေါင်းမျိုးစိတ်အတွက်တန်ဖိုး ၁၀၀ ကျပ်တန်မှ ၁၀၀၀ ကျပ် တန်အထိ၊
  - (၄) အခွန်ကပ်တံဆိပ်ခေါင်းအတွက် တန်ဖိုး ၅ကျပ်တန်၊
- အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းဝယ်ယူ ရောင်းချခြင်းလုပ်ငန်းကိစ္စရပ်အတွက် လိုအပ်သည့် တံဆိပ်ခေါင်းများအား ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့၏ တန်ဖိုးသတ်မှတ်မှုအပေါ် ဝင်ငွေရလမ်း စိစစ်မှုပြီးစီးမှသာ လိုအပ်သည့် တံဆိပ်ခေါင်းများအား အမြန်ဆုံးရောင်းချပေးလျက်ရှိပါသည်။
- တံဆိပ်ခေါင်းဝယ်ယူရန် အခက်အခဲဖြစ်ပါက တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများနှင့် ရုံးချုပ်၊ စီမံရေးရာဌာနခွဲ ဖုန်း-၀၆၇-၄၃၀၄၀၇ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/1388 Toyota Mark II ,S/L(4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဝင်း ၈/မကန(နိုင်)၁၁၅၈၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/5441 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်၂ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/6285 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/5589 SHWE GANTAWIN, Light Truck P/U (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ထက်ဦး ၁၃/ကကန(နိုင်)၁၃၃၇၅၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/ကံဘဲ့၊ မြေကွက်အမှတ် ၁၀/ဃ-၂၊ မြေကွက်တည်နေရာအမှတ် ၂၁၉-၂၂၀၊ သစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ မဒွေးလှ အမည်ပေါက် မြေပိုင်မြေ လ/န ၃(ခ)မြေကွက်အား ပိုင်ဆိုင်စာချုပ် ၁၃/၁၉၉၂(၉-၁-၁၉၉၂)နှင့် ပိုင်ဆိုင်မှုစာချုပ် ၄၇၈၇/၂၀၁၅ (၁၆-၇-၂၀၁၅) (မူရင်းမတင်ပြနိုင်ပါ၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ လက်ခံအမှန်စာချုပ်ကို တင်ပြထားပါသည်။) အရောင်းအဝယ်စာချုပ် ၁၉၃၈/၂၀၁၆ (၅-၅-၂၀၁၆)ဖြင့် ဦးဇော်မင်းသိန်းမှ မြေကွက်အမှတ် ၁၀/ဃ၂၊ ဧရိယာ ၀ ဒသမ ၂၈၆၉ဧကအနက်မှ မျက်နှာစာ ၃၆ပေ၊ အနောက် ၄၇ပေ၊ အနံပေ၈၀ ချန်လှပ်၍ တရားဝင်မခွဲစိတ်ရသေးသော သစ္စာလမ်းမဘက် မျက်နှာစာ ၁၀ပေ ၅ လက်မ×၆၄ ပေ ၄ လက်မ/၈၃ပေရှိ (ဝင်ပေါက်လမ်း)နှင့် အလျား ၈၈ပေ/၁၀၂ပေ×၈၈ပေ/၆၉ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ် ၂၁၉၊ ၂၂၀ဟု ခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူခဲ့သူ ဦးဇော်မင်းသိန်း ၁၂/ပဇတ(နိုင်)၀၀၄၉၂၀က မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာတွင် ပူးတွဲပိုင်ရှင်နှင့် ပူးတွဲလျှောက်ထားရန် အခက်အခဲရှိပါသဖြင့် မိမိမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော အပိုင်းကိုသာခွဲတစ်ဖက်သတ်စိတ်ရန်အတွက် မိမိတစ်ဦးတည်း လျှောက်ထားခွင့်ပြုပါရန် ၂-၈-၂၀၁၇ရက်စွဲပါစာတို့တင်ပြလာပါသဖြင့် ဦးဇော်မင်းသိန်း၏ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၌)၊ မြေကွက်အမှတ်(၃၂၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၂၅/ခ)၊ မေတ္တာ(၃)လမ်း၊ (၌)ရပ်ကွက်၊ ဦးသန်းတင် ၁၂/ဥကမ(နိုင်)၀၀၆၇၀၁ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အဘိုး ဦးသန်းတင်သည် ၄-၇-၂၀၀၁ ရက်တွင်လည်းကောင်း၊ အဘွားဒေါ်ခင်ညိုသည် ၂-၂-၂၀၀၄ ရက်တွင်လည်းကောင်း၊ ၎င်းတို့၏တစ်ဦးတည်းသောသားဖြစ်သူ ဦးကျော်ဒင်သည် ၂၂-၄-၂၀၀၉ ရက်တွင်လည်းကောင်း၊ ၎င်း၏ဇနီးဒေါ်လှသည် ၈-၆-၂၀၀၆ရက်တွင်လည်းကောင်း၊ ၎င်းတို့မှမွေးဖွားသော သမီး(၂)ဦးအနက် ဒေါ်ဝင်းလှ အပျိုကြီးသည် ၁၂-၁-၂၀၀၇ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်သန်းလှ ၁၂/ဥကမ(နိုင်)၁၁၁၈၀၆ မှ တစ်ဦးတည်းသော အမွေဆက်ခံခွင့်ရှိသူ မြေး/သမီး တော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ် တရားရုံး၊ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူမှ လက်မှတ်ရေးထိုးသော ကျမ်းကျိန်လွှာအမှတ်စဉ် ၃၄၇၉ (၁-၃-၂၀၁၇)၊ သေစာရင်းများနှင့် ဦးသန်းတင်အမည်ပေါက် ဂရန်မူရင်းတို့ တင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၀၆/၂၀၁၇) (၁၄-၂-၂၀၁၇)ဖြင့် ရရှိသူ ဒေါ်ယဉ်ညိုထွေး ၁၂/ဥကမ(နိုင်)၀၂၂၃၈၅မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာမှုအပေါ် မြေပြင်တွင် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် (၂)ထပ်ခံပျဉ်(၁)လုံးရှိပြီး ကျန်မြေကွက် (၃၂၅/က)နှင့်တွဲ၍ အသုံးပြုထားပြီး လျှောက်ထားသူကိုယ်တိုင် နေထိုင်ကြောင်းတွေ့ရှိရသဖြင့် ၎င်း၏ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/သမိုင်း၊ မြေကွက်အမှတ် ၃/ဈ^၁၊ မြေကွက်တည်နေရာအမှတ် ၁၄၆/H၊ခေမာသီရိလမ်းသွယ်၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးမြစိုး၊ ဒေါ်ခင်ဖုန်း) အမည်ပေါက် မြေပိုင်မြေ (လ/န-၃၉) (အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက်နှစ်ဦးအနက် ဦးမြစိုးမှာ ၁၂-၁၂-၂၀၀၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ဖုန်း ၁၂/မရက(နိုင်)၀၆၁၉၄၀၈၏ G/P ၆၁၄၅/၂၀၁၇ (၂၈-၆-၂၀၁၇)ရရှိသူ ဒေါ်ခင်နှင်းစိုး၁၂/မရက(နိုင်)၀၆၁၉၃၉မှ တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းအမည်ပေါက်သည့် အရောင်းအဝယ်စာချုပ် ၇၉၁/၁၉၈၃ (၉-၉-၁၉၈၃)၊ G/P အထောက်အထား G/P ပေးခြင်းအတွက် ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၈၄၊ ၀ ဒသမ ၀၅၅ ဧက၊ မြေကွက်တည်နေရာအမှတ် ၈၄၊ မင်းရဲကျော်စွာလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးချစ်သောင်း MMN-၄၈၅၉၆၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးချစ်သောင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်လှ၁၂/လသယ (နိုင်)၀၀၅၁၆၄ မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဘေးပတ်ဝန်းကျင်ထောက်ခံကျမ်းကျိန်လွှာနှင့် အမည်ပေါက်သေစာရင်းမိတ္တူ၊ နှစ်၆၀ ဂရန်မူရင်းတို့အားတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးကျော်ခိုင် (တောင်ကုတ်)

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏နာယက**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တောင်ကုတ်မြို့နယ်၏ ဂုဏ်ထူးဆောင်နာယက**
**(၁၉၉၀)ခုနှစ် ရွေးချယ်ခံ တောင်ကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အသက်(၉၅)နှစ်**

တောင်ကုတ်မြို့၊ ကံပိုင်ရပ်၊ ဦးဥတ္တမလမ်း၊ အမှတ် ၅နေ ဦးအောင်ဘ-ဒေါ်လှိုင်တို့၏သား၊ ဒေါ်မြကြည်၏ခင်ပွန်း၊ ဒေါ်ရွှေရီ၏အစ်ကို၊ ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ခင်ထားမူ-ဦးမြင့်ဦး၊ ဒေါက်တာဦးမြင့်ဆွေ-ဒေါက်တာဒေါ်ခင်အေးမြင့်၊ဦးမြင့်စိုး၊ ဦးစိုးလွင်၊ဒေါ်နွဲ့နွဲ့ကြည်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ ကိုဟန်လင်းဆွေ-မချမ်းမြေ့ရှိန်၊ ဒေါက်တာအောင်ခိုင်ဦး-ဒေါက်တာသန့်သဥ္ဇာ၊ ကိုအောင်လေး-မနီနီလွင်၊ ဒေါက်တာခိုင်နွယ်ဝင်း-ဒေါက်တာမျိုးသန့်ဇင်တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၃-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် တောင်ကုတ်မြို့သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကျော်ခိုင် (တောင်ကုတ်)

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏နာယက**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တောင်ကုတ်မြို့နယ်၏ ဂုဏ်ထူးဆောင်နာယက**
**(၁၉၉၀)ခုနှစ် ရွေးချယ်ခံ တောင်ကုတ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**အသက်(၉၅)နှစ်**

တောင်ကုတ်မြို့၊ ကံပိုင်ရပ်၊ ဦးဥတ္တမလမ်း၊ အမှတ် ၅နေ ဦးအောင်ဘ-ဒေါ်လှိုင်တို့၏သား၊ ဦးဘလှိုင်-ဒေါ်အေးချစ်၊ ဒေါ်စိန်တင်၊ ဦးဘဟန်-ဒေါ်အုံးကြည်၊ ဦးကျော်ဟန်-ဒေါ်ခင်စောဖြူ၊ ဦးအောင်ခင်-ဒေါ်ကြည်လေး၊ ဦးထွေးမြင့်-ဒေါ်မြင့်မြင့်ရွှေတို့၏အစ်ကို၊ တူ၊ တူမ ၂၁ယောက်တို့၏ဘကြီးသည် ၃-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် တောင်ကုတ်မြို့သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအေးမောင် အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရွှေပြည်သာ (၆)လမ်း၊ အမှတ် ၁၁၆၆နေ ဦးခင်မောင်ဖြူ(ဒုတိယညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန) - ဒေါ်စိုးစိုးအေး(လက်ထောက်ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)တို့၏ဖခင် ဦးအေးမောင်သည် ၃-၁၀-၂၀၁၇ရက် နံနက် ၀၀း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းမောင် အသက်(၇၇)နှစ်

**ခရိုင်စက်မှုလယ်ယာ/မန်နေဂျာ၊သစ်တောဖက်စပ်(FPJPC)၊လ/ထညွှန်မှူး(ငြိမ်း)**

ပဲခူးမြို့၊ မော်ကန် ၁၄လမ်းနေ (ဦးအောင်ကျော်-ဒေါ်ခင်သိန်း)တို့၏သား၊ ဟင်္သာတမြို့နေ (မန်းသာထို-ဒေါ်လှအေး)တို့၏သားသမက်၊ သနပ်ပင်မြို့နေ (ဦးဝင်းအောင်)-ဒေါ်ထွန်းထွန်း၊ ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်ဝင်းစိန်(ငြိမ်း)-ဒေါ်ဝေဝေသင်း၊ ပဲခူးမြို့နေ ဦးသောင်းညွန့်(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်ရီရီအောင်၊ ပဲခူးမြို့နေ ဗိုလ်ကြီးအောင်ဝင်း(ငြိမ်း)-ဒေါ်သန်းဝင်း၊ ဦးစန်းယု(လဝကမှူး၊ ဒိုက်ဦးမြို့)-ဒေါ်ချိုချိုမြင့်တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၄လမ်း၊ တိုက် ၆၊ အခန်း ၂၀၅နေ ဦးစိုးစိုးလင်း-ဒေါ်နန်းလှဲ့လှဲ့ဝင်း(ရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်မြို့)၊ ဦးနေမျိုးဝင်း-ဒေါ်တင်မိုးဝင်း(ဒု-ခရိုင်ဥပဒေအရာရှိ၊ တောင်ပိုင်းခရိုင်ဥပဒေရုံး)တို့၏ ချစ်လှစွာသောဖခင်၊ မနန်းရွှန်းလဲ့ပိုး၊ မနန်းရွှန်းလဲ့ဖြိုး(Grade-2, အထက-၁၊ ဒဂုံ)တို့၏ ဘိုးဘိုးကြီးသည် ၃-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၆း၁၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းသန်း

**အသက်(၇၀)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၆)လမ်းအနောက်၊ အမှတ် ၁၀၂၂နေ ဦးတင်စိန်၏ချစ်လှစွာသောဇနီး၊ ဦးရဲထွဋ်-ဒေါ်စန်းစန်းမော်၊ ဗိုလ်မှူးတင်လတ်-ဒေါ်ခင်မာဦး၊ ဦးတင့်လွင်-ဒေါ်ဝေဝေသွင်တို့၏ မိခင် ဒေါ်သန်းသန်း အသက်(၇၀)သည် ၃၀-၉-၂၀၁၇ရက် ည ၁၁း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဗသက(၉၇)

**ကျောင်းဆင်းအရာရှိများနှင့်မိသားစုများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းကြည်

**အသက်(၆၇)နှစ်**

သူငယ်ချင်း မျိုးမင်း၏မိခင် ဒေါ်စန်းကြည် အသက်(၆၇)နှစ်သည် ၂-၁၀-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၆နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၉)မှ**
**သူငယ်ချင်းများနှင့် မိသားစုဝင်များ**

### ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးရီလှိုင်

**အသက်(၅၇)နှစ်**

ဗိုလ်မှူးရီလှိုင်သည် ၂၆-၉-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ကြင်မေ မိသားစု**
**ဆည်မြောင်း၊ မန္တလေးမြို့**

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျန်ရှုတင်

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၁လမ်း၊ အမှတ် ၆၅နေ (ဦးထန်ဟုတ်-ဒေါ်ကြီးဆိုက်)တို့၏သမီး၊ [ဦးလင်ကီချိုင်း(ခ)ဦးထွန်းကြည်]၏ဇနီး၊ (ဦးအောင်ခင်)-ဒေါ်ငွေးကြူ၊ ဦးခင်မောင်၊ (ဦးခင်ကျော်)-ဒေါ်မိုးသီတာ၊ ဦးကြည်ဝင်း၊ ဒေါ်နီနီအေးတို့၏အစ်မ၊ ဦးမြင့်သိန်း-ဒေါ်ရီရီဝင်း၊ ဦးမောင်မောင်ဇော်-ဒေါ်စုစုဝင်း၊ ဦးသိန်းမြင့်-ဒေါ်စန်းစန်းနွယ်၊ ဦးဘမော်-ဒေါ်လှသီတာခင်၊ ဦးကျော်စိုးတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂-၁၀-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ထားရင်

**(မြိတ်-အရှေ့မော်တုန်း)**
**အသက်(၈၇)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးလှညွန့်(ငြိမ်း)၊ ဒေါ်မြတ်သီတာကို (ရွှေထိုက်တန်ကုမ္ပဏီ)တို့၏မိခင် ဒေါ်ထားရင်သည် ၁-၁၀-၂၀၁၇ရက် ညနေ ၅း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၇၇)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ဒေါ်လှကြည်

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်လမ်း၊ အမှတ် ၃၃၊ ပထပ်(ဝဲ)နေ (ဦးလှထွန်း-ဒေါ်အုန်းကြည်)တို့၏သမီး၊ (ဦးရွှေသောင်-ဒေါ်သန်း)တို့၏သမီးချွေးမ၊ ဦးစိန်ထွန်း(၄-အကောက်ခွန်)၏ဇနီး၊ ဒေါ်သန်းသန်းငွေ၊ ဦးစမ်းရွှေထွန်း(MOGE)-ဒေါ်မိမိခိုင်၊ ဒေါ်ခင်နွဲ့ရီ၊ ဦးမောင်မောင်၊ ဦးအောင်စောထွန်း(MOGE)၊ ဒေါ်ခင်မလေး၊ ဦးအောင်ဆန်းထွန်းတို့၏အစ်မ၊ ရဲမှူးဝေငြိမ်း(သတင်းရဲတပ်ဖွဲ့)-မခင်ဇာဇာဖြူ၊ ကိုကျော်ဇေယျာလွင်(1st Engineer)-မခင်စမ်းယု၊ မယဉ်ယဉ်ငွေး(PISM)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂-၁၀-၂၀၁၇ရက် (တနင်္လာနေ့) ည ၉း၂၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှကြည်

**အသက်(၆၆)နှစ်**

သူငယ်ချင်း ရဲမှူးဝေငြိမ်း(သတင်းရဲတပ်ဖွဲ့) - မခင်ဇာဇာဖြူတို့၏ မိခင် ဒေါ်လှကြည်သည် ၂-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)မှ**
**သူငယ်ချင်းများ**

## ဦးဝင်းကိုကို (အောင်မင်း-ဒလ)

**(ဆိပ်ကမ်းမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ)**
**အသက်(၆၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ(၃)ရပ်ကွက်၊ မင်းတန်းလမ်း၊ အမှတ် ၅၄နေ ဒေါ်လှလှအေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ငြိမ်းချမ်းကိုကို (တပ်မတော်-ရေ)၊ မအေးသီသီဟန်(KBZ Bank/ဒလ)၊ မဝင်းပြည့်ပြည့်ဖြိုးတို့၏ဖခင်၊ ရွှေဘိုမြို့နေ (ဦးမောင်မောင်-ဒေါ်သီသီ)တို့၏သား၊ ဦးကြင်စော-ဒေါ်တင်ရီတို့၏သားသမက်၊ ဒေါ်ငွေကြည်၊ ဒေါ်ညွန့်ကြည်၊ ဒေါ်ခင်သောင်းညွန့်တို့၏ချစ်လှစွာသောမောင်၊ ဦးဝင်းချိုချို-ဒေါ်ခင်မျိုးရီ၊ ဦးအေးကိုကို-ဒေါ်ဘိုလှ၊ ဦးထွန်းအောင်ဇံ - ဒေါ်အေးအေးမြင့်တို့၏ အစ်ကိုသည် ၂-၁၀-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ခနီတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အနိစ္စ

## မောင်စည်သူဝင်းထွန်း

**အသက်(၃၃)နှစ်**

ရန်ကုန်မြို့နေ (ဦးတင်ထွန်း-ဒေါ်ရီ)၊ (ဦးရွှေမြစ်-ဒေါ်ခင်စန်းသီ)တို့၏ မြေး၊ ဦးဝင်းထွန်း - ဒေါ်နီလာ (အထက-၅၊ တာမွေ)တို့၏သား၊မောင်ရာဇာဝင်းထွန်း (ဘိုဘို)၏အစ်ကို၊ ဦးမိုးကျော်-[ဒေါ်လွင်လွင်မျိုး(ခ)မမော်ကြီး]တို့၏ သားသမက်၊ မငြိမ်းဆုဝေ(ခ)ပေမာန်၏ချစ်လှစွာသောခင်ပွန်း၊ မငွေမှုံပန်းချီ၏ ချစ်လှစွာသောဖခင်သည်၃-၁၀-၂၀၁၇ ရက်(အင်္ဂါနေ့) နံနက် ၄း၂၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [အမှတ် ၁၂၊ ၁၄၉လမ်း၊ ခုနစ်လွှာ(ခေါင်းရင်းခန်း)နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်ကျော်မြင့်(ခ)

**မင်းသားကြီး အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းငှေးကြွယ်(က)ရပ်ကွက်၊ အသောကလမ်း၊ အမှတ် ၂၅ (ခြောက်လွှာ)နေ (ဦးဆန်းမောင်-ဒေါ်စိုးမြင့်)တို့၏ သား၊ ဒေါ်စိုးစိုးမြင့်၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်ခင်၏မောင်၊ (ဦးအေးထွဋ်)-ဒေါ်ခင်ချိုဦးတို့၏အစ်ကို၊ ဦးထွန်းအောင်ခိုင်(ကစစ-၂၃)-ဒေါ်အေးကြိုင်(ကစစ-၂၄၊ စက်မှုဝန်ကြီးဌာန)တို့၏အစ်ကို၊ မဝင်းဝင်းထွဋ်၊မောင်သက်ထွန်းအောင်-မမြင့်မြင့်စိုး၊ မောင်လင်းထက်အောင်၊ မောင်ဝင်းမင်းအောင်၊ မောင်စစ်ပိုင်တို့၏အဘိုးသည် ၂-၁၀-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်အမာ

**အသက်(၁၀၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်ထောင်စုရိပ်သာလမ်း၊ အမှတ် (၅၄/D)နေ ဒေါ်ကျင်အေး - (ဦးစိန်သန်း)တို့၏ မိခင်၊ ဒေါက်တာဦးအောင်ဝင်း - ဒေါက်တာစန်းစန်းဦး၊ ဦးစိန်မင်း - ဒေါက်တာသန်းသန်းဝင်း၊ (ဒေါက်တာမောင်မောင်ဦး) - ဒေါက်တာအက်နာတိုက်ကွဲလ်၊ ဒေါက်တာစန်းစန်းဝေ၊ ဒေါ်ကေသီခိုင်၊ ဦးထွန်းထွန်းလှိုင် - ဒေါ်မေခင်ဦးတို့၏အဘွား၊ DR. SHINE WIN (ခ) (ဝင်းမင်းထက်)၊ RAY WIN (ခ) (ကျော်ဝင်းထက်)၊ ဒေါက်တာဇင်မင်းထက်(ခ)CHRISTINA LWIN OO၊ မောင်လွင်မင်းသန့်(ခ) NICHOLAS TUN OO ၊ မောင်ဇေယျလှိုင်၊ မောင်သီဟလှိုင်၊မြတ်သီရိလှိုင်တို့၏ဘွားဘွားကြီးသည် ၂-၁၀-၂၀၁၇ရက် ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁၀-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစောအင်ဟုတ်(ခ) ဦးအင်းစွီ

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်အိမ်ရာ၊တိုက် ၂၊ အမှတ် ၀၀၁နေ (ဦးစောယုံငေါ့-ဒေါ်အုံမော်)တို့၏သား၊ (ဒေါ်ရပ်ကျင်မှီ)၏ခင်ပွန်း၊ (ဦးစိန်ကြီး)၊ ဦးစိန်ဝှက်-ဒေါ်မြင့်မြင့်သန်း၊ ဦးစိန်တိတ်၊ ဒေါ်သင်းသင်းခိုင်၊ (ဦးစိန်ဟိန်း) ဒေါ်ချိုချို၊ ဦးစိန်သိုက်-ဒေါ်ကြည်ကြည်ခင်၊ ဒေါ်စောကွီအင်-ဦးစိုးသိန်း၊ ဒေါ်ကွီလွမ်-ဦးနိုင်ဝင်း၊ (ဦးစောစိန်ကြို)၊ ဒေါ်စောကွီကြူး-ဦးအောင်သန်း၊ ဦးစောစိန်ဂီ၊ ဦးစောစိန်စိုင်း - ဒေါ်ဝင်းဝင်းမော်တို့၏ ဖခင်၊မြေး ၁၉ယောက်၊မြစ်လေးယောက်တို့၏အဘိုးသည် ၃-၁၀-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၇း၃၀နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သောင်းကြည်

**(ချိုရောင်စုံစာတ်ပုံတိုက်)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် (၄၂၀/ခ)နေ (ဦးအုန်းရွှေ)၏ ချစ်လှစွာသောဇနီး၊ (ဦးထွန်းရွှေ)-ဒေါ်သောင်းရီတို့၏အစ်မ၊ (ဒေါ်ချိုချို၊ အမက-၈၊ တ/ဥ၊ ငြိမ်း)၊ ဒေါ်လဲ့လဲ့ဝင်း(အမက-၁၊ တ/ဥ)၊ ဦးမောင်သောင်း၊ ဦးသောင်းဆွေ (အထက-၅၊ တာမွေ)၊ ဒေါ်ဥမ္မာ (အထက-၁၊ တ/ဥ)၊ ဦးသန်းကျော်-ဒေါ်နီလာ(နေရည် ခေါင်းအုံး+မွေ့ရာ)၊ ဦးအောင်အောင်၊ ဒေါ်စိုးစိုးကြည်တို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာနေရည်ထူး၊ မောင်ရှိန်းမင်းဇော်တို့၏ အဘွားသည် ၂-၁၀-၂၀၁၇ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၈-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### သထုံမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်နွဲ့နွဲ့လှိုင်

**အခြေခံပညာဦးစီးဌာန(ငြိမ်း)**
**အသက်(၇၃)နှစ်**

သထုံမြို့၊ ဆေးရုံလမ်း၊ အမှတ် ၁၀၇နေ (ဦးချစ်လှိုင်-ဒေါ်အေးကြည်)တို့၏ သမီး၊(ဦးမောင်မောင်ပြုံး)၊(ဦးဖေသန်း)တို့၏ဇနီး၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ (၆)လမ်း-ဘီ၊ တိုက် ၂၇၊ အခန်း ၃၀၃နေ ဦးကောင်းမြတ်ဦး-ဒေါ်ငြိမ်းမို့မို့သူတို့၏မိခင်သည် ၃၀-၉-၂၀၁၇ရက် (စနေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၁၀-၂၀၁၇ရက် (တနင်္လာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

## ဦးတင်လှိုင် (ပန်းတနော်)

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**(ပ/၁၉၄၅)**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်ထဲရေးဝန်ကြီးဌာန**
**(တရားလွှတ်တော်ရှေ့နေ)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့နေ (ဦးဘဦး-ဒေါ်မယ်စံ)တို့၏သား၊ (ဦးစောမောင်-ဒေါ်အေးကြင်)တို့၏သားသမက်၊ (ဦးဘညိမ်း-ဒေါ်ကျင်ယုံ)၊ (ဦးအောင်သန်း-ဒေါ်ကျင်ယု)၊ ဦးသိန်းအောင်-(ဒေါ်အေးသန်း)တို့၏မောင်/ညီ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၄၈၊ 7 B နေ (ဒေါ်နု)၏ခင်ပွန်း၊ ဗိုလ်မှူးသိန်းဇော်(ငြိမ်း) MD (Mother Energy Co.,Ltd)-ဒေါ်စုစုလှိုင်၊ ဦးကျော်မိုးလှိုင်-ဒေါ်ချောမို့မို့လင်း၊ ဦးပေါ်ထွန်း(သတင်းတပ်ဖွဲ့)-ဒေါ်အိအိလှိုင်၊ ဒေါ်ညိုမီလှိုင်၊ ဦးကျော်စိုးလှိုင် (Factory Manager - Khin Mg Nyunt Trading Co.,Ltd)-ဒေါ်ခိုင်ပြည့်စုံ၊ ဒေါ်လှိုင်လှိုင်ထွေးတို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၃-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၅၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၁၇ရက် နံနက် ၇း၃၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်တင် (ပြင်ဦးလွင်)

**အသက်(၈၆)နှစ်**

ပြင်ဦးလွင်မြို့နေ (ဦးမင်္ဂလာ-ဒေါ်ရှင်)တို့၏သမီး၊ အရာခံဗိုလ်မောင်အုန်း၏ဇနီး၊ ဦးကျော်သန်း-ဒေါ်ကြည်ကြည်(မြို့မဈေးကြီး၊ ပြင်ဦးလွင်)တို့၏အစ်မ၊ ဒေါ်ခင်ပြုံးကြည်(USA)၊ အမရပူရမြို့နေ ဦးကျော်-ဒေါ်ချစ်ချစ်(ပလစ-၂၊ အထက၊ ငြိမ်း)၊ ဒေါ်နွဲ့နွဲ့အုန်း (CANADA)၊ (ဗိုလ်ကြီးထွန်းထွန်းအုန်း)၊ ဒေါ်ချိုချိုအုန်း(အထပြ၊ အထက၊ ပလစ-၂)၊ ဦးသန်းအောင်(စက်ခန်းအုပ်၊ ငြိမ်း)-ဒေါ်မွေးမွေးအုန်း (ကျောင်းအုပ်၊ အထက၊ ထနောင်းတိုင်၊ မြင်းခြံ)၊ (ရဲစိုးအုန်း)၊ မသဲသဲအုန်း (UK)၊ ဒုဗိုလ်မှူးကြီးစိုးတင်အုန်း-ဒေါ်စန္ဒာအေးတို့၏မိခင်၊ မောင်ဆန်းမင်းအောင်-မဆွေဇင်စုမွန်(UK)၊မထူးသဥ္ဇာတင်(CANADA)၊မနှင်းပန်းအိ(CANADA)၊ မောင်သော်ထက်လင်း(CANADA)၊ မဖြူဖွေးသန်း(တ-နှစ်၊ EC ကျောက်ဆည်)၊ Oliver Aung Sann ၊ Skyler Aung Sann တို့၏အဘွားသည် ၂-၁၀-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဘယသုဒ္ဓိလမ်း၊ လေးလွှာ(A)၊ အမှတ် ၉၅ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ဟိန်း အသက်(၈၅)နှစ်

**လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊ လဝက**

မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ မရမ်းရွာနေ (ဦးမောင်ကျန်-ဒေါ်သန်းမြင့်)တို့၏သား၊ (ဦးဘမင်-ဒေါ်ခင်ဖွား)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ (၃၆)ရပ်ကွက်၊ အမှတ် ၆၁၉နေ ဒေါ်ကြည်ကြည်ဇင်၏ချစ်လှစွာသောခင်ပွန်း၊ ရဲမှူးကျော်ဇင်(ငြိမ်း) (မန္တလေးစည်ပင်သာယာရဲတပ်ဖွဲ့မှူး)-ဒေါ်သက်သက်ဦး၊ ဦးဇော်လင်းမောင်၊ ဦးမင်းထင်အောင်(2/E Raffles Shipping)-ဒေါ်ဥမ္မာဝင်း၊ ဒေါ်ချိုချိုမင်း(လဝကဦးစီးမှူး၊ ရွှေဘိုခရိုင်ရုံး)၊ ဦးသက်ထွဋ်နောင်(JSM Shipping)-ဒေါ်မာလာမြင့်တို့၏ချစ်လှစွာသောဖခင်၊ ကိုအောင်သူဟိန်း(2nd Mate)၊ ဗိုလ်ကြီးသိန်းဇော်ဝင်း(ခလရ-၅၁၊ မြန်အောင်)-ဒေါ်ထိပ်ထားဦး(အထက်တန်းရှေ့နေ)၊ မောင်ရဲမြတ်မင်း(အမေ့အိမ် ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏အဘိုးသည် ၂-၁၀-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်စိန် အသက်(၈၀)

**မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)**

မြင်းခြံမြို့နေ(ဦးဘသောင်း-ဒေါ်အေးရင်)တို့၏သား၊(ဦးလှခိုင်-ဒေါ်ရွှေခြံ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ် ၄၅နေ ဒေါ်အေးခိုင်(ကုန်တိုက်၊ ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးရဲထွန်းဦး(ညွှန်ကြားရေးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)-ဒေါ်နှင်းနုနုနိုင်၊ ဗိုလ်မှူးချုပ်ရဲဝင်းဦး-ဒေါ်နီလာ၊ ဒေါ်သီသီခိုင်(Executive Secretary, Focus Star Co.,Ltd)၊ ဦးသော်ဝင်းထွန်း(ညွှန်ကြားရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)-ဒေါ်နန့်အေးမြထွန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ငြိမ်းအေးဇရပ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီတွင် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်စိန်

**မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)**
**အသက်(၈၀)**

မြင်းခြံမြို့နေ (ဦးဘသောင်း-ဒေါ်အေးရင်)တို့၏သား၊ (ဦးပေ)-ဒေါ်အုံမေ၊(ဦးအေးကျော်)-ဒေါ်လှချစ်၊ဦးတင်ထွန်းတို့၏အစ်ကို၊ တူ၊တူမ ခုနစ်ယောက်တို့၏ဘကြီးသည် ၃-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ မြို့နယ်လေးခုတွင် ကြိုးကြာခေါင်းနီငှက်သိုက် ၁၂၈ သိုက် တွေ့ရှိ

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ -WCS**

**နေပြည်တော်  အောက်တိုဘာ ၃**

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆောင်ရွက်လျက်ရှိသော ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ မြို့နယ်လေးခုတွင် ကြိုးကြာခေါင်းနီငှက်သိုက် စုစုပေါင်း ၁၂၈ သိုက်ကို သုတေသနပြု မှတ်တမ်းတင်ထားပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ ဒီလိုအသိုက်တွေ အများကြီးတွေ့တာက ဒေသခံတွေပါဝင် ပူးပေါင်းလာလို့ တွေ့တာပါ။ ဒေသခံတွေက ဒီလိုပူးပေါင်းဆောင်ရွက်မှု မရှိဘူးဆိုရင် ဒီလောက်လည်း အောင်မြင်မှာ မဟုတ်ပါဘူး။ အောင်မြင်မှုက မနှစ်ကတွေ့တဲ့ အသိုက်နဲ့ ဒီနှစ်တွေ့တဲ့ အသိုက်စာရင်းက အများကြီးကွာတယ်လေ။ ရာနှုန်းပြည့် အောင်မြင်တယ်လို့ ပြောလို့ ရပါတယ်"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ ငှက်ပညာရှင် ဦးသက်ဇော်နိုင်က ပြောသည်။

သစ်တောဦးစီးဌာန၊ မအူပင်တက္ကသိုလ်နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တို့ပူးပေါင်း၍ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးရွာ ၃၆ ရွာတွင် အသိုက် ၉၂ သိုက်၊ မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၁ ရွာတွင် အသိုက် ၂၃ သိုက်၊ အိမ်မဲမြို့နယ်က

*စာမျက်နှာ ၄ ကော်လံ ၆* ✣





ရန်ကုန်ဘူတာကြီး၌ သီတင်းကျွတ်ကာလ အနယ်နယ်အရပ်ရပ် ခရီးသွားမည့်သူများကို တွေ့ရစဉ်

# သီတင်းကျွတ်ကာလရုံးပိတ်ရက်များတွင် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးမည်

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**

**ရန်ကုန်  အောက်တိုဘာ ၃**

ယခုသီတင်းကျွတ်ကာလ ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်များအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန် မြန်မာ့မီးရထားမှ ပုံမှန်ပြေးဆွဲပေးလျက်ရှိသော ရထားများအပြင် အထူးရထားများကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်းအမှတ်(၇) သွား/လာပို့ဆောင်ရေးဌာနခွဲမှ သိရသည်။

"သီတင်းကျွတ်ကာလမှာ ရုံးပိတ်ရက်ကာလလည်း ငါးရက်ဆက်နေတယ်ဆိုတော့ ရန်ကုန်ကနေပြီး နေရပ်အသီးသီးပြန်မယ့် ခရီးသည်တွေများတယ်။ နေပြည်တော်မှာလည်း အလားတူပဲ။ အစိုးရဝန်ထမ်းတွေရော၊ ကုမ္ပဏီဝန်ထမ်းတွေအပါအဝင် အားလုံးမိဘရပ်ထံ ပြန်ကန်တော့သူ၊ လည်ပတ်တဲ့သူတွေရယ် များကြပါတယ်။ ဒါကြောင့် ပုံမှန်ပြေးဆွဲပေးနေတဲ့ ရထားတွေအနေနဲ့ လုံလောက်မှုမရှိတာတွေ့ရလို့ မြန်မာ့မီးရထားအနေနဲ့ ဒီသီတင်းကျွတ်ကာလ ရုံးပိတ်ရက်အတွင်းမှာ ဝန်ထမ်းတွေအပါအဝင် အားလုံးအဆင်ပြေစေဖို့ အထူးရထားလေးစင်း ထပ်မံတိုးချဲ့ပြေးဆွဲသွားမှာပါ။ အထူးရထားတိုးချဲ့ပြေးဆွဲပေးတယ် ဆိုပေမယ့်လည်း ဈေးနှုန်းတွေကတော့ မူလပြေးဆွဲပေးနေတဲ့ ပုံမှန်ရထားဈေးနှုန်းတွေအတိုင်း ပြောင်းလဲတိုးကောက်ခံဖို့ မရှိပါဘူး"ဟု မြန်မာ့မီးရထား တိုင်းအမှတ် (၇)သွား/လာ ပို့ဆောင်ရေးဌာနခွဲမှ တိုင်းမန်နေဂျာ ဦးဇော်လွင်က ပြောသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻



အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်း

# မြန်မာ ယူ-၁၉ အသင်း အာရှ ယူ-၁၉ ခြေစစ်ပွဲမတိုင်မီ ဂျပန်နိုင်ငံသို့ သွားရောက်လေ့ကျင့်မည်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်**

**ရန်ကုန်  အောက်တိုဘာ ၃**

မြန်မာ ယူ-၁၉ အသင်းသည် ယခုလကုန်ပိုင်းတွင် ယှဉ်ပြိုင်ကစားရမည့် ၂၀၁၈ အာရှ ယူ-၁၉ ခြေစစ်ပွဲမတိုင်မီ ဂျပန်နိုင်ငံသို့ သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် အာဆီယံ ယူ-၁၈ ပြိုင်ပွဲအပြီးတွင် နည်းပြအပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး နည်းပြချုပ်သစ် ဦးချစ်နိုင်လက်ထက်တွင် ခြေစစ်ပွဲအောင်မြင်ရေး လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အသင်းသည် အောက်တိုဘာ ၁၀ ရက်မှ ၂၁ ရက်အထိ ဂျပန်နိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် မူလက ယခုလအတွင်း ပြင်သစ်နိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားသော်လည်း နည်းပြချုပ်နေရာ အပြောင်းအလဲကြောင့် သွားရောက်လေ့ကျင့်မည့် နိုင်ငံပါ ပြောင်းလဲခဲ့ရခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် အာရှ ခြေစစ်ပွဲအတွက် စက်တင်ဘာ ၂၀ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး လက်ရှိတွင် ပဏာမကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ဂျပန်ခရီးစဉ်တွင် ခြေစမ်းပွဲများအဖြစ် အောက်တိုဘာ ၁၅ ရက်တွင် ဟန်နန်းတက္ကသိုလ်အသင်း၊ အောက်တိုဘာ ၁၈ ရက်တွင် ဂျေလိဂ်ကလပ် ဂမ်ဘာအိုဆာကာအသင်း၊ အောက်တိုဘာ ၂၀ ရက်တွင် ဟန်နန်းတက္ကသိုလ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်အပြီးတွင် ခြေစစ်ပွဲကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်ပြီး အပြီးသတ် ၂၃ ဦးကိုလည်း ကမ္ဘောဒီးယားသို့ မသွားရောက်မီ ရွေးချယ်မည်ဖြစ်သည်။ မြန်မာအသင်း ပါဝင်နေသည့် အာရှ ယူ-၁၉ ခြေစစ်ပွဲအုပ်စု(G) ပွဲစဉ်များကို

*စာမျက်နှာ ၂ ကော်လံ ၃* ❖



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်
၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့



# မြို့တော်သူ မြို့တော်သားတို့ စိတ်အပန်းဖြေရာ အစိမ်းရောင်ဇုန်များ

တင်ဝင်းလေး (ကြည့်မြင်တိုင်)

**ရန်ကုန်မြို့မှ ပြည်သူအများစု၏ လူနေမှုပုံစံသည် လူဦးရေထူထပ်မှုကြောင့် တစ်ဦးချင်းစီ၏ နေထိုင်မှုအဝန်းအဝိုင်းမှာ ပိုမိုကျဉ်းမြောင်းလာသည်ဟု မြို့ပြဆိုင်ရာနေထိုင်မှုလေ့လာချက် သုတေသနစာတမ်းတစ်စောင်အရ သိရသည်။**

စီးပွားရေးမြို့တော်ဖြစ်ခြင်းနှင့်အညီ အခြားသောပြည်နယ်၊ တိုင်းဒေသကြီးများထက် အလုပ်အကိုင်အခွင့်အလမ်းများပို၍ များပြားစွာရှိနေသည်။ ထို့ကြောင့် အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းလုပ်သားများ၏ အခြေချလာရောက်နေထိုင်မှုများလည်း တစ်နှစ်ထက်တစ်နှစ်ပိုမိုမြင့်မားလာလျက်ရှိနေသည်။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အဆိုအရ ရန်ကုန်မြို့တွင် ယနေ့လူဦးရေ ခုနစ်သန်းခန့် စုဝေးနေထိုင်လျက်ရှိနေသည်ဟု သိရသည်။

လွန်ခဲ့သောဆယ်စုနှစ်၊ နှစ်စုကာလ ဦးကပင် ရန်ကုန်မြို့ပြ၏ အိမ်ခြေတည်ဆောက်မှုသည် ပြောင်းလဲလာခဲ့သည်။ စီးပွားရေးအရ သော်လည်းကောင်း၊ မိသားစု အခြားအကြောင်းကြောင့် သော်လည်းကောင်း ကန်ထရိုက်စနစ်ဖြင့် တိုက်တာတည်ဆောက်မှုများ ခေတ်စားလာခဲ့သည်။ မူလက အိမ်ထောင်စုတစ်စု၏ မြေကွက်တစ်ခုတွင် အခန်းပေး၊ အခန်းယူစနစ်ဖြင့် ယခုအခါ ရှစ်လွှာ ၁၆ ခန်း၊ အိမ်ထောင်စု ၁၆ စုအဖြစ်ရှိလာခဲ့ပြီး လူဦးရေသိပ်သည်းမှုများ အဆပိုလာခဲ့သည်။

လွန်ခဲ့သော ၁၀ နှစ်ခန့်က ရန်ကုန်မြို့သို့ ဆေးကုသခံရန် လာရောက်ခဲ့သောနယ်မှဘကြီးတစ်ဦးက “မင်းတို့ရန်ကုန်ကလည်း ကွာနေရတာ အသက်ရှုကျပ်လိုက်တာ၊ တိုက်ခန်းလေးတွေကလည်း စာကလေးအိမ်လေးတွေကျနေတာပဲ” ဟု ဆိုခဲ့ဖူးသည်။

မြေကွက်လပ်များ ရှားပါးလာမှုကြောင့် ကလေးငယ်များ လွတ်လပ်ပျော်ရွှင်စွာကစားရန် အခွင့်အရေးများလည်း ဆုံးရှုံးလာခဲ့သည့်အပြင် မြို့ပြ၏လမ်းများက အိမ်နယ်နိမိတ်နှင့် ထိစပ်နေသည်။ အိမ်ပေါ်မှ ဆင်းလိုက်သည်နှင့် ကားသွားရာလမ်းဖြစ်နေသည်။ ကလေးငယ်များအဖို့ ရပ်ကွက်အတွင်းပင်နေလင့်ကစား ယာဉ်အန္တရာယ်က အနီးကပ်ရှိနေသည်။ မိမိအိမ်ရှေ့တွင်ပင် ထွက်ကစားခွင့်လုံးဝမရှိတော့ပေ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ လမ်းညွှန်မှုဖြင့်ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက မြို့နယ်အသီးသီးတွင် ပန်းခြံများ တည်ဆောက်ပေးခြင်း၊ အားကစားကွင်းများ တည်ဆောက်ပေးခြင်းဖြင့် အများပြည်သူတို့၏ စိတ်မွန်းကျပ်မှုများကို ဖြေလျှော့ပေးခဲ့သည်။ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ရှိသူတစ်ဦးက “အခုရန်ကုန်မှာ ပြည်သူအများ စိတ်လက်အပန်းပြေစေဖို့အတွက် ပန်းခြံပေါင်း ၆၁ ခြံရှိပါတယ်။ အဲဒီထဲမှာအဆင့်မြင့်ပြုပြင်ပြီး ပန်းခြံပေါင်းက ၂၂ခြံပါ၊ ပြန်လည်မွမ်းမံပြီးပန်းခြံက ၂၅ ခြံပါ၊ ပုံမှန်ပြင်ဆင်မှုရှိနေတဲ့ ပန်းခြံကတော့ ၁၄ခြံရှိပါတယ်” ဟုဆိုသည်။

အဆင့်မြှင့်ပြီးပန်းခြံများအနေဖြင့် ဒဂုံမြို့နယ်အတွင်းရှိ ပြည်သူ့ဥယျာဉ်နှင့် ဦးဥတ္တမပန်းခြံ၊ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံ၊ လှိုင်မြို့နယ် (ပြည်လမ်းဘက်)ရှိ

အချပ်ပို(ဂ)သို့



မဟာဗန္ဓုလပန်းခြံအတွင်း စိမ်းလန်းသည့် အရိပ်အာဝါသများအောက်တွင် ပြည်သူများ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေနေကြစဉ်

ရန်ကုန်မြို့ရဲ့ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် အချပ်ပို (ခ)
ရန်ကုန်မြို့၏ နောက်ထပ် အချက်အချာတစ်ခုအဖြစ် စည်ကားလာနေသည့် လှည်းတန်း အချပ်ပို (ဂ)
ရုံးပိတ်ရက်တွင် ခရီးသွားမည့်သူများ ရန်ကုန်ရုံးပတ်စ်ပို့ ပြုလုပ်သူများပြား အချပ်ပို (ဃ)

# ရန်ကုန်မြို့ရဲ့ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်



သတင်း-ဝေယံဦး
ဓာတ်ပုံ-ကောဇင်၊ တင်စိုး(မြန်မာ့အလင်း)



ကားများ၊ လူများ၊ အိုးအိမ်တိုက်တာများဖြင့် ပြည့်ကျပ်ဖွံ့ဖြိုးလာသော ယနေ့ ရန်ကုန်မြို့ပြမြင်ကွင်းက သက်ဝင်ရောင်စုံပန်းချီကားတစ်ချပ်လို နေ့စဉ်နှင့်အမျှ မြင်ကွင်းများက ပြောင်းလဲမှုများစွာ၊ ဆန်းသစ်မှုများစွာ၊ နိုင်ငံတစ်ဝန်းလူငယ်များ အနာဂတ်အတွက် ပြောင်းလဲပုံဖော်ပေးနိုင်သည့်နေရာ၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများ အခြေစိုက်ရာ မြို့တော်ရန်ကုန်က အတိတ်သမိုင်းထဲက ရန်ကုန်နှင့် တခြားစီ။ ယနေ့ရန်ကုန်မြို့ပြ သည်ပင် အနာဂတ်ရန်ကုန်မြင်ကွင်းနှင့် နှိုင်းယှဉ်လျှင် အံ့သြဖွယ်ပြောင်းလဲမှုများအဖြစ် မြင်တွေ့ကြရဦးမှာ အမှန်ပင်။

**အတိတ်**

အနော်ရထာဘုရင်၏ ပုဂံနှင့် ခေတ်ပြိုင်ဖြစ်ခဲ့သော ဒဂုံသည် ထိုစဉ်က တံငါရွာကလေးတစ်ရွာမျှသာ ဖြစ်သည်ဟု ဆိုထားသည်။ ပင်းယခေတ်၊ အင်းဝခေတ်တွင် ဒဂုံသည် အတန်မျှ လူသိများခဲ့သော်လည်း ကုန်းဘောင်ခေတ်ဦးအထိ သာမန်မျှ ရှိနေခဲ့သည်။ ခရစ်နှစ် ၁၇၅၅ ခုနှစ်တွင် အလောင်းဘုရားက ဒဂုံတွင် သစ်တပ်မြို့တစ်မြို့တည်ကာ “ ရန်ကုန်” ဟု သမုတ်ခဲ့သည်။ ထိုစဉ်က ရန်ကုန်သည် စုစုပေါင်းဧရိယာအကျယ်အဝန်း နှစ်မိုင် ကျော်သာရှိခဲ့ပြီး မြောက်ဘက်တွင် ဆူးလေစေတီ၊ တောင်ဘက်တွင် ရန်ကုန်မြစ်၊ အရှေ့ဘက်တွင် ယခုသိမ်ဖြူလမ်း နေရာနှင့် အနောက်ဘက်တွင် ယခုလမ်း ၃၀ နေရာလောက် အထိသာရှိကြောင်း သိရသည်။

ထိုစဉ်က မြို့အတွင်း၌ အဓိကလမ်းသုံးလမ်းရှိခဲ့ပြီး အရှေ့မှ အနောက်သို့ တန်းနေခဲ့ရာ တစ်လမ်းမှာ နိုင်ငံခြားသားများနေထိုင်ရာ ယခုကုန်သည်လမ်းဖြစ်သည်။ နောက်တစ်လမ်းမှာ ဟံသာဝတီမြို့ဝန်အိမ်နှင့် ရုံးတည်ရှိရာ ပဲခူးလမ်း (ယခုကုန်သည်လမ်းတောင်ဘက်နား) ဖြစ်ပြီး နောက်တစ်လမ်းမှာ မဂ်လာဈေးလမ်း (ယခု ကုန်သည်လမ်းမြောက်ဘက် နား) တို့ဖြစ်သည်။ ထို့အပြင် တောင်နှင့်မြောက် ဖောက်လုပ်ထားသော လမ်းနှစ်လမ်းရှိသေးရာ ဘားလမ်း(ယခု ဗန္ဓုလ ပန်းခြံလမ်း)နှင့် ဆိပ်ကမ်းသာလမ်း နေရာအနီးတွင်ဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

ထိုစဉ်က ဆူးလေစေတီ၏တောင်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်တွင် အင်းများဝိုင်းနေပြီး ရွှေတိဂုံစေတီတော်မှာလည်း မြို့ပြင်တောကြီးထဲ ရောက်ရှိနေသလို၊ ကြည့်မြင်တိုင်နှင့် ပုဇွန်တောင်တို့မှာလည်း ရန်ကုန်သစ်တပ်အပြင်ဘက်တွင်ရှိနေပြီး ရွာကြီးများဖြစ်နေခဲ့သည်ဟု မှတ်တမ်းများတွင် ဖော်ပြထားသည်။ ရန်ကုန်မြို့ပတ်လည်တွင် အုတ်မြို့ရိုးမရှိဘဲ သစ်တပ်မြို့ရိုးသာရှိခဲ့ကြောင်း၊ တံခါးရှစ်ပေါက်ရှိပြီး မြစ်ကမ်းနှင့် နီးသည်ဟုလည်း သိရသည်။ ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲတွင် ရန်ကုန်မြို့သည် စစ်မြေပြင်ဖြစ်ခဲ့ပြီး ဒုတိယအင်္ဂလိပ်-မြန်မာ စစ်ပွဲတွင် အမြောက်ဆန်များ ထိမှန်ပျက်စီးခဲ့ကာ တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် ရန်ကုန်မြို့သည် ဒုတိယဘုရင်ခံရုံးစိုက်ရာ မြို့တော်ဖြစ်ခဲ့သည်။ ခရစ်နှစ် ၁၈၅၃ ခုနှစ်တွင် ရန်ကုန်မြို့ကို လူဦးရေ ၃၆၀၀၀ အခြေ တည်နေထိုင်နိုင်မည့် မြို့သစ်ပုံစံ ရေးဆွဲကာ တည်ဆောက်ခဲ့သည်။

**ပစ္စုပ္ပန်**

တစ်နေ့တခြား လူဦးရေတိုးပွားပြီး အခြေချနေထိုင်မှုများလာသော ရန်ကုန်မြို့အနေအထားသည် မြို့ပြ တိုးချဲ့ရတော့မည့် အခြေအနေ ကြောင့် ၁၉၅၀ ပြည့်နှစ်တွင် သာကေတမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်များကို တိုးချဲ့ခဲ့သည်။ ဆက်လက်ပြီး ၁၉၈၀ ပြည့်နှစ်တွင် လှိုင်သာယာ၊ ရွှေပြည်သာနှင့် တောင်ဒဂုံမြို့နယ်တို့ကို တိုးချဲ့သလို မြောက်ဒဂုံမြို့နယ်ကိုလည်း တိုးချဲ့ခဲ့ရာ ယခုအခါ ရန်ကုန်စည်ပင်သာယာရေး နယ်နိမိတ်တွင် မြို့နယ်ပေါင်း ၃၃ မြို့နယ်အထိ ဖြစ်လာခဲ့ပြီဖြစ်သည်။

အရှိန်အဟုန်ပြင်းပြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာသော ရန်ကုန်မြို့သည် လက်ရှိမြို့ပြ အနေအထားအရ တိုးချဲ့ရတော့မည်ဖြစ်သည်။ ရန်ကုန်မြို့ကို တိုးချဲ့ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်၊ တွံ့တေး၊ သန်လျင်နှင့် ခရမ်းသုံးခွ မြို့နယ်များကို အဆိုပြုထားကြောင်း သိရသည်။

ယနေ့ ရန်ကုန်မြို့ဧရိယာသည် မြို့ပြဧရိယာ ၅၉၈ ဒသမ ၁၅ စတုရန်းကီလိုမီတာအထိ ကျယ်ဝန်းလာပြီး လူနေထိုင်မှု ခုနစ်သန်းကျော် ရှိလာပြီဖြစ်သည်။ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်နှင့်၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ဟိုတယ်၊ တည်းခိုရိပ်သာများ၊ စူပါမားကတ်ကြီးများ၊ အဆင့်မြင့် မိုးပျံအဆောက်အအုံများ၊ ဆိပ်ကမ်းကောင်းများ၊ ခေတ်မီဈေးများ စသည်တို့ဖြင့် တစ်ရှိန်ထိုးတိုးတက်လာခဲ့ပြီဖြစ်သည်။ ခရီးသွားလာရေးတွင်လည်း နိုင်ငံတကာလေကြောင်း ခရီးစဉ်များ၊ ကုန်းလမ်း၊ ရေလမ်းခရီးစဉ်များဖြင့် အဆင့်မီစွာ ကူးလူးဆက်ဆံသွားလာနိုင်ကြပြီဖြစ်သည်။ တစ်ဖန်ဘဏ်လုပ်ငန်းများလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာခဲ့ပြီဖြစ်ရာ ပြည်သူများငွေကြေးသုံးစွဲမှုနှင့် ငွေကြေးစီးဆင်းမှုများ ခေတ်မီစွာဖြင့် အချိန်တိုတိုအတွင်း လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်နေပြီဖြစ်သည်။

နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ အဓိကဦးတည်လာရောက်ရာ မြို့တော်အဖြစ်လည်း ရပ်တည်နိုင်နေရာ မြန်မာနိုင်ငံတွင် ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်အဖြစ် ပီပီပြင်ပြင် ရုပ်လုံးပေါ်လျက်ရှိသည်။ အရှိန်အဟုန်ပြင်းပြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာသော ရန်ကုန်မြို့သည် လက်ရှိမြို့ပြအနေအထားအရ တိုးချဲ့ရတော့မည်ဖြစ်သည်။ ရန်ကုန်မြို့ကို တိုးချဲ့ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်၊ တွံ့တေး၊ သန်လျင်နှင့် ခရမ်းသုံးခွမြို့နယ်များကို အဆိုပြုထားကြောင်း သိရသည်။ ရန်ကုန် မြို့ကို တိုးချဲ့ရာတွင် မြို့ကို အလျားလိုက်တိုးချဲ့ရန် JICA က အဆိုပြုထားသည်ဟုလည်း သိရသည်။

ရန်ကုန်မြို့၌ လက်ရှိလူဦးရေ ခုနစ်သန်းကျော်နေပြီဖြစ်ရာ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၁၀ သန်းအထိရှိလာတော့မည်ဖြစ်ပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ ရန်ကုန်မြို့ သည် Mega City ဖြစ်လာတော့မည်ဖြစ်သည်။ ထိုသို့ လူဦးရေ တိုးပွားလာမည့် ရန်ကုန်မြို့အနာဂတ်အတွက် အရန်မြို့သစ်များ ဖော်ဆောင်နိုင်ရန် စီမံကိန်းများလည်း ရှိနေသည်။ ရန်ကုန်မြို့အနာဂတ်အတွက် အရန်မြို့သစ်များအဖြစ် လျာထားရာတွင် ထောက်ကြန့်၊ ရွှေလင်ပန်းမြို့၊ အရှေ့ဒဂုံမြို့၊ ပန်းလှိုင်မြို့၊ တောင်ပိုင်း ဒဂုံမြို့(သန်လျင်မြို့နယ်အတွင်း)၊ သီလဝါ ဒဂုံမြို့တို့ဖြစ်ကြောင်း သိရသည်။ အနာဂတ်ရန်ကုန်မြို့က ဧရိယာကြီးမား ကျယ်ပြန့်လာတော့မည်ဖြစ်ပြီး ပန်းခြံများ၊ ကစားကွင်းများ၊ အိုးအိမ်တိုက်တာများ၊ ရေစီးရေလာစနစ်များ စနစ်တကျဖြစ်ပေါ်ရန်ဖြစ်သည်။ ဖြတ်သန်းခဲ့ဖူးသော အတွေ့အကြုံများနှင့်နည်းစနစ်များကို ရယူသုံးစွဲ၍ အမှားအယွင်းနည်းအောင်၊ အားနည်းချက်နည်းအောင် ဆောင်ရွက်မည့်အနာဂတ် ရန်ကုန်မြို့တော်ကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးအသွင် ရောက်ရှိနိုင်မည်ဟု တွေးရင်း .... ။ ။

# ရန်ကုန်မြို့၏ နောက်ထပ် အချက်အချာတစ်ခုအဖြစ် စည်ကားလာနေသည့် လှည်းတန်း



ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံနှင့် ခုံးကျော်တံတား

ဆောင်းပါး - ထင်ပေါ်ဝင်း(ကမာရွတ်)

ဓာတ်ပုံ - ထိန်လင်း

ပုဂ္ဂလိက သူနာပြုသင်တန်းကျောင်းများ၊ ကွန်ပျူတာသင်တန်းများ၊ စာရင်းကိုင်သင်တန်းများ၊ အင်္ဂလိပ်စာနှင့် စကားပြောသင်တန်းများ၊ ရာထူးဝင်ခွင့်သင်တန်းများ၊ အဝေးသင်တက္ကသိုလ် သင်တန်းများက လှည်းတန်းလမ်းဆုံကို ပို၍စည်ကားစေသည်။ အင်းစိန်လမ်းမရှိ အမျိုးအစားစုံလှသော ဖုန်းအရောင်းဆိုင်များက ရန်ကုန်မြို့ရှိ ဖုန်းစိတ်ဝင်စားသူတို့အတွက် လေ့လာစရာနေရာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ကမာရွတ်မြို့နယ်၏ အရှေ့မြောက်အရပ်တွင်ရှိသော နာမည်ကျော် အင်းလျားကန်ကလည်း ရန်ကုန်သူ၊ ရန်ကုန်သားတို့သာမက အနယ်နယ်အရပ်ရပ်မှ လာရောက်သူများကပါ စိတ်ဝင်စားကြသည်။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနောက်ဘက်ရှိ အင်းလျားကန်အကြော်ဆိုင်များ၊ စားသောက်ဆိုင်များတွင် စားသောက်သူမပြတ်ရှိနေတတ်သည်။ တစ်ချိန်က ရခိုင်မုန့်တီမှာ အင်းလျားတွင် နာမည်ကြီးခဲ့သော်လည်း ယခုအခါ ရှမ်းခေါက်ဆွဲဆိုင်များက အများစုဖြစ်လာသည်။ မြို့ပြ၏ တိုက်တာအဆောက်အအုံကြားတွင် နေထိုင်နေကြရသူတို့က မြက်ခင်းစိမ်းစိမ်း လေတဖြူးဖြူးအရသာကို အင်းလျားပေါင်တွင် လာရောက်ထိတွေ့ကြသည်။

မြန်မာနိုင်ငံအတွက် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ စတည်ရာ ဌာနဖြစ်သော မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာနက ကမာရွတ်မြို့နယ်၏ တောင်ဘက်တွင် နေရာယူထားသကဲ့သို့ Junction Square ခေါ် ဈေးဝယ်စင်တာကြီးကလည်း ယင်းနှင့်ကပ်လျက်တည်ရှိနေပြန်သည်။

မြို့နယ်အတွင်းနေထိုင်သော လူဦးရေများပြားလာခြင်း၊ လူနေထိုင်မှုများပြားသော မြို့နယ်ကြီးများနှင့် ထိစပ်နေခြင်း၊ အပန်းဖြေအနားယူရာရေကန်စပ်များ၊ ပန်းခြံများ၊ ရုပ်ရှင်ရုံများရှိခြင်း၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် ကားလမ်းဆုံရာအရပ်ဖြစ်ခြင်း၊ လူငယ်လူရွယ်တို့အတွက် စိတ်ဝင်စားစရာနေရာများရှိခြင်း၊ အစားအစာမျိုးစုံရရှိနိုင်ခြင်းတို့ကြောင့် ကမာရွတ် မြို့နယ် လှည်းတန်းလမ်းဆုံနေရာသည် ရန်ကုန်မြို့၏ နောက်ထပ်အချက်အချာတစ်ခုသဖွယ် စည်ကားလာနေပြီဖြစ်ပါကြောင်း . . .။

ဆူးလေစေတီတော်၊ ရန်ကုန်မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံများတည်ရှိရာ အရပ်ကို ရန်ကုန်သူ ရန်ကုန်သားတို့က ရန်ကုန်မြို့လယ်ဟု သတ်မှတ်ကြသည်။ ယခင်က ဆူးလေစေတီတော်တည်ရှိရာ အရပ်ကိုဦးတိုက်ပြေးဆွဲခဲ့သည့် ခရီးသည်တင်ဘတ်စ်ကားအများစုက ရန်ကုန်မြို့လယ်ကို ဂိတ်ရင်းဂိတ်ဖျားအဖြစ် သတ်မှတ်ခဲ့ကြသည်။ အစိုးရရုံးဌာနအများစုသည်လည်း ရန်ကုန်မြို့လယ်နှင့် အနီးတစ်ဝိုက်တွင် ရုံးစိုက်ခဲ့ကြသည့်အတွက် လူအစည်ကားဆုံးအရပ်ဖြစ်ခဲ့သည်။ ရုပ်ရှင်ရုံကြီးများ၊ နာမည်ကျော်ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် ရန်ကုန်ဘူတာကြီး၊ ရန်ကုန်ဆေးရုံကြီးနှင့် သင်္ဘောဆိပ်များသည် ရန်ကုန်မြို့လယ်နှင့် မနီးမဝေးတွင်ရှိကြပြီး မြို့လယ်ခေါင်ကို လူစည်ကားစေသော အကြောင်းအရင်းတစ်ရပ်လည်း ဖြစ်ပေသည်။

ထိုနည်းတူစွာပင် ရန်ကုန်တိုင်းဒေသကြီး၏ မြို့နယ်တစ်ခုဖြစ်သော ကမာရွတ်မြို့နယ်အတွင်းရှိ လှည်းတန်းလမ်းဆုံသည်လည်း မြို့တော်ရန်ကုန်၏ နောက်ထပ်အချက်အချာတစ်ခုသဖွယ် စည်ကားလာနေသည့် နေရာဖြစ်လာသည်။ အရှေ့-အနောက် သွယ်တန်းဖောက်လုပ်ထားသော တက္ကသိုလ်ရိပ်သာလမ်း၊ လှည်းတန်းလမ်းနှင့် တောင်-မြောက် ဖောက်လုပ်ထားသော အင်းစိန်လမ်း၊ ပြည်လမ်းတို့က လှည်းတန်းမီးပွိုင့်တွင် လာရောက်ပေါင်းစုံကြခြင်းဖြင့် လှည်းတန်းလမ်းဆုံ နေရာသည် ယခင်ကတည်းက လူသွားလူလာထူထပ်ခဲ့သည်။ ခေတ်အဆက်ဆက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ကျင်လည်လည်ပတ်စရာဖြစ်ခဲ့သော လှည်းတန်းလမ်းဆုံသည် ယနေ့အခါတွင် လူဦးရေများပြားလာသည့်အလျောက် ပို၍ပင်စည်ကားလာခဲ့သည်။

ရန်ကုန်တက္ကသိုလ်(ပင်မ)၏ အဓိပတိလမ်းဝင်ပေါက်ကြီးက တက္ကသိုလ်ရိပ်သာလမ်းပေါ် မေးတင်ထားသကဲ့သို့ တက္ကသိုလ်များဓမ္မာရုံကြီးကလည်း လှည်းတန်းမီးပွိုင့်၏ အရှေ့တောင်အရပ် သစ်တောအုပ်ထဲတွင် ငြိမ်သက်စွာရှိနေသည်။

လှည်းတန်းလမ်းဆုံဟု ဆိုလိုက်သည်နှင့် အင်းစိန်လမ်းမနှင့် လှည်းတန်းလမ်းမတို့တစ်လျှောက်ရှိ စတိုးဆိုင်များ၊ လမ်းဘေးဆိုင်ငယ်များအပြင် လှည်းတန်းဈေး၊ ဦးထွန်းလင်းခြံလမ်း၊ ဇေယျာသီရိလမ်းတို့က လှည်းတန်းလမ်းဆုံဧရိယာအတွင်း ပါဝင်လာမည်ဖြစ်သည်။ ယခုအခါ လှည်းတန်းလမ်းနှင့် ပြည်လမ်းမဆုံရာမီးပွိုင့်ထောင့်တွင် ဈေးဝယ်စင်တာကြီးတစ်ခု ပေါ်ပေါက်လာသခဲ့သလို လှည်းတန်းဈေးနှင့် မျက်နှာချင်းဆိုင်တွင် စူပါမားကတ်ကြီးတစ်ခုက ရှိနေခဲ့ပြီဖြစ်သည်။

တစ်ချိန်က ရန်ကုန်တက္ကသိုလ်ကျောင်းသူလေးများ၏ အဝတ်အစားအသစ်အဆန်းများကို တာဝန်ယူပေးခဲ့သည့် နာမည်ကျော် လှည်းတန်းဈေးကလည်း ယနေ့ထက်တိုင် တိုးမပေါက်အောင် စည်ကားနေသည်။ အသစ်ပေါ်ပေါက်ခဲ့ကြသော လှည်းတန်းစင်တာ၊ စိန်ဂေဟာကဲ့သို့ ကုန်တိုက်ကြီးများကြောင့်လည်း လှည်းတန်းလမ်းဆုံသည် တိုးမပေါက်အောင် ရောင်းသူဝယ်သူများဖြင့် စည်ကားလာခဲ့သည်။ ရန်ကုန်အင်းစိန်လမ်းမကြီး၏ စံရိပ်ငြိမ်မှတ်တိုင်အနီးတွင် ဂမုန်းပွင့်ကုန်တိုက်ကြီး ဖွင့်လှစ်ပြီးသည့်နောက်ပိုင်းလမ်းမကြီးများပေါ်တွင် လူသွားလူလာကအမြဲမပြတ်ရှိနေတတ်တော့သည်။

လူဦးရေရှစ်သောင်းကျော် နေထိုင်ပြီး အကျယ်အဝန်း ၂ ဒသမ ၁၃ စတုရန်းမိုင်သာရှိသော ကမာရွတ်မြို့နယ်ထဲတွင် ပညာရေးနှင့်ပတ်သက်သော ရန်ကုန်တက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ် (၁)၊ အဝေးသင်တက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ် စသောတက္ကသိုလ်ကြီး ခြောက်ခုကနေရာယူထားသည်။ မြို့နယ်၏ အနောက်ဘက်တွင် လှိုင်မြစ်စီးဆင်းနေသကဲ့သို့ မြစ်၏ အစပ်တွင်လည်း မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက နှစ်ကာလရှည်ကြာစွာ ရပ်တည်နေခဲ့သည်။ လှိုင်မြို့နယ်၊ ဗဟန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်တို့နှင့် ထိစပ်လျက်ရှိသော ကမာရွတ်မြို့နယ် အတွင်းပုဂ္ဂလိကဘဏ်ခွဲပေါင်းက ၂၆ ခုထိရှိနေသည်။

လက်လုပ်လက်စားအခြေခံလူတန်းစားနေထိုင်မှုနည်းပါးပြီးရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ စီးပွားရေးသမားများ၊ ပညာရှင်လူတန်းစားများ အများဆုံးနေထိုင်ကြသည်။ ခေတ်အဆက်ဆက်က ရပ်တည်နေခဲ့သော ရန်ကုန်တက္ကသိုလ်အပေါ် အမှီပြု၍ လှည်းတန်းသားတို့က အဆောင်လုပ်ငန်းလုပ်ကိုင်ခဲ့ကြသည်။ ပြောင်းလဲလာသောယနေ့ခေတ်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်နေထိုင်သူတို့ရှိသည့်အတွက် အဆောင်လုပ်ငန်းက ပျောက်ပျက်မသွားသလို ပို၍ပင်တိုးလာခဲ့သည်။ လူပျို၊ အပျိုအဆောင်များသာမက မိသားစုနေထိုင်ရာအခန်းငယ်များ၊ ရုံးခန်းများ၊ အိမ်ခန်းများ၊ တိုက်ခန်းငှားရမ်းမှုများပါ လုပ်ဆောင်မှုထဲတွင်ပါဝင်သည့် စီးပွားရေးဈေးကွက်တစ်ခုက လှည်းတန်းလမ်းဆုံတွင် အလုပ်ဖြစ်လျက်ရှိသည်။




## အချပ်ပို(က)မှ

အင်းလျားကန်ပေါင်ပန်းခြံ၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေးဘုရားလမ်းဘက်)ရှိ အင်းလျားကန်ပေါင်ပန်းခြံ၊ အလုံမြို့နယ်အတွင်းရှိ သခင်မြပန်းခြံ၊ သဃ်န်းကျွန်းမြို့နယ်အတွင်း၌ ပြည်ထောင်စုပန်းခြံနှင့် သုဝဏ္ဏပန်းခြံ၊ ဒဂုံတောင်ပိုင်းမြို့နယ်ရှိ ဒဂုံတောင်ပန်းခြံစသည်တို့မှာ ကြီးမားကျယ်ပြန့်ပြီး လှပသော ပန်းခြံကြီးများဖြစ်သည်။

တစ်ဖန်ပြန်လည်မွမ်းမံပြီးသော ပန်းခြံများမှာ ကြည့်မြင်တိုင်မြို့နယ်ရှိ ဆိပ်ကမ်းသာပန်းခြံ(၂)၊ ရန်ကင်းမြို့နယ်ရှိ သုခဝတီပန်းခြံ၊ ဗဟန်းမြို့နယ်ရှိ ရတနာပန်းခြံနှင့် ဗိုလ်ချုပ်ပန်းခြံ၊ ဒဂုံမြောက်ပိုင်းမြို့နယ်ရှိ ဒဂုံသီရိပန်းခြံ စသည်ဖြင့် ပန်းခြံ ၂၅ ခုမှာလည်း အပန်းဖြေသူများဖြင့် အစဉ်စည်ကားလျက်ရှိနေသည်။

ထို့အပြင် ပန်းဥယျာဉ်လုပ်သားများဖြင့် အမြဲမပြတ် ပြုပြင်ထိန်းသိမ်းလျက်ရှိနေသော ပန်းခြံတို့မှာ ကြည့်မြင်တိုင်မြို့နယ်ရှိ ဆိပ်ကမ်းသာပန်းခြံ(၁)၊ ဗဟန်းမြို့နယ်ရှိ ဆရာစံပန်းခြံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ပုဇွန်တောင်ပန်းခြံ စသည်ဖြင့် ပန်းခြံပေါင်း ၁၄ ခြံမှာ သန့်ရှင်းလှပမှုတို့ဖြင့် ပြည်သူအများအတွက် စိတ်လက်အပန်းဖြေမှုကို ပေးလျက်ရှိနေသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဝင်ကြေးကောက်ခံမှုစနစ်ကို ဖျက်သိမ်းခဲ့ပြီး မည်သူမဆို အခမဲ့ဝင်ရောက်အပန်းဖြေအနားယူခွင့်ပြုခဲ့သည်။

ဌာနမှ တာဝန်ရှိသူတစ်ဦးက “အဆင့်မြင့်ပန်းခြံကြီးတွေနဲ့ ပြန်လည်မွမ်းမံပြုပြင်တဲ့ပန်းခြံတွေမှာ ကိုယ်လက်ကြံ့ခိုင်ရေး၊ အားကစားလှုပ်ရှားမှုအတွက် အနည်းဆုံး အားကစားပစ္စည်း ၁၀ စုံစီ ထားရှိပေးထားပါတယ်။ ကလေးများအတွက် လွတ်လွတ်လပ်လပ်ပျော်ပျော်ရွှင်ရွှင် ကစားနိုင်စေဖို့အတွက် ကစားစရာပုံစံအမျိုးမျိုးကိုလည်း ဖြည့်ဆည်းပေးထားပါတယ်။ ပန်းခြံကို နံနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ပိတ်ရက်မရှိ ဖွင့်ပေးထားတဲ့အပြင် မဟာဗန္ဓုလပန်းခြံမှာ ရာသီဥတုသာယာတဲ့အချိန် စနေနေ့ ညနေတိုင်း ဝါသနာရှင်တွေရဲ့ သီဆိုမှု၊ ဖြေဖျော်မှုအစီအစဉ်ပါတယ်” ဟု ရှင်းပြပေးခဲ့သည်။

မြစ်ပြင်မှ ဖြတ်သန်းလာသော လေကို ရှူရှိုက်ရင်း အနားယူအပန်းဖြေနိုင်မည့် မြစ်ကမ်းနားနှင့်ယှဉ်ကာ တည်ဆောက်ထားသော ပန်းခြံနှစ်ခုမှာ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာပန်းခြံ(၂)နှင့် ဗိုလ်တထောင်မြို့နယ်ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာပန်းခြံတို့ဖြစ်သည်။

ကြည့်မြင်တိုင်ဆိပ်ကမ်းသာ (၂) ပန်းခြံအတွင်း လာရောက်အပန်းဖြေအနားယူနေသည့် အိုးဘိုရပ်ကွက်မှ ဦးထွန်းဇံက “အရင်က ဒီနေရာမှာ ပန်းခြံဟောင်းရှိခဲ့ဖူးတယ်။ နောက်ကုမ္ပဏီတစ်ခုက နေရာယူပြီး ကာရံထားတဲ့အတွက် ပန်းခြံက ပျောက်သွားတာ၊ ပြည်သူက တင်မြှောက်တဲ့စည်ပင်ကော်မတီဝင်တွေ တက်လာပြီးနောက် ပြန်လည်ရယူပေးခဲ့တာ ကျေးဇူးတင်ပါတယ်။ ပြည်သူတွေ အနားယူအပန်းဖြေဖို့ ဖြစ်လာတာ၊ အခုလို ပန်းခြံတွေများများ တည်ဆောက်ပေးနိုင်ရင် စိတ်လက်ပိုမိုလန်းဆန်းလာပြီး အသက်ပိုရှည်လာကြမှာပါ” ဟု ဆိုသည်။

ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာနမှ အရာရှိကြီးတစ်ဦးက “ဌာနရဲ့ရည်ရွယ်ချက်က မြို့နယ်တစ်မြို့နယ်စီမှာ ပန်းခြံတစ်ခု၊ ရပ်ကွက်တစ်ခုစီမှာ အားကစားကွင်းတစ်ခုစီ တည်ဆောက်ပေးဖို့ ရည်ရွယ်ချက်ကရှိပြီးသားပါ။ အခက်အခဲက မြေနေရာရှားပါးမှုကြောင့်ပါ။ ဒဂုံမြို့သစ်လိုနေရာမျိုးတွေမှာဆိုရင် အဆင်ပြေပါတယ်” ဟု ဆိုသည်။

ပန်းခြံများအား နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးထားသော်လည်း အချို့က ည ၁၀ နာရီအထိ ဖွင့်လှစ်ပေးရန် ဆန္ဒရှိနေကြသည်။ သို့သော် စည်းကမ်းပိုင်းဆိုင်ရာ လိုက်နာမှုများ ပိုမိုအားကောင်းလာပါက ပြည်သူများအတွက် ဖွင့်လှစ်ပေးထားသော ပန်းခြံများမှာ ပြည်သူ့ဆန္ဒနှင့်အညီ ဖြစ်လာနိုင်မည်သာဖြစ်ပေသည်။

## တစ်ပတ်အတွင်း ရန်ကုန်ကားဈေးကွက်

# အမြင့်ကားဈေးကွက်လှုပ်ရှားဖို့ တာစူနေတဲ့ ရန်ကုန်ကားဈေးကွက်

**မင်းသော်**

ကုန်လွန်ခဲ့တဲ့ တစ်ပတ်အတွင်းက ကားလောကသားတွေအတွက် ကံကောင်းတဲ့ သီတင်းပတ်လို့ ပြောရင်ရနိုင်ပါတယ်။ စည်းကမ်းတွေ မကြာခဏထုတ်ပြန်တတ်တဲ့ ရန်ကုန်မြို့ပေါ်က မော်တော်ကားတွေဟာ တည်ငြိမ်တဲ့သီတင်းပတ်ကြောင့် အမြင့်ကားတွေဆီကိုတောင် အရောင်းအဝယ်လုပ်ငန်းတွေ ခြေဦးလှည့်နေနိုင်တာ တွေ့ရပါတယ်။ တစ်ပတ်အတွင်းမှာ ထူးခြားတဲ့ ထုတ်ပြန်ချက်ဆိုလို့ မြို့တွင်းလို့ သတ်မှတ်ထားတဲ့ မြို့နယ်ခြောက်မြို့နယ်မှာ ရပ်ဆိုင်းထားတဲ့ ကားပါကင်ကြေးတွေကို ပြန်လည်ကောက်ခံမယ်ဆိုတဲ့ သတင်းတစ်ခုသာကြားမိပြီး ပုံမှန်ကြားနေကျသတင်းဟောင်းတွေဖြစ်တဲ့ မူဝါဒထုတ်ပြန်ဖို့၊ ဘယ်မောင်းကားများသာ တင်သွင်းနိုင်ဖို့နဲ့ ပါမစ်တွေ၊ လိုင်စင်တွေ သက်တမ်းတိုးခွင့်တွေ ပေးနိုင်တာနဲ့ ၂၀၁၄ မော်ဒယ်ကိုသာ နောက်အကျဆုံး အဖြစ်တင်သွင်းခွင့်ရမယ်စတဲ့ သတင်းတွေပဲ ဖြစ်ပါတယ်။

တစ်ပတ်အတွင်းမှာ စလစ်ဈေးကလည်း အမြင့်မှာ တန့်နေပြီး လာမယ့်တစ်ပတ်အတွင်းမှာလည်း လက်ရှိဈေးထက်မကျနိုင်တာကို ခန့်မှန်းလို့ရပါတယ်။ စလစ်ဈေးမကျသလို ကားဈေးတွေကလည်း တစ်ပတ်ထက်တစ်ပတ် မြင့်တက်နေတာကို သတိထားမိပါတယ်။ လူကြိုက်များတဲ့ ဟွန်ဒါဖစ်တွေ ဈေးကောင်းရနေပြီး အခြား အင်ဂျင်ပါဝါသေးတွေက ဈေးတွေကို ခပ်စွာစွာခေါ်နေကြပါတယ်။ ဒါပေမယ့် အရောင်းရှိသလို အဝယ်ကလည်း မပြတ်ဘဲ တစ်နေ့ကို ပုံမှန် ခုနစ်စီးကနေ ၁၀ စီးဝန်းကျင်ဖြစ်နေတယ်လို့ ကားလောကသတင်းတွေအရ သိရပါတယ်။

မူဝါဒအပြောင်းအလဲဖြစ်နိုင်ပေမယ့် လူတွေရဲ့လိုက်ပါပြောင်းလဲမှုကတော့ ချက်ချင်းဖြစ်မလာနိုင်ဘူးလို့ ခန့်မှန်းကြပြီး ဘယ်မောင်းကားတွေမလာမီ ညာမောင်းတွေကို ရသလောက်ဈေးမာမာနဲ့ ရောင်းချနေကြသလို ဘယ်မောင်း ကား ကိုပဲ တင်သွင်းဖို့ စောင့်ဆိုင်းနေသူ ဝယ်လက်တွေလည်း ရှိနေတာကြောင့် အများစုက လက်ထဲမှာ ကိုင်ထားတာထက်အမြင့်ဈေးရတုန်း ပြန်လည်ရောင်းချလိုသူတွေ တစ်စတစ်စများလာတာကိုလည်း မြင်တွေ့ရပါတယ်။

လက်ရှိဈေးကွက်အတွင်းမှာ ရောင်းသူဝယ်သူ မျှတစွာ အလုပ်ဖြစ်နေတဲ့ မော်တော်ကားတွေကတော့ အင်ဂျင်ပါဝါနိမ့်ကားတွေပဲဖြစ်ပြီး ဝယ်ယူသူ အားကောင်းလာတာကို လေ့လာကြည့်တဲ့အခါ အမြင့်ကားတွေကို ဦးစားပေး လာကြတာကို တွေ့ရပါတယ်။ အမြင့် ကားတွေရဲ့

## တစ်ပတ်အတွင်းအရောင်းအဝယ်ဖြစ်ခဲ့သည့် ကားအမျိုးအစားအချို့

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်း |
|---|---|---|---|---|---|
| Alphard | 2002 | မန္တလေး | 3000cc | အပြင်ဈေး | ၃၁၀ |
| Toyota Mark2 | 2004 | ရန်ကုန် | 2500cc | အပြင်ဈေး | ၁၉၃ |
| Probox | 2009 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၆၀ |
| Surf | 2006 | ရန်ကုန် | 2700cc | အပြင်ဈေး | ၆၄၅ |
| Wish | 2004 | ရန်ကုန် | 1800cc | အပြင်ဈေး | ၂၅၀ |
| Honda Fit GK3 | 2014 | မန္တလေး | 1300cc | အပြင်ဈေး | ၂၅၅ |
| Honda Insight | 2012 | ရန်ကုန် | ဟိုက်ဘရစ် | အပြင်ဈေး | ၂၇၀ |
| Honda Fit GE6 | 2012 | မန္တလေး | 1300cc | နယ်ဈေး | ၁၈၃ |
| Honda Fit shuttle | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၅၀ |
| Nissan ADvan | 2012 | မန္တလေး | 1300cc | အပြင်ဈေး | ၁၆၀ |
| Hondafit GP1 | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၅၈ |

**ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။**

ဈေးနှုန်းကတော့ အတက်အကျ မပြင်းထန်ပါဘူးလို့ ကျွမ်းကျင် သူတွေက ပြောပြပါတယ်။ သို့ပေမယ့် လူကြိုက်များတဲ့ Honda Fit လို ကားမျိုးတွေကတော့ တစ်လအတွင်းမှာ တင် ငွေကျပ် ၁၀ သိန်းကနေ ၁၈ သိန်းဝန်းကျင်အထိ မြင့်တက်လာတာပါ။ အမြင့်ကားတွေမှာ Alphard က ဦးဆောင်နေဆဲဖြစ်ပါတယ်။ သို့သော်လည်း အရောင်းသွက် တဲ့ကားကိုပြောပါ ဆိုရင်တော့ Hijet လို့ပဲ ပြောပါရစေ။



စလစ်ဈေးတွေကတော့ သက်တမ်း ၂၀ အမည်ပေါက်အတွက် ငွေကျပ်သိန်း ၁၂၀ ပေါက်ဈေးရှိပြီး တက္ကစီစလစ်ကတော့ ငွေကျပ် ၁၁၅ သိန်းဖြစ်ပါတယ်။ တိုက်ကြေစလစ်ကတော့ ငွေကျပ် ၁၀၅ သိန်းဝန်းကျင်နဲ့ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ စက်မှုဇုန် လူစီးစလစ်ကတော့ လက်ရှိမှာ ၁၁၈ သိန်းအထိ မြင့်တက်နေပါတယ်။

> **စလစ်ဈေးတွေကတော့ သက်တမ်း ၂၀ အမည်ပေါက်အတွက် ငွေကျပ်သိန်း ၁၂၀ ပေါက်ဈေးရှိပြီး တက္ကစီစလစ်ကတော့ ငွေကျပ် ၁၁၅ သိန်းဖြစ်ပါတယ်။ တိုက်ကြေစလစ်ကတော့ ငွေကျပ် ၁၀၅ သိန်း ဝန်းကျင်နဲ့ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ စက်မှုဇုန် လူစီးစလစ်ကတော့ လက်ရှိမှာ ၁၁၈ သိန်းအထိ မြင့်တက်နေ**

အောက်တိုဘာလ ပထမပတ်အတွင်း ၂၀၁၈ ခုနှစ်အတွက် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ မူဝါဒတွေကို ထုတ်ပြန်သွား ဖို့ရှိတဲ့အတွက်လည်း ကားဈေးကွက်ဟာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ အနေအထားကို ရောက်နေပါတယ်။ လက်ရှိမှာတော့ လာမယ့်နှစ် ဘယ်မောင်းသီးသန့်ဖြစ်ဖြစ်၊ ညာမောင်း အနည်းငယ် ကပ်ပါနေတာ ပဲဖြစ်ဖြစ် မျှော်မှန်းထားကြပေမယ့် သေချာတဲ့အချက်ကတော့ ယနေ့ မြန်မာနိုင်ငံရဲ့ လမ်းမတွေပေါ်က ညာမောင်းကားတွေရဲ့ဈေးကတော့ ၂၀၁၈ ထဲမှာလည်း လွယ်လွယ်နဲ့ ကျမယ်လို့ မခန့်မှန်းကြဘဲ မြင့်လာဦးမယ်လို့သာ ခန့်မှန်းကြတာပါ။ နှစ်မကုန်မီ ဒီဇင်ဘာ ၁၅ ရက်အထိ လျှောက်ထားတဲ့ ပါမစ်တွေကိုလည်း ဒီနှစ်သတ်မှတ်ချက်အတိုင်း တင်သွင်းခွင့် ရမယ်ဆိုတာကြောင့် အပြေးအလွှား တင်သွင်းသူတွေကိုလည်း မြင်တွေ့နေရဆဲပါ။

စက်တင်ဘာလကုန်နောက်ဆုံးရက်အထိ ကနဦးရောက်ရှိနေတဲ့ နံပါတ်တွေကတော့ မော်တော်ယာဉ် 9N/9413၊ အငှားယာဉ် HH/2459 နဲ့ စက်မှုဇုန်ကားတွေအနေနဲ့ 8M/8738 တို့ ဖြစ်တယ်လို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက သိရှိရပါတယ်။

---



သူရ (တောင်ဥ)

## ရုံးပိတ်ရက်တွင် ခရီးသွားမည့်သူများ ရန်ကုန်ရုံးပတ်စ်ပို့ ပြုလုပ်သူများပြား

ရန်ကုန်မြို့ စက်မှုလမ်း ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၌ ရုံးပိတ်ရက်များတွင် ခရီးသွားအပန်းဖြေသူများ နိုင်ငံကူးလက်မှတ် ပြုလုပ်နေသည်ကို အောက်တိုဘာ ၂ ရက်က အဆိုပါရုံးတွင် စည်ကားစွာတွေ့ရသည်။ သီတင်းကျွတ်လပြည့်နေ့ရုံးပိတ်ရက်အဖြစ် သုံးရက်သတ်မှတ်ထားသောလည်း ပုံမှန်ပိတ်နေကျ စနေ၊ တနင်္ဂနွေ နေ့ပေါင်းငါးရက်ဖြစ်သောကြောင့် ခရီးသွားအပန်းဖြေသူများ၊ ပြည်ပခရီးသွားမည့်သူများက နိုင်ငံကူးလက်မှတ်ကို ပြုလုပ်ကြကြောင်း သိရသည်။

နိုင်ငံကူးလက်မှတ်ပြုလုပ်သူ အမျိုးသမီးတစ်ဦးက "ကျွန်မတို့က မိသားစုလိုက် ထိုင်းကို အလည်အပတ်ခရီးထွက်မှာမို့လို့ ပတ်စ်ပို့လာလုပ်တာ၊ အဖေ့ကို ဆေးခန်းပြရင်းနဲ့ပေါ့၊ သင်္ကြန်တွင်းကျတော့ လူအလွန်များလို့ မသွားဖြစ်ဘူးလေ"ဟုပြောပြပြီး နိုင်ငံကူး လက်မှတ်ဝန်ဆောင်မှု ပြုလုပ်ပေးသူ ကိုလင်းက "ကျွန်တော်တို့လမ်းညွှန်ပေးတာက ဘယ်ကောင်တာတွေကိုသွားရတယ်၊ ငွေဘယ်လိုသွင်းရတယ်၊ အဲ့လိုပဲလမ်းညွှန်ပေးလိုက်တယ်၊ အဲ့ဒီအပေါ်မှာ သဒ္ဒါကြေးနည်းနည်းယူတာပေါ့၊ ဒီနေ့ကတော့ လူကိုယ်တိုင်တိုး မှရမှာ၊ စာအုပ်အသစ်လုပ်သူများတယ်၊ ပျောက်ဆုံးလာလျှောက်သူတွေကတော့ လူအုပ်ကြီးကြည့်ပြီး ပြန်သွားကြတယ်" ဟု ရှင်းပြသည်။ နိုင်ငံကူးလက်မှတ်ရုံးရှေ့တွင် နံနက် ၇ နာရီမှစ၍ စည်ကားလျက်ရှိကြောင်း တွေ့ရသည်။